မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

အတွဲ (၅၂) အမှတ် (၂၁၅)

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်

၂၀၁၃ ခုနှစ်၊ မေ ၈ ရက်၊ ဗုဒ္ဓဟူးနေ့။

နိုင်ငံတော်၏ အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

ယနေ့ မာတိကာ

မိုးတွင်းကာလကြုံတွေ့ရတတ်သည့် မိုးသက်လေပြင်း အန္တရာယ်ကို ရှောင်ကြဉ်ရေကြောင်းဖြင့် ခရီးသွားလာသူများ သတိပြုဆင်ခြင်နိုင် (ခေါင်းကြီး) စာ - ၂

ကိုရီးယားကျွန်းဆွယ် တင်းမာမှု ပြေလျော့ခဲ့ပြီလော စာ - ၅

ရာသီဥတုပြောင်းလဲမှုနှင့် နောက်ဆက်တွဲရလဒ်များ စာ - ၇

သွားလမ်းပြန်လမ်းဖြောင့်ဖြူးစေမည့် စစ်ကိုင်း-မြစ်ငယ် ဖြတ်လမ်းတိုးချဲ့ပြုပြင် စာ - ၁၀

ကြော်ငြာအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာ စာမျက်နှာ အချပ်ပို (က)မှ (ဃ)အထိ ပါရှိပါသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်း H.E. General Chavalit Yongchaiyudh ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဒေါက်တာပွင့်ဆန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ ကိစ္စရပ်များကို နှစ်ဦးနှစ်ဖက် ခင်မင်ရင်းနှီးစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်း H.E. General Chavalit Yongchaiyudh အား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

စနေဂြိုဟ်ပေါ်တွင် ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်နေ

သတင်းစာမျက်နှာ ➤ ၅

အပူဒဏ်အန္တရာယ်ရှောင် မြန်မာအညာဓလေ့များ

ဆောင်းပါး စာမျက်နှာ ➤ ၆

(၂၃၀)ကေဗွီ သထုံ-မော်လမြိုင် မဟာဓာတ်အားလိုင်းနှင့် (၂၃၀/၆၆/၁၁)ကေဗွီ 100 MVA ဓာတ်အားခွဲရုံဖွင့်

နေပြည်တော် မေ ၇

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (၂၃၀)ကေဗွီ သထုံ-မော်လမြိုင် မဟာဓာတ်အားလိုင်းနှင့်(၂၃၀/ ၆၆/၁၁)ကေဗွီ 100 MVA မော်လမြိုင်ပင်မဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားကို မေ ၆ ရက် နံနက် ၈ နာရီတွင် မော်လမြိုင်ပင်မဓာတ်အားခွဲရုံဝင်း၌ကျင်းပရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့် ဦးဇော်မင်း၊ ဒုတိယဝန်ကြီး ဦးအောင်သန်းဦးနှင့် ပြည်နယ်ဝန်ကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးလျက်ရှိပြီး မဟာဓာတ်အားလိုင်းကြီးများ၊ ပင်မဓာတ်အားခွဲရုံကြီးများနှင့် ဓာတ်အားဖြန့်ဖြူးရေး လိုင်းများ၊ ဖြန့်ဖြူးရေးဓာတ်အားခွဲရုံများ တည်ဆောက်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်များ၊ မြို့နယ်၊ ကျေးရွာများရှိ ပြည်သူများ လက်ဝယ်အရောက် ဖြန့်ဖြူးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအခါ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဓာတ်အားသုံးစွဲသူ တိုးတက်များပြားလာသဖြင့် ဓာတ်အားလိုအပ်ချက်အား ဖြည့်ဆည်းရန်အတွက်

စာမျက်နှာ ၈ ကော်လံ ၁ ❒

ဦးအောင်နိုင်
(ရွှေတံဆိပ်ဆုရှင်-CPA)
B.Com (Q); CPA; FLCCI (London-UK)
DA (LCCI-UK); FFA (IFA-UK)
22 June စနေနေ့စမည်။
ကျောင်းအပ်လက်ခံပြီ
LCCI
Level I,II,III
စာရင်းကိုင်သင်တန်းများ
FOR SERIES 4/2013
၂၄၄၊ ဘုတလယ်ထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဆိုးတန်း(ထက်)။ ☎: 01-377610, 09 730 99752, 09 730 66231, 09 515 1024

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မိုးဦးလေဦးနှင့် မြစ်ကူးချောင်းကူးရေယာဉ်ခရီး

မုတ်သုံမိုးဝင်လေပြီ။ မိုးဦးနှင့်အတူ လေပြင်းများကလည်းတွဲ၍ပါလာတတ်ကြသည်။ အချို့ဒေသများတွင် မိုးဦးလေပြင်းကြောင့် အိမ်အချို့ပြိုပျက်၊ ဓာတ်တိုင်နှင့် သစ်ပင်များလဲပြိုသည်အထိ ဖြစ်ရသည်။ မိုးနှင့်အတူပါလာသော လေပြင်းတို့ကို အချို့က မိုးသက်လေပြင်းဟုခေါ်ကြသည်။

မိုးသက်လေပြင်းတို့ကို ကုန်းပေါ်နေပြည်သူများသာမက ရေကြောင်းဖြင့် ခရီးသွားလာကြသူများကလည်း ဂရုပြုကြရသည်။ မိုးသက်လေပြင်းကျလျှင် ကျွမ်းကျင်ပါသည်ဆိုသော လှေ၊ သမ္ပန်၊ သင်္ဘောပဲ့ကိုင်ရှင်များသည်ပင် အထူးသတိပြုကြရသည်။ ခရီးသွားများကလည်း သွားနေကျ၊ လာနေကျဟူသော အတွေးဖြင့် မိုးလေဝသအခြေအနေကို သတိမမူဘဲ သွားလာကြလျှင် အန္တရာယ်နှင့်ကြုံတွေ့ရတတ်သည်။

မြစ်ရေပြင်၊ ချောင်းရေပြင်တို့သည် လေပြင်းကျရောက်စဉ် ရေစီးသန်တတ်သည်။ လှေ၊ သမ္ပန်၊ သင်္ဘောတို့သည် ထိုအချိန်အခါမျိုးတွင် ပဲ့ကိုအထူးသတိပြုကိုင်တွယ်ကြရသည်။ လေပြင်းနှင့်အတူ မိုးပါပါလာသောအခါ လှေ၊ သမ္ပန်တို့အပေါ်တွင် လိုက်ပါလာသောခရီးသည်အချို့သည် မိုးစိုမည်စိုးသဖြင့် ထီးဖွင့်ဆောင်းတတ်ကြသည်။ ထိုအခါ လှေပေါ်ရွက်တပ်မိသလိုဖြစ်ကာ လေတွန်းရာသို့ လှေပါ မျောပါသွားတတ်သည်။

ထပ်မံသတိပြုရန်အချက်မှာ လှေ၊ သမ္ပန်တို့အပေါ်သို့ သတ်မှတ်ခရီးသည်ထက်ပို၍ မတင်မိစေရန်နှင့် တင်ထားသော ခရီးသည်တိုင်းကို အသက်ကယ်အင်္ကျီများဝတ်ဆင်ထားစေရန် ဖြစ်သည်။ ရေကြောင်းဖြင့်ခရီးသွားလာခြင်းမှာ အသက်အန္တရာယ်အလွန်များသည်ဖြစ်ရာ မဖြစ်မနေ သွားလာရသည့်တိုင် သတိပြုဆင်ခြင်လိုက်နာရမည့် အချက်များကို လိုက်နာကြရမည်ဖြစ်သည်။

ထို့ပြင် မြစ်ချောင်းသွားသင်္ဘောများ၊ အထူးသဖြင့် နှစ်ထပ်သင်္ဘောများစီးနင်းကြသည့် ခရီးသည်များသည် လေပြင်းနှင့်အတူပါလာသည့် မိုးရေများ စိုမည်စိုး၍ မိုးပက်သည့် တစ်ဖက်ခြမ်းမှ အခြားတစ်ဖက်ခြမ်းသို့ စုပြုံပြေးကပ်တတ်ကြရာ ၎င်းမှာ သင်္ဘောကိုစောင်းစေပြီး တိမ်းမှောက်စေနိုင်သဖြင့် မိုးသက်လေပြင်းကျလျှင် သင်္ဘောစီးခရီးသည်များ မိမိနေရာတွင်ပင် ငြိမ်သက်စွာထိုင်နေသင့်ပေသည်။ အလားတူ မိုးရွာသည်ဆိုပြီး သင်္ဘောပေါ်ပါလာတတ်သည့် ဘေးကာများချခြင်းသည်လည်း လေပြင်းကသင်္ဘောကို ဖြတ်သန်းတိုက်ခိုက်ရာတွင် လေကြောင်းပိတ်နိုင်သဖြင့် မိုးသက်လေပြင်းကျလျှင် ဘေးကာများမချမိစေရန် သတိပြုကြရမည်ဖြစ်ပေသည်။ အကယ်၍ အန္တရာယ်နှင့်ကြုံတွေ့လာပါကလည်း အလွယ်တကူ ရင်ဆိုင်ကျော်လွှားနိုင်ရန် အသက်ကယ်ဖောများကို ရေယာဉ်တိုင်းတွင် တပ်ဆင်ထားရန်လိုပေသည်။

၎င်းတို့ထက်ပို၍ အရေးကြီးသည်မှာ မြစ်၊ ချောင်းများကို အားကိုးအားထားပြုသောခရီးသွားကြသူ ပြည်သူများအတွက် တာဝန်ရှိသူများက ဆိပ်ကမ်းတွင်လည်းကောင်း၊ လှေ၊ သမ္ပန်၊ သင်္ဘောများပေါ်တွင်လည်း မိုးတွင်းကာလ ရေကြောင်းသွားလာရေးဆိုင်ရာ ဗဟုသုတများ၊ သတိပြုဆင်ခြင်စရာများကို အခါမလပ် ပြောကြားသတိပေးနေရန် လိုအပ်လှပေသည်။

သို့မှသာ မိုးတွင်းကာလ ကြုံတွေ့ရတတ်သည့် မိုးသက်လေပြင်းအန္တရာယ်ကို ရေကြောင်းဖြင့် ခရီးသွားလာသူများ သတိပြုဆင်ခြင်နိုင်ပြီး မြစ်ကူးချောင်းကူးရေယာဉ်ခရီးဖြင့် လွယ်ကူချောမွေ့စွာ ဖြတ်သန်းသွားလာနိုင်ကြမည် ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဆန်စပါးစိုက်ပျိုးရေးနှင့် ကိုင်တွယ်ထိန်းသိမ်းသိုလှောင်မှု နည်းပညာသင်တန်းဖွင့်

နေပြည်တော် မေ ၇

တောင်သူဦးကြီးများအနေဖြင့် ဆန်စပါးရိတ်သိမ်းပြီးနောက်ပိုင်း ကိုင်တွယ်ထိန်းသိမ်းမှုနှင့် သိုလှောင်မှုဆိုင်ရာ ကျင့်စဉ်ကောင်းများအား လိုက်နာဆောင်ရွက်ခြင်းဖြင့် ရိတ်သိမ်းချိန်လွန်လေလွင့်ဆုံးရှုံးမှုများကို လျော့ပါးစေရန်၊ အရည်အသွေးမြင့် တန်းမြင့်ဆန်ဖြူများ ကြိတ်ခွဲနိုင်ရေး အထောက်အကူဖြစ်စေရန် ပြည်ပဈေးကွက်တွင် ဈေးကောင်းရရှိနိုင်ရေးနှင့် တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်မြင့်မားစေရေးအတွက်ရည်ရွယ်၍ ဤသင်တန်းကို ထပ်မံဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ဆန်စပါးကဏ္ဍသည် ကြီးမားကျယ်ပြန့်၍ အဓိကကျသော လုပ်ငန်းဖြစ်ရာ ဆန်စပါးလုပ်ငန်းတွင် ဆန်ကြိတ်ခွဲရေးသည် အရေးကြီးသည့်အလျောက် ဆန်စက်များ ဖွံ့ဖြိုးတိုးတက်လာစေရန်လည်းလိုအပ်ကြောင်း၊ ယနေ့ခေတ်စားသုံးမှုပုံစံများ ပြောင်းလဲတိုးတက်လာသည်နှင့်အတူ ကမ္ဘာ့အဆင့်အတန်းဝင်ဆန်များ ကြိတ်ခွဲနိုင်ရေးအတွက် ခေတ်မီဆန်စက်များ တည်ဆောက်ရေးသည် အရေးကြီးသော အခန်းကဏ္ဍအဖြစ် ပါဝင်လာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သည့်ဥပဒေ၊ တောင်သူလယ်သမားများအား ပံ့ပိုးကူညီရေးဥပဒေကို ရေးဆွဲလျက်ရှိပြီး မကြာမီ ပြဋ္ဌာန်းသွားမည်ဖြစ်ပါကြောင်း၊ ဤဥပဒေ၏ရည်ရွယ်ချက်ကလည်း တောင်သူလယ်သမားများအား သင့်တင့်သော ချေးငွေနှင့်ထောက်ပံ့ငွေများ ထုတ်ပေးရန်၊ ခေတ်မီသောစက်မှုလယ်ယာစနစ်နှင့် မွေးမြူရေးစနစ်များသို့ ကူးပြောင်းနိုင်ရန် နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်းနှင့် သွင်းအားစုတို့ကို အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ရန်၊ တောင်သူလယ်သမားများ၏ ထုတ်ကုန်ပစ္စည်းများရောင်းချရာတွင် ဈေးကွက်ရရှိရေးနှင့် သင့်တင့်မျှတသည့် ဈေးနှုန်းရရှိရေးတို့အတွက် ကူညီဆောင်ရွက်ရန်တို့ ဖြစ်ပါကြောင်း၊ ဤသင်တန်းတက်ရောက်ခွင့် ရရှိသူများအနေနှင့် လယ်ယာထွက်ကုန်သီးနှံများ၊ ဈေးကွက်တိုးမြှင့်ကုန်သွယ်နိုင်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် မျိုးကောင်းမျိုးသန့်များရရှိအသုံးပြုရေး၊ ၎င်းမျိုးများအတွက် ကျင့်သုံးရမည့် နည်းစနစ်များအတိုင်း စနစ်တကျပြုစုရေး၊ အသုံးပြုရမည့် သွင်းအားစုများ စနစ်တကျ အသုံးပြုရေး၊ ရိတ်သိမ်းရမည့်ကာလအတွင်း လေလွင့်ဆုံးရှုံးမှုအနည်းဆုံးဖြင့် ရိတ်သိမ်းရေး၊ အရည်အသွေးမပျက်စေရေးအတွက် စနစ်တကျသိုလှောင်ရေး၊ အရည်အသွေးမြင့်စက်များဖြင့် ကြိတ်ခွဲထုတ်လုပ်၊ ထုပ်ပိုးရေးတို့ကို ဆောင်ရွက်သွားနိုင်ပါက ရရှိပြီးဈေးကွက်နှင့် ဈေးနှုန်းတည်မြဲရေးကို များစွာအထောက်အကူပြုမည်ဖြစ်သည့်အတွက် စနစ်တကျ လေ့လာသင်ယူသွားကြရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က မေ ၄ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ရိတ်သိမ်းချိန်လွန်နည်းပညာအသုံးချဌာန၌ ကျင်းပသော တောင်သူအထောက်အကူပြု ဆန်စပါးစိုက်ပျိုးရေးနှင့် ကိုင်တွယ်ထိန်းသိမ်းသိုလှောင်မှု နည်းပညာသင်တန်း (၂/၂၀၁၃)ဖွင့်ပွဲတွင် ပြောကြားသည်။



ယင်းနောက် WFP မှ Mr. Nicolas က သတင်းအချက်အလက်များရယူနိုင်ရန် Tablet ၁၄ လုံးကိုလည်းကောင်း၊ Mitsui ကုမ္ပဏီနှင့် မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက်(MAP-CO) တို့က ငွေကျပ် ၂၅ သိန်းကိုလည်းကောင်း ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်လှူဒါန်းသည်။

သင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တောင်သူ ၄၉ ဦး တက်ရောက်ပြီး သင်တန်းမှာ မေ ၄ ရက်မှ ၉ ရက်အထိဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာတိုက်ဘေးက စွန့်ပစ်အမှိုက်ထုပ်များ ဖယ်ရှားပေးစေချင်

ထင်သာမြင်သာ ပြုပြင်စရာ

သိမ်ဖြူစာတိုက်သည် သိမ်ဖြူလမ်းမကြီးနှင့် မြန်မာ့ဂုဏ်ရည်လမ်း အနောက်ဘက်ထောင့်တွင် တည်ရှိပြီး အဆိုပါလမ်းမကြီးများမှာ ကွန်ကရစ်လမ်းအသစ်များ ခင်းကျင်းထားခြင်းကြောင့် အမြင်တင့်တယ်လှပေသည်။ သို့သော် စာတိုက်ဘေး အုတ်တံတိုင်းနှင့်ကပ်လျက် မြန်မာ့ဂုဏ်ရည်လမ်း ရေမြောင်း ပလက်ဖောင်းပေါ်တွင် စွန့်ပစ်အမှိုက်ခြောက်ပေါင်းစုံကို မြွေရေခွံအိတ်ကြီးအိတ်ငယ်များနှင့် စုပုံထားရှိမှုမှာ မြို့လယ်ကောင် အမြင်တင့်တယ်မှုကို ပျက်စီးစေပြီး အကျည်းတန်အရုပ်ဆိုးစေပါသည်။ အသုံးမလိုစွန့်ပစ်သောပစ္စည်းများထဲမှတစ်ဆင့် ပြန်လည်ရောင်းချ၍ရမည့် စက္ကူကတ်ပြား၊ ပုလင်းခွံ၊ ဘီယာဘူးခွံ၊ ရေသန့်ဘူးခွံနှင့် အခြားပစ္စည်းမျိုးစုံတို့ကို ရွေးချယ်ကောက်ယူပြီး စုပုံထားရှိခြင်းဖြစ်ပါသည်။ လမ်းဘေးဈေးသည်များကလည်း ဈေးရောင်းပိတ်သိမ်းချိန်တွင် မိမိတို့ ဈေးရောင်းပစ္စည်းများအားလုံး သိမ်းဆည်းယူငင်သွားရမည့် အစားအမိုးအကာထီးများ၊ စားပွဲထိုင်ခုံများနှင့် သစ်သီးခြင်းများပါမကျန် စွန့်ပစ်ပစ္စည်းအထုပ်များနှင့်အတူ ရောထွေးထားခဲ့ကြသည်ကို တွေ့မြင်နေရသည်။ သစ်သီးဈေးရောင်းသူများကလည်း ဆိုင်သိမ်းခြင်းမပြုလုပ်တော့ဘဲ မိုးကာဖြင့်အုပ်ကာ ညဘက်စောင့်အိပ်ကြသည်။ ဆိုက်ကားနင်းသူများကလည်း ညဘက်ဆိုက်ကားနှင့်အတူ လာအိပ်ကြသည်ဟု ပတ်ဝန်းကျင်နေသူများက ဆိုသည်။

လုံခြုံရေးအရသော်လည်းကောင်း၊ မတော်တဆ ပေါ့ဆမီးကြောင့်သော်လည်းကောင်း၊ လုံခြုံရေးနှင့် မီးဘေးအန္တရာယ်တို့အတွက် စိုးရိမ်ဖွယ်ရာဖြစ်သည့်အပြင် မြို့လယ်ကောင် အမြင်မတင့်တယ်မှုများကို ပြည်သူအများက ထောက်ပြပြောဆိုနေကြပါကြောင်း ထင်သာမြင်သာပြုပြင်ဖွယ်ရာအဖြစ် တင်ပြအပ်ပါသည်။

(မောင်ကျောက်တံတား)

(၄၆)ကြိမ်မြောက် အာရှဖွံ့ဖြိုးရေးဘဏ်နှစ်ပတ်လည်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် မေ ၇

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ မေ ၂ ရက်မှ ၅ ရက်အထိကျင်းပသော (၄၆)ကြိမ်မြောက် အာရှဖွံ့ဖြိုးရေးဘဏ် နှစ်ပတ်လည်အစည်းအဝေးနှင့် ဆက်စပ်ကျင်းပသော အစည်းအဝေးများ၊ စာတမ်းဖတ်ပွဲနှင့် ဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့ကြသည်။ (အောက်ပုံ)

မေ ၄ ရက်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ India Expo Centre and Mart (IECM) အစည်းအဝေးခန်းမ၌ကျင်းပသည့် (၄၆)ကြိမ်မြောက် အာရှဖွံ့ဖြိုးရေးဘဏ် နှစ်ပတ်လည် အစည်းအဝေးဖွင့်ပွဲတွင် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့် အာရှဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌအသစ် မစ္စတာ တာကေးဟီကို နာကာအိုတို့က အဖွင့်အမှာစကား ပြောကြားခဲ့ကြသည်။ မစ္စတာ နာကာအို၏ အဖွင့်မိန့်ခွန်း၌ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကြိုးပမ်းမှုများတွင် အာရှဖွံ့ဖြိုးရေးဘဏ်က ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

အစည်းအဝေးကို ဆက်လက်ကျင်းပရာ အာရှဖွံ့ဖြိုးရေးဘဏ် အမှုဆောင်ဒါရိုက်တာဘုတ်အဖွဲ့၏ ၂၀၁၂ ခုနှစ်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် လုပ်ငန်းဆောင်ရွက်မှုနှင့် ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာ၊ ၂၀၁၃ ခုနှစ်အတွက် ဘတ်ဂျက်နှင့် လုပ်ငန်းစဉ်တို့နှင့် ပတ်သက်၍ အာရှဖွံ့ဖြိုးရေးဘဏ်အဖွဲ့ဝင်နိုင်ငံများ၏ ဂါဗနာများက အတည်ပြုခဲ့ကြသည်။ အစည်းအဝေးတွင် အာရှဖွံ့ဖြိုးရေးဘဏ်၏ ဂါဗနာများက မိန့်ခွန်းများ ပြောကြားခဲ့ကြပြီး ယူရိုဇုန်အကျပ်အတည်းနှင့် လက်ရှိကမ္ဘာ့စီးပွားရေးပြဿနာများ၏ အာရှဒေသအပေါ် ဂယက်ရိုက်ခတ်မှုများနှင့် အာရှဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့ကြကာ မေ ၅ ရက် ညနေပိုင်းတွင် အစည်းအဝေး ပြီးဆုံးသည်။ အစည်းအဝေးသို့ အာရှဖွံ့ဖြိုးရေးဘဏ် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်နှင့် အရပ်ဘက်အဖွဲ့အစည်းများ၊ စာနယ်ဇင်း ပုဂ္ဂိုလ်များ၊ သံတမန်များနှင့် လေ့လာသူများ စုစုပေါင်း ၄၀၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းတို့သည် မေ ၃ ရက်၌ ကျင်းပသော (၁၆)ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဥက္ကဋ္ဌများ အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည်။ ယင်းအစည်းအဝေးတွင် ပူးတွဲသဘာပတိများအဖြစ် ဘရူနိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့က ဆောင်ရွက်ခဲ့ကြပြီး အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံ (ဂျပန်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကိုရီးယားနိုင်ငံ)တို့မှ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများသည် အာဆီယံ+၃ ဒေသစီးပွားရေးအလားအလာနှင့် မူဝါဒရေးရာကိစ္စရပ်များ၊ ကမ္ဘာ့စီးပွားရေးနှင့်ဒေသတွင်း စီးပွားရေးဖြစ်ပေါ်မှုအခြေအနေများ၊ စိန်ခေါ်မှုများ၊ စိန်ခေါ်မှုများအပေါ် တုံ့ပြန်ဆောင်ရွက်ရန် မူဝါဒနည်းလမ်းများ၊ ဒေသတွင်း စီးပွားရေးနှင့် ငွေရေးကြေးရေး ပေါင်းစည်းရေးဆိုင်ရာ လုပ်ငန်းများဖြစ်ကြသည့် အာဆီယံ + ၃ မက်ခရိုစီးပွားရေး သုတေသနရုံးအား နိုင်ငံတကာအဖွဲ့အစည်းတစ်ရပ်အဖြစ် ဖွဲ့စည်းခြင်း၊ ဇင်းမယ်အစီအစဉ်တွင် နိုင်ငံစုံပါဝင်ရေး၊ ချေးငွေအာမခံနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်၊ အာဆီယံ+၃ ငွေချေးစာချုပ်ဈေးကွက်များ ပေါင်းစည်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း၊ သုတေသနအဖွဲ့လုပ်ငန်းများ၏ တိုးတက်မှုအခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များတို့အပေါ် ဆွေးနွေးခဲ့ကြသည်။ ၎င်းနေ့အစည်းအဝေးအပြီးတွင် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက ပူးတွဲသတင်းထုတ်ပြန်ချက်တစ်ရပ်ကို သတင်းစာရှင်းလင်းပွဲ ကျင်းပပြီး ထုတ်ပြန်ခဲ့သည်။

ညနေ ၆ နာရီမှ ၇ နာရီအထိ အာဆီယံ-ဂျပန် ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ၏ အလွတ်သဘောအစည်းအဝေးကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အာဆီယံ-ဂျပန် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် ၂၀၁၄ ခုနှစ်တွင် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေး၌ မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ ပူးတွဲသဘာပတိအဖြစ် ပူးပေါင်းဆောင်ရွက်ရေးအပါအဝင် စီးပွားရေးနှင့် ငွေရေးကြေးရေး ပေါင်းစည်းမှုကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ထို့အပြင် မေ ၄ ရက် ညနေ ၅ နာရီတွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ IECM အစည်းအဝေးခန်းမ၌ "မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲမှုများ၏ တိုးတက်မှု"နှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲကို ကျင်းပရာ ယင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ဒေါက်တာကံဇော်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ အာရှဖွံ့ဖြိုးရေးဘဏ်၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ မစ္စတာစတီဗင်ကရော့ဖ်နှင့် IMF ၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသရုံး ဒါရိုက်တာ မစ္စတာအန္ဒတ်ဆင်းတို့က သဘာပတိအဖွဲ့ဝင်များအဖြစ် လည်းကောင်း၊ Financial Times-South Asia Bureau Chief မစ္စတာဗစ်တာ မောလက်က moderator အဖြစ် လည်းကောင်း ဆောင်ရွက်ကြပြီး မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြက ၂၀၁၁ ခုနှစ်တွင် စတင်ခဲ့သည့် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ ထိုပြုပြင်ပြောင်းလဲမှုများ၏ တိုးတက်ဆောင်ရွက်နေသည့် အခြေအနေများနှင့် ရလဒ်များ၊ စိန်ခေါ်မှုများနှင့် ရှေ့လုပ်ငန်းစဉ်တို့ကို တင်ပြဆွေးနွေးခဲ့ပြီး တက်ရောက်သူများ၏ မေးမြန်းချက်များအား ပြည်ထောင်စုဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌတို့က ပြန်လည်ရှင်းလင်းဖြေကြား ဆွေးနွေးခဲ့ကြသည်။ အဆိုပါ ဆွေးနွေးပွဲသို့ နိုင်ငံတကာ စီးပွားရေးနယ်ပယ်မှ ပညာရှင်များ၊ လုပ်ငန်းရှင်များနှင့် လေ့လာသူများ စုစုပေါင်း ၁၆၀ ခန့် ပါဝင်တက်ရောက်ခဲ့သည်။

တက်ရောက်

မေ ၅ ရက်တွင် IECM အစည်းအဝေးခန်းမ၌ Asian Development Bank Institute နှင့် မြန်မာနိုင်ငံတို့ ပူးပေါင်းပြီး Connecting South Asia and Southeast Asia ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့ရာ ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် သဘာပတိအဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။ ယင်းဆွေးနွေးပွဲ၌ တောင်အာရှနှင့် အရှေ့တောင်အာရှ ဒေသခွဲနှစ်ခုတို့အကြား လွတ်လပ်သော ကုန်သွယ်မှုဒေသတိုးချဲ့ရေးနှင့် မူဝါဒများ ချမှတ်ဆောင်ရွက်ရန်နှင့် ယင်းသို့ဆောင်ရွက်ရာတွင် ထိုဒေသခွဲနှစ်ခုအကြား၌ မဟာဗျူဟာမြောက် တည်ရှိသော မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ စီးပွားဆက်သွယ်မှု၌ အရေးပါသော ပေါင်းကူးဆက်သွယ်မှုကို တိုးမြှင့်ပေးနိုင်သည့် အလားအလာရှိမှုအပေါ် အခြေခံ၍ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ပိုမိုရင်းနှီးပြီး လွတ်လပ်ပွင့်လင်းမှုရှိသော ဆက်ဆံမှုများ တိုးမြှင့်လာခြင်းဖြင့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များအား ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မှု များစွာအရေးကြီးကြောင်းကို အလေးထားဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်မှစ၍ နိုင်ငံရေး၊ စီးပွားရေး၊ စီမံအုပ်ချုပ်ရေး၊ လူမှုရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပြုပြင်ဆောင်ရွက်နေမှုများ၊ တိုးတက်မှုအခြေအနေများ၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်နှင့် နည်းဥပဒေများ ပြဋ္ဌာန်းခြင်း၊ ငွေရေးကြေးရေးကဏ္ဍတွင် ပြုပြင်ပြောင်းလဲမှုဆောင်ရွက်နေမှု၊ အထူးစီးပွားရေးဇုန်များ တည်ထောင်ခြင်း၊ နိုင်ငံတော်တွင် အမျိုးသားဘက်စုံစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေး ငါးနှစ်စီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအစီအစဉ်များ အကောင်အထည်ဖော်နေမှု၊ မြန်မာနိုင်ငံအတွင်းရှိ အာရှအဝေးပြေးလမ်းမကြီးများ အဆင့်မြှင့်တင်ရေး ဆောင်ရွက်ရာတွင် ငွေကြေးနှင့် နည်းပညာအကူအညီများလိုအပ်မှု စသည်တို့ကို ဆွေးနွေးခဲ့သည်။ ယင်းဆွေးနွေးပွဲသို့ နိုင်ငံတကာစီးပွားရေးနှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိကစီးပွားရေးကဏ္ဍမှ ပုဂ္ဂိုလ်များ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

ဆွေးနွေး

(၄၆)ကြိမ်မြောက် အာရှဖွံ့ဖြိုးရေးဘဏ် နှစ်ပတ်လည်အစည်းအဝေးများကာလအတွင်း ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာနာကာအို၊ ဒုတိယဥက္ကဋ္ဌ မစ္စတာ သီယာရီဒီလောင်ဂမာနှင့် ညွှန်ကြားရေးမှူးချုပ် မစ္စတာ ဆင်ဂါ၊ အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မစ္စမာရီဆာလာဂို၊ ဩစတြေးလျနိုင်ငံ ပါလီမန်အဖွဲ့ဝင် မစ္စတာ ဘာနေးရီပိုး၊ OPEC Fund၊ JICA၊ Mizuho Corporate Bank စသည့် အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များအား သီးခြားစီတွေ့ဆုံခဲ့ပြီး ယင်းအဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံစီးပွားရေး၊ ငွေရေးကြေးရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန
ဝန်ကြီးရုံး

အမိန့်ကြော်ငြာစာ
အမှတ်၊ ၇၃၅/၂၀၁၃
နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်
(၂၀၁၃ ခုနှစ်၊ မေလ ၇ ရက်)

၁။ ပြည်ထောင်စုအစိုးရ၏ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ၂၀၁၃ ခုနှစ်၊ မေလ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၁၃)မှ သဘောတူခွင့်ပြုချက်အရ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်၏ လယ်ယာကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေရန်အတွက် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် လယ်ယာသုံး စက်ကိရိယာများ၊ လယ်ယာသုံးစက်ပစ္စည်းများတို့ကို ပြည်ပမှ တင်သွင်းခြင်းနှင့် ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်း၊ ဓာတ်မြေဩဇာနှင့် လယ်ယာသုံး စက်ကိရိယာများ၊ လယ်ယာသုံးစက်ပစ္စည်းများ ပြည်တွင်းထုတ်လုပ်ရောင်းချမှုတို့အပေါ် ကျသင့်မည့်ကုန်သွယ်လုပ်ငန်းခွန်ကို ကင်းလွတ်ခွင့်ပြုလိုက်သည်။

၃။ ဤအမိန့်ကြော်ငြာစာသည် ၁-၄-၂၀၁၃ ရက်နေ့မှ ၃၁-၃-၂၀၁၄ ရက်နေ့အထိ အကျိုးသက်ရောက်စေရမည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန
လူမှုဖူလုံရေးအဖွဲ့၊ အငယ်တန်းစာရေးရာထူးနေရာများခန့်ထားရန်
ရေးဖြေစာမေးပွဲဖြေဆိုရမည့် နေ့ရက်နှင့် စာစစ်ဌာနများ
အတည်ပြုသတ်မှတ်ကြေညာခြင်း

၁။ (၁၂-၄-၂၀၁၃) ရက်နှင့် (၁၄-၄-၂၀၁၃) ရက်နေ့ထုတ် ကြေးမုံသတင်းစာများတွင် ကြေညာခဲ့သည့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၌ အငယ်တန်းစာရေးရာထူးနေရာများခန့်ထားရန် ရေးဖြေစာမေးပွဲကို (၁၁-၅-၂၀၁၃) ရက်နှင့် (၁၂-၅-၂၀၁၃) ရက်နေ့တို့တွင် နေပြည်တော် သို့မဟုတ် ရန်ကုန် သို့မဟုတ် မန္တလေးမြို့များတွင် ကျင်းပပြုလုပ်မည်ဟု သတ်မှတ်ကြေညာခဲ့ပါသည်။

၂။ သို့ဖြစ်၍ စာစစ်ဌာနများကို အောက်ပါအတိုင်း သတ်မှတ်ပါသည်-

(က) နေပြည်တော်စာစစ်ဌာန(နေပြည်တော်ကောင်စီနယ်မြေ၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်တို့မှ အမြဲတမ်းနေရပ်လိပ်စာဖြင့် လျှောက်ထားသူများ)

(ခ) ရန်ကုန်စာစစ်ဌာန (ရန်ကုန်၊ ဧရာဝတီ၊ ပဲခူး၊ တနင်္သာရီတိုင်းဒေသကြီးများ၊ ရခိုင်၊ မွန်၊ ကရင်ပြည်နယ်များမှ အမြဲတမ်းနေရပ်လိပ်စာဖြင့် လျှောက်ထားသူများ)

(ဂ) မန္တလေးစာစစ်ဌာန (မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်း၊ ရှမ်း၊ ကချင်ပြည်နယ်များမှ အမြဲတမ်းနေရပ်လိပ်စာဖြင့် လျှောက်ထားသူများ)

၃။ စာမေးပွဲဖြေဆိုခွင့် လျှောက်ထားပြီးသူများသည် ၉-၅-၂၀၁၃ ရက်နေ့နှင့် (၁၀-၅-၂၀၁၃) ရက်နေ့တို့တွင်လည်းကောင်း၊ သတ်မှတ်စာစစ်ဌာနတွင် ဖြေဆိုရန်အခက်အခဲရှိသူများအနေဖြင့် မိမိဖြေဆိုလိုသည့် စာစစ်ဌာနကို ပြောင်းလဲပြင်ဆင်ဖြေဆိုခွင့်ပြုရန် ၈-၅-၂၀၁၃ ရက်နေ့မှစ၍ ၁၀-၅-၂၀၁၃ ရက်နေ့ နံနက် ၁၁ နာရီအထိလည်းကောင်း ရုံးချိန်အတွင်း၌ အောက်ပါနေရာများသို့ လူကိုယ်တိုင် ဆက်သွယ်သတင်းပေးပို့ပြီး ဖြေဆိုခွင့်ကတ်ပြားနှင့် ခုံအမှတ်များကို ထုတ်ယူသွားရန်ဖြစ်ပါသည်-

(က) **နေပြည်တော်**။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၅၁)၊ ဖုန်း-၀၆၇-၄၃၀၀၉၈၊ ၀၆၇-၄၃၀၁၀၀၊ ၀၆၇-၄၃၀၁၀၁၊

(ခ) **ရန်ကုန်**။ လူမှုဖူလုံရေးအဖွဲ့၊ တိုင်းဒေသကြီးရုံး၊ အမှတ်(၃၂၇/၃၆၇)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ အထက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၃၈၁၂၁၆၊ ၀၁-၂၅၆၂၃၅။

(ဂ) **မန္တလေး**။ လူမှုဖူလုံရေးအဖွဲ့၊ တိုင်းဒေသကြီးရုံး၊ အမှတ်(၃၂၂)၊ ကမ်းနားလမ်း၊ ဒေးဝန်းအနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ ဖုန်း-၀၂-၃၉၀၇၄၊ ၀၂-၃၈၇၂၉။

၄။ စာမေးပွဲအား ၁၃-၅-၂၀၁၃ ရက် (တနင်္လာနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လူမှုဖူလုံရေးအဖွဲ့
အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန

ပိဋကသုံးပုံ ပါဠိတော် မြန်မာပြန်စာမေးပွဲကျင်းပမည်

ရန်ကုန် မေ ၇

ရန်ကုန်မြို့ ဓမ္မစေတမန်အဖွဲ့က ကြီးမှူးကျင်းပသော ၂၀၁၃ ခုနှစ် ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲကို ၁၃၇၅ ခုနှစ် နယုန်လဆန်း ၁၀ ရက်မှ နယုန်လဆန်း ၁၄ ရက် (ဇွန် ၁၈ ရက်မှ ဇွန် ၂၂ ရက်)အထိ ငါးရက်တိုင်တိုင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းစိန်ရတနာ ဓမ္မာစရိယစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။

စာမေးပွဲကျင်းပစဉ်အတွင်း သတ်မှတ်ထားသော အုပ်စုအသီးသီးတွင် ပါဝင်သော ပြဋ္ဌာန်းချက်ကျမ်းစဉ်များအလိုက် နေ့စဉ်မွန်းလွဲ ၁နာရီမှ ညနေ ၅ နာရီအထိ ဖြေဆိုခွင့်ပြုမည်ဖြစ်သည်။ ဖြေဆိုခွင့်လက်မှတ်များကို ရှိုင်းဟုပ်ကုမ္ပဏီ ပရဟိတ(ဓမ္မဗိမာန်) ရုံးခန်း၌ လာရောက်ထုတ်ယူနိုင်သည်။

အသေးစိတ်သိလိုပါက ဖုန်း ၀၁- ၅၃၈၂၆၆ (ဓမ္မဗိမာန်)၊ ၀၉-၄၉၂၂၀၇၂၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြသည်။ **(သတင်းစဉ်)**

◆ *ကျောဖုံးမှ*

တောင်ကျရေများ စီးဆင်းလာသည့်အခါ ချောင်း၏လက်ဝဲလက်ယာဘက်များရှိ ကျေးရွာများနှင့် စိုက်ပျိုးပြီး လယ်ယာမြေများသို့ ရေများ၊ သဲနုန်းများဝင်ရောက်၍ ဒေသခံတောင်သူလယ်သမားများ၏ စီးပွားရေး၊ လူမှုရေးထိခိုက်နစ်နာမှု ကြုံကြိုက်နေရခြင်းကြောင့် ထိပ်ဝအကျယ် ပေ ၅၀၊ အောက်ခြေအကျယ်ပေ ၄၀၊ အနက်လေးပေ၊ အလျား ပေ ၃၂၀၀၀ ရှိ အိုင်တုံချောင်း တူးဖော်ခြင်းလုပ်ငန်းပိုင်းအား တူးဖော်ဆောင်ရွက်ပေးခဲ့ပြီးဖြစ် သည်။

ယခုကဲ့သို့ မိုးကြိုကာလတွင် ချောင်းမြောင်းများ ပြန်လည်တူးဖော်ခြင်းဖြင့် လယ်ယာမြေ ရေကြီးရေလျှံမှု မကြီးမားစေရန်၊စိုက်ပျိုးလယ်ယာမြေများအဆင်ပြေမှုရှိစေရန်နှင့် လူနေအိမ်များ ရေကြီးနစ်မြုပ်ခြင်းတို့ကို ရေကြီးနစ်မြုပ်မှု မဖြစ်ပေါ်စေရေးတို့အတွက် အကျိုးကျေးဇူးများစွာ ရရှိစေမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

စာပေမြင့်မှ လူမျိုးတင့်မည်

နိုင်ငံတကာသတင်း

ကျူးဘားဆရာဝန် ၆၀၀၀ ဘရာဇီးသို့ စေလွှတ်မည်

ဘရာဇီးလီးယား မေ ၇

ဘရာဇီးနိုင်ငံတွင် အလုပ်လုပ်ကိုင်နိုင်ရန် ကျူးဘားနိုင်ငံမှ ဆရာဝန် ၆၀၀၀ခန့်ကို စေလွှတ်ရေးအတွက် ဘရာဇီးနိုင်ငံခြားရေးဝန်ကြီး အန်တိုနီယိုပက်ထရိုတာနှင့် ကျူးဘားနိုင်ငံခြားရေးဝန်ကြီး ဘရူဒိုရိုဒရီကွက်စ်တို့ မေ ၆ ရက်က ဘရာဆီးလီးယားမြို့၌ တွေ့ဆုံကာ သဘောတူညီခဲ့ကြကြောင်း မေ ၇ ရက်၌ သတင်းထုတ်ပြန်သည်။

ယင်းမှာ ဘရာဇီးသမ္မတ ဒီလ်မာဂူဆာ့ဖ်အနေဖြင့် ၂၀၁၂ခုနှစ် ဇန်နဝါရီလက ကျူးဘားနိုင်ငံ ဟာဗာနာမြို့သို့ အလည်အပတ်ခရီးရောက်စဉ် ကျူးဘားမှ ဆရာဝန်များ စေလွှတ်ရေးအတွက် အဆိုပြုခဲ့ခြင်းဖြစ်သည်။

ဘရာဇီးနိုင်ငံတွင် ကျန်းမာရေးကဏ္ဍ၌ ဆရာဝန်များလိုအပ်နေမှုကြောင့် အရေအတွက်များပြားသော ဆရာဝန်များကို ခေါ်ယူရေးအတွက် ပြင်ဆင်စီစဉ်ခဲ့ရခြင်းဖြစ်ကြောင်း ဘရာဇီးနိုင်ငံခြားရေးဝန်ကြီး ပက်ထရိုတာက ပြောကြားသည်။ ကျူးဘားဆရာဝန်များကို အလုပ်လုပ်ကိုင်ခွင့်ပါမစ်များ ထုတ်ပေးရေးကိုလည်း ဆောင်ရွက်ရမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကျူးဘားဆရာဝန်များကို ဘရာဇီးသို့ ခေါ်ယူခြင်းမှာ ဗဟိုအမေရိက ကျန်းမာရေးအဖွဲ့၏ ထောက်ပံ့ကူညီမှုအစီအစဉ်တစ်ရပ်လည်း ဖြစ်သည်။ တစ်ဖန် ဘရာဇီးနှင့်ကျူးဘား နှစ်နိုင်ငံတို့၏ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုခရီးသွားလုပ်ငန်းအပြင် နယ်ပယ်စုံ၌ ပူးပေါင်းဆောင်ရွက်မှုအပေါ် အကောင်အထည်ဖော်ခြင်းလည်းဖြစ်သည်။ **(ဆင်ဟွာ)**

အီတလီဝန်ကြီးချုပ်ဟောင်း ဂီလီအင်န်ဒရီရော့တီ ကွယ်လွန်

ရောမ မေ ၇

စစ်ပြီးကာလက အီတလီနိုင်ငံတွင် အထင်ရှားဆုံးနိုင်ငံရေးပုဂ္ဂိုလ်များ အနက်မှ တစ်ဦးဖြစ်သည့် ဝန်ကြီးချုပ်ဟောင်း အင်န်ဒရီရော့တီသည် အသက် ၉၄ နှစ်အရွယ်၌ ကွယ်လွန်သွားခဲ့ကြောင်း မေ ၆ ရက်က ဘီဘီစီသတင်း တစ်ရပ်တွင် ဖော်ပြသည်။

မစ္စတာ အင်န်ဒရီရော့တီ **(အပေါ်ပုံ)**သည် ၁၉၇၂ ခုနှစ်နှင့် ၁၉၉၂ ခုနှစ် အကြားတွင် အီတလီဝန်ကြီးချုပ်အဖြစ် ခုနစ်ကြိမ်ဖြစ်ခဲ့သည်။ ၎င်းသည် အီတလီနိုင်ငံရေးလောကကို ဆယ်စုနှစ်များစွာလွှမ်းမိုးချုပ်ကိုင်ထားသော ခရစ္စတန်ဒီမိုကရက်တစ်ပါတီကို ဦးဆောင်ဦးရွက်ပြုခဲ့သည်။

၎င်းသည် မာဖီယားဂိုဏ်းများနှင့်ဆက်သွယ်မှုနှင့် အကျင့်ပျက်ခြစားမှု စွပ်စွဲချက်များဖြင့် လွှမ်ခဲ့သည့် နှစ်များအတွင်း ဂုဏ်သိက္ခာကျဆင်းနေခဲ့ရသူဖြစ်သည်။ အင်န်ဒရီရော့တီသည် မကြာသေးမီနှစ်များက အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာနှင့် နှလုံးရောဂါဝေဒနာများ ခံစားခဲ့ရသူဖြစ်ပြီး အီတလီနိုင်ငံ ရောမမြို့ရှိ ၎င်း၏နေအိမ်တွင် ကွယ်လွန်သွားခဲ့ခြင်းဖြစ်သည်။ **(ဘီဘီစီ)**

အမေရိကန်ဖျက်သင်္ဘော ရုရှားဆိပ်ကမ်းသို့ ရောက်ရှိလာ

ဗလာဒီဗော့စတော့ မေ ၇

ဒုတိယကမ္ဘာစစ် အောင်ပွဲနေ့ အခမ်းအနားတစ်ရပ်တွင် ပါဝင်ဆင်နွှဲရန်အတွက် အမေရိကန်ဖျက်သင်္ဘောလာဆင်သည် ရုရှားနိုင်ငံ ဗလာဒီဗော့စတော့မြို့ ဆိပ်ကမ်းသို့ မေ ၇ ရက်က ဆိုက်ရောက်လာခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

အဆိုပါဖျက်သင်္ဘောနှင့် တပ်ဖွဲ့ဝင်များအား ဗလာဒီဗော့စတော့မြို့ဆိပ်ကမ်းမှ ရုရှားနိုင်ငံပစိဖိတ်ရေတပ်မှ တပ်မှူးနှင့် ရုရှားနိုင်ငံဆိုင်ရာ အမေရိကန်ကောင်စစ်ဝန်တို့က ကြိုဆိုခဲ့ကြသည်။ အမေရိကန်ရေတပ်တပ်ဖွဲ့ဝင်များသည် မေ ၉ ရက်၌ ကျင်းပမည့် ဒုတိယကမ္ဘာစစ် အောင်ပွဲနေ့အထိမ်းအမှတ်ပွဲ အစီအစဉ်များ၌ အတူတကွ ပါဝင်ဆင်နွှဲကြမည်ဖြစ်သည်။

အမေရိကန်ဖျက်သင်္ဘောလာဆင်သည် ရုရှားနိုင်ငံသို့ ဆိုက်ရောက်လာခြင်းမှာ နှစ်နိုင်ငံရေတပ် အကြားချစ်ခင်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုများ အနာဂတ်တွင် တိုးတက်ဖြစ်ထွန်းစေရန်အတွက်လည်း ရည်ရွယ်သည်ဟု ဆိုသည်။

ဒုတိယကမ္ဘာစစ် အောင်ပွဲနေ့ အခမ်းအနားတွင် ပါဝင်ဆင်နွှဲရန် ပြင်သစ်နိုင်ငံမှ ဖရီးဂိတ်စစ်သင်္ဘောတစ်စင်းလည်း ဆိုက်ရောက်လာကာ အမေရိကန် စစ်သင်္ဘောလာဆင်နှင့် အတူ ပါဝင်ဆင်နွှဲမည်ဖြစ်သည်။ အမေရိကန်ဖျက်သင်္ဘော လာဆင်သည် ၂၀၀၁ ခုနှစ်ကတည်းက ရေတပ်လုပ်ငန်းများကို စတင်တာဝန်ထမ်းဆောင်နေခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

ဂျိမ်းစ်ဘိုက်ဘယ်၏အတ္ထုပ္ပတ္တိကို လက်ရေးဖြင့်ရေးသားနေမှု လေးနှစ်ကြာပြုစုပြီးနောက် အဆုံးသတ်နေ

နယူးယောက် မေ ၇

အမေရိကန်နိုင်ငံ နယူးယောက်မှ အမျိုးသားတစ်ဦးသည် ဘုရင်ဂျိမ်းစ်ဘိုက်ဘယ်၏ အတ္ထုပ္ပတ္တိကို လက်ရေးကော်ပီဖြင့် ရေးသားခဲ့ရာ အချိန်လေးနှစ်ကြာပြီး စာမျက်နှာ၂၄၀၀ ဖြင့် အဆုံးသတ်နေကြောင်း မေ ၆ ရက်က ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အသက် ၆၃ နှစ်ရှိ နယူးယောက်မြို့သား ဖီးလစ်ပက်တာဆန်သည် ၎င်း၏ လုပ်ဖော်ကိုင်ဖက်တစ်ဦး၏ တိုက်တွန်းပြောကြားချက်ဖြင့် ဖောင်တိန်၊ ခဲတံများဖြင့် စာရွက်ပေါ်တွင် ဘုရင်ဂျိမ်းစ်ဘိုက်ဘယ်၏ အတ္ထုပ္ပတ္တိကို ရေးသားပြုစုမှု စတင်ခဲ့ခြင်းဖြစ်သည်။

အေအိုင်ဒီအက်စ်နှင့် သွေးအားနည်းရောဂါအပါအဝင် ကျန်းမာရေးကိစ္စအချို့ကို ဆေးရုံသို့တက်ရောက်ကုသခဲ့ရသော်လည်း ပက်တာဆန်အနေဖြင့် ယခုသီတင်းပတ်အတွင်း ခရစ်ယာန်ဘုရားကျောင်း၌ ၎င်းရေးသားလျက်ရှိသည့် နောက်ဆုံးစာကြောင်းများကို အဆုံးသတ်ရေးသားမည်ဖြစ်ကြောင်း သိရသည်။ ၎င်းသည် အထူးသဖြင့် ဘာသာရေးကို ထဲထဲဝင်ဝင်စဉ်းစားရန် ဉာဏ်မမီကြောင်း၊ နယူးယောက်မြို့ ဖိုလစ်မောက်ကျေးရွာတွင်နေထိုင်သည့် အငြိမ်းစားအိမ်တွင်းအလှဖန်တီးမှုပညာရှင် တစ်ဦးဖြစ်သူ ပက်တာဆန်က ပြောကြားသည်။

၎င်းသည် ကနဦးက အဆိုပါ ရေးသားပြုစုမှုလုပ်ငန်းကို တစ်ရက်လျှင် ၁၄ နာရီကြာအထိ အားသွန်ခွန်စိုက်လုပ်ကိုင်ခဲ့ပြီး ယခုအခါ တစ်ရက်လျှင် ပျမ်းမျှ ၆ နာရီမှ ၈ နာရီအထိသာလုပ်ကိုင်ကြောင်း သိရသည်။

၎င်း၏လုပ်ငန်းတွင် နေ့စဉ်နေ့တိုင်း အသစ်အဆန်းတစ်စုံတစ်ရာကို ရှာဖွေတွေ့ရှိခဲ့တိုင်း လွန်ခဲ့သည့် နှစ်အချို့က သေဆုံးသွားခဲ့သော သူ၏ လုပ်ဖော်ကိုင်ဖက် မိုဟာမက်အား ကျေးဇူးတင်မိကြောင်း မစ္စတာပက်တာဆန်က ပြောကြားခဲ့သည်။

မစ္စတာပက်တာဆန်သည် မေ ၁၁ ရက်တွင် စပင်ဆာတောင်းရှိ စိန့်ပီတာပရက်စ်ဘိုင်တာရီးယန်းဘုရားကျောင်း၌ အခမ်းအနားတစ်ခုဖြစ်ကျင်းပမည့် စာအုပ်မိတ်ဆက်ပွဲတွင် နောက်ဆုံးစာကြောင်းများကို အဆုံးသတ်ရေးသားမည်ဖြစ်ကြောင်း သိရသည်။ **(ဘီဘီစီ)**

တင်မောင်လွင် စုစည်းသည်

ဆန်ဖရန်စစ္စကို၌ မှန်လုံယာဉ်မီးလောင် မင်္ဂလာဆောင်ပြီးခါစ သတို့သမီးသေဆုံး

ဆန်ဖရန်စစ္စကို မေ ၇

အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့၌ မင်္ဂလာဆောင်ပွဲတစ်ခုကျင်းပစဉ် မောင်းနှင်နေသည့် ဇိမ်ခံမှန်လုံယာဉ်တစ်စီး ပေါက်ကွဲမီးလောင်မှုဖြစ်ပွားခဲ့ရာ အမျိုးသမီးငါးဦးသေဆုံးပြီး အခြားလေးဦးဒဏ်ရာရရှိခဲ့ရာ သေဆုံးသူများတွင် မင်္ဂလာဆောင်ပြီးခါစ သတို့သမီးလည်းပါရှိကြောင်း တာဝန်ရှိသူများ၏ပြောကြားချက်ကို မေ ၆ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။

မေ ၅ ရက်ညနေပိုင်းက ဆန်ဖရန်စစ္စကိုမြို့အတွင်း အချက်အချာဖြစ်သော တံတားတစ်စင်းပေါ်တွင်ပေါက်ကွဲမီးလောင်မှုဖြစ်ပွားခဲ့သော အဆိုပါ ဇိမ်ခံမှန်လုံယာဉ်၏နောက်ပိုင်းအတွင်း ခရီးသည်များ ဆိုးရွားစွာမီးလောင်ခံခဲ့ရသည်ကို မီးသတ်တပ်ဖွဲ့ဝင်များက တွေ့ရှိခဲ့ကြောင်းတာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။ ရှင်းလင်းစွာမသိသည့် အဆိုပါမီးလောင်မှုတွင် သေဆုံးသူများအနက် အသက် ၃၁ နှစ်အရွယ်ရှိ မင်္ဂလာဆောင်ပြီးခါစ သတို့သမီး နာရီဇာဖိုဂျာစ် ပါဝင်ကြောင်း သူမ၏ဆွေမျိုးသားချင်းများက ဒေသဆိုင်ရာမီဒီယာများသို့ ပြောကြားခဲ့သည်။

အမျိုးသားယာဉ်မောင်းတစ်ဦးနှင့် အခြားအမျိုးသမီးခရီးသည် လေးဦးမှာ အဆိုပါယာဉ်အတွင်းမှ လွတ်မြောက်ခဲ့သည်ဟု ဆိုသည်။

၎င်းယာဉ်မောင်းမှာ ဒဏ်ရာမရရှိခဲ့ကြောင်း မီးလောင်ခံရသည့် အမျိုးသမီးလေးဦးအနက် တစ်ဦးမှာ ပြင်းပြင်းထန်ထန်မီးလောင်ခံရပြီး ကျန်သုံးဦးမှာ မီးခိုးငွေ့ရှူရှိုက်မှုအပါအဝင် အနည်းငယ်သာ ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူများက ပြောကြားသည်။

ယင်းမှန်လုံယာဉ်သည် ဆန်ဖရန်စစ္စကို ပင်လယ်အော်ဒေသ တောင်ဘက်အစွန်ဆုံးရှိ ဆန်မာတီယို-ဟေဝပ်တံတားပေါ်တွင် ပေါက်ကွဲမီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပေါက်ကွဲမှုဖြစ်ရသည့် အကြောင်းရင်းကို ယခုထိ ရှင်းလင်းစွာ မသိရသေးဟု ဆိုသည်။ **(ဘီဘီစီ)**

ရောင်းရန်ရှိသည်

TOYOTA HIACE (အန်စာတုံး)

Model 2011 (၁၄)ယောက်စီး

ဖုန်း- ၀၉-၄၃၁၀၄၇၁၃

ရောင်းမည်(ညှိနှိုင်းဈေး)

အုတ်၊ သဲ၊ ကျောက်

၁၄ပေတိုက်တန်(ကိုရီးယား)

၅က/-- ၁၃B အင်ဂျင်

၁၀ပေ အက်တလက်

၇က/---- 4D-33

ဖုန်း-၀၉-၅၁၃၉၇၃၇

ကျေးဇူးဆပ်

ဒေါ်သီတာမြင့် ၁၂/ဒလန(နိုင်)၀၅၅၄၆၇အမည်ဖြင့် သွင်းကုန်ကြေညာလွှာ ၇၀၇၀၁၂(၁-၄-၂၀၁၃) မူရင်းဖိုင်တွဲ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၄၃၀၈၄၁၀၉**

ပျောက်ဆုံးကြောင်း

ဂိုး(လ်)ဒင်းဂင်းဂါ ထရေးဒင်းကုမ္ပဏီလီမိတက်၏ သွင်းကုန်လိုင်စင်အမှတ် M Q IL 1 12-13 6430 11/01/2013 မှာ ၁-၅-၂၀၁၃ ရက်တွင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အမြန်ဆုံးဆက်သွယ် အကြောင်းကြားပေးပါရန်။

ဆက်သွယ်ရန်-ကိုဇွဲဖြိုးထွန်း ဖုန်း-၀၉-၅၀၇၀၉၆၈

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

(၁) လုံခြုံရေး ၃ ဦး
(၂) ယာဉ်မောင်း ၅ ဦး
(၃) Cashier ၁ ဦး (Computer အခြေခံ၊ ဘွဲ့ရ)
(၄) Accountant ၁ ဦး (LCCI-Level-3) အောင်ရမည်။

အမှတ်စဉ်(၂)နှင့် (၄)အတွက် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး နှစ်နှစ်ရှိရမည်။ လျှောက်လွှာနှင့် ပူးတွဲတင်ရန် - CV Form
- ဘွဲ့ရလက်မှတ်မိတ္တူ၊ သင်တန်းအောင်လက်မှတ်
- ဓာတ်ပုံနှစ်ပုံ
- ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ
- မှတ်ပုံတင်မိတ္တူ
- အလုပ်သမားမှတ်ပုံတင်မိတ္တူ
- သန်းခေါင်စာရင်းမိတ္တူ

လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။

လိပ်စာ - Moon Sun စက်သုံးဆီဖြန့်ဖြူးရောင်းဝယ်ရေး၊ အမှတ် (၁၆၃/၁)၊ သုနန္ဒာလမ်းနှင့် သုမေ္မာလမ်းထောင့်၊ မြောက်ဥက္ကလာ။

ဖုန်း - ၉၅-၁-၆၉၂၄၈၂၊ ၀၁-၆၉၀၁၃၆၆၊ Fax-၉၅-၁-၆၉၂၄၈၂

(သတင်းစာတွင် ကြော်ငြာပါပြီး တစ်ပတ်အတွင်း လျှောက်ထားရန်)

ကိုရီးယားကျွန်းဆွယ် တင်းမာမှု ပြေလျော့ခဲ့ပြီလော

မောင်နွေသစ်

အမေရိကန်နဲ့ တောင်ကိုရီးယားတို့ရဲ့ ပူးတွဲစစ်ရေးလေ့ကျင့်မှု အဆုံးသတ်သွားတဲ့နောက်မှာပဲ မြောက်ကိုရီးယားကလည်း သူ့နိုင်ငံရဲ့ အရှေ့ဘက်ကမ်းရိုးတန်းမှာ ဖြန့်ကြက်ချထားတဲ့ တာလတ်ပစ် ဒုံးကျည်နှစ်စင်းကို ပြန်လည်ဖယ်ရှားလိုက်ပြီလို့ အမေရိကန်တာဝန်ရှိသူတစ်ဦးက မေ ၇ ရက်မှာ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ ပြီးခဲ့တဲ့လက ဒေသတွင်းမှာရှိတဲ့ အမေရိကန်စစ်စခန်းတွေနဲ့ တောင်ကိုရီးယားနဲ့ ဂျပန်အပါအဝင်ပစ်မှတ်တွေကို ပစ်ခတ်ဖို့ ပြင်ဆင်ခဲ့တာဖြစ်ပါတယ်။ ပြယမ်းက ဒီဒုံးကျည်နှစ်စင်းကို ပြီးခဲ့တဲ့လက ဒေသတွင်းမှာရှိတဲ့

ဒီခြိမ်းခြောက်မှုက မြောက်ကိုရီးယား တတိယအကြိမ် နျူကလီးယား စမ်းသပ်ခဲ့ပြီးတဲ့နောက် မတ်လမှာ ကုလသမဂ္ဂက မြောက်ကိုရီးယားကို အရေးယူပိတ်ဆို့မှု အသစ်တစ်ရပ် ပြုလုပ်ခဲ့ပါတယ်။ ဒီအတောအတွင်းမှာပဲ အမေရိကန်နဲ့ တောင်ကိုရီးယားတို့က ပူးတွဲနှစ်ပတ်လည် စစ်ရေးလေ့ကျင့်မှုတွေ ပြုလုပ်ခဲ့တာကြောင့် မြောက်ကိုရီးယားခေါင်းဆောင်တွေအဖို့ ဒေါ်သယမ်းအိုးပေါက်ကွဲသလို ဖြစ်ခဲ့ရပါတယ်။ ဒါပေမယ့်လည်း လွန်ခဲ့တဲ့ သီတင်းပတ်တုန်းကတော့ ဒီပူးတွဲစစ်ရေးလေ့ကျင့်မှုဟာ အဆုံးသတ်ခဲ့ပါပြီ။ အမေရိကန်နဲ့ တောင်ကိုရီးယားသမ္မတနှစ်ဦး ဝါရှင်တန်မှာထိပ်သီးအစည်းအဝေးတွေ လုပ်နေစဉ်မှာပဲ ပြယမ်းက သူ့ရဲ့ချိန်ရွယ်ထားတဲ့ ဒုံးကျည်တွေကို အရှေ့ဘက်ကမ်းရိုးတန်းကနေ ဖယ်ရှားလိုက်ပြီလို့ဆိုပါတယ်။ တောင်ကိုရီးယား အမျိုးသမီးသမ္မတပတ်ဂွမ်ဟေးဟာ မေ ၇ ရက် နှောင်းပိုင်းမှာ သမ္မတအိုဘားမားနဲ့ တွေ့ဖို့စီစဉ်ထားတယ်လို့ဆိုပါတယ်။ မစ္စပတ်ဂွမ်ဟေးဟာ ဖေဖော်ဝါရီက ရာထူးရခဲ့ပြီးတဲ့နောက် မေ ၈ ရက်မှာ အမေရိကန်ကွန်ဂရက်သို့ မိန့်ခွန်းတစ်ရပ် ပြောကြားဖို့လည်း ရှိပါတယ်။

Musudan လို့ အမည်ရတဲ့ ဒုံးကျည်နှစ်စင်းဟာ ပစ်ခတ်ဖို့ အသင့်အနေအထားနဲ့ရှိနေပါတယ်။ သို့သော်လည်း လက်ရှိဒုံးကျည်တွေ ချထားမယ့်နေရာကိုတော့ အတည်မပြုနိုင်သေးဘူးလို့ ဆိုပါတယ်။ မြောက်ကိုရီးယားရဲ့ ဒီဒုံးကျည်တွေကို ၂၀၁၀ ခုနှစ်က စစ်ရေးပြရာမှာ ထုတ်ဖော်ပြသခဲ့ပါတယ်။ ဒါပေမယ့် ဒီဒုံးကျည်တွေကို တစ်ကြိမ်မှ မစမ်းသပ်ရသေးပါဘူး။ အနည်းဆုံး မိုင် ၂၀၀၀ လောက်အထိ ပစ်ခတ်နိုင်တယ်လို့ အမေရိကန်တို့က ခန့်မှန်းထားကြပါတယ်။

မြောက်ကိုရီးယားက ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်အရ တိုက်ချင်းပစ်ဒုံးပျံ စမ်းသပ်ခွင့်မရှိပါဘူး။ ကုလသမဂ္ဂက ၂၀၀၆ ခုနှစ်က မြောက်ကိုရီးယားအပေါ် ချမှတ်ခဲ့တဲ့ ပိတ်ဆို့မှုတစ်ခုဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် မြောက်ကိုရီးယားရဲ့ ဒုံးကျည်တွေဖယ်ရှားလိုက်တာဟာ ကိုရီးယားကျွန်းဆွယ်ရဲ့ တင်းမာမှုတွေ ပြေလျော့သွားပြီလို့ ဆိုရမှာဖြစ်ပါတယ်။

ဆာလောင်နေချိန် ဈေးဝယ်မထွက်သင့်ဟုဆို

ဈေးသွားဈေးဝယ်များအနေဖြင့် ဗိုက်ဆာနေချိန်များတွင် ဈေးဝယ်သွားခြင်းကို ရှောင်ကြဉ်သင့်သည်ဟု အမေရိကန် သုတေသနပညာရှင်များက သတိပေးတားမြစ်ထားကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

ဆာလောင်နေချိန်များတွင် ဈေးဝယ်ထွက်သူများသည် ကျန်းမာရေးနှင့် မညီညွတ်သော အစားအစာများကို ပို၍ဝယ်ယူမိကြောင်း ၎င်းတို့က သုတေသနပြု ဖော်ပြခြင်းဖြစ်သည်။

ကြွပ်ဆတ်သော အစားအစာများနှင့် အချိုဓာတ်လွန်ကဲသော အစားအစာများကို ဗိုက်ဆာနေသော ဈေးဝယ်သူများက ပိုမိုဝယ်ယူကြသည်ဟု သုတေသနပြုခဲ့သော ကွန်နယ်တက္ကသိုလ်အဖွဲ့ကဆိုသည်။ ယင်းသုတေသနရလဒ်သည် အမြန်အရန်သင့်အစားအစာများ ရွေးချယ်မှုကို ဆန်းစစ်သုတေသနပြုရာမှ တစ်ပါတည်း ထွက်ပေါ်လာသော အဖြေဖြစ်သည်။

ယခုသုတေသနပြုချက်အရ ငါးနာရီမျှ ဘာမျှမစားသောက်ဘဲ ဈေးဝယ်ထွက်သူများသည် အစားအစာတစ်ခုခုစားပြီး ဈေးဝယ်ထွက်သူများထက် ကယ်လိုရီဓာတ်မြင့်မားသော စားသောက်ကုန်များကို ပိုမိုဝယ်ယူမိတတ်ကြောင်း သိရသည်။

သုတေသန၏ ပထမဆုံးရလဒ်မှာ ငါးနာရီကြာမျှအစားအစာမစားသောက်ဘဲ နေသူများ ဈေးဝယ်ထွက်သည့်အခါ သရေစာနှင့် သားငါးများ အပါအဝင် ချက်ပြုတ်စရာများ ဝယ်ယူရာတွင် ကယ်လိုရီပါဝင်မှုမြင့်မားသည့် စားကုန်နှင့် ကယ်လိုရီနိမ့်ပါးသည့်စားကုန်များဝယ်ယူမှုကို လေ့လာခဲ့ရာတွင် ကယ်လိုရီမြင့်မားသော အစားအစာများကို ပိုမိုဝယ်ယူကြသည်ကို တွေ့ရသည်ဟု သုတေသနအဖွဲ့က ဆိုသည်။ ထို့အပြင် နေ့လယ်စာစားသုံးပြီး သို့မဟုတ် သရေစာတစ်ခုခု စားပြီး ဗိုက်ပြည့်နေသည့် ဈေးဝယ်သူများ၏ ရွေးချယ်ဝယ်ယူမှုကို သုတေသနပြုရာတွင် ထိုကဲ့သို့မဟုတ်ဘဲ ကယ်လိုရီနည်းပါးသော အစားအစာများကိုသာ ဝယ်ယူတတ်ကြောင်း တွေ့ရသည်ဟု သုတေသနအဖွဲ့က ပြောကြားခဲ့သည်။

ကယ်လိုရီပါဝင်မှုမြင့်မားသော အစားအစာများတွင် အချိုဓာတ်ပါသော အစားအစာများ၊ ကြွပ်ဆတ်သောအစားအစာများနှင့် နီရဲသောအသားဟင်းလျာများ ပါဝင်သည်။ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ကြက်ရင်အုံသားကဲ့သို့သော စားသောက်ကုန်များမှာ ကယ်လိုရီနိမ့်ပါးသော အစားအစာများဖြစ်သည်ဟု ဆိုသည်။

မောင်သံဆင့်-ရေးသည်

နိုင်ငံတကာသတင်း

ဆီးရီးယား အစ္စရေးကို ဒုံးကျည်ဖြင့်ပစ်

အစ္စရေးသိမ်းပိုက်နယ်မြေ ဂိုလန်ကုန်းမြင့်ဒေသသို့ ဆီးရီးယားဘက်မှ ပစ်ခတ်လိုက်သော ဒုံးကျည်နှစ်စင်းကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ သို့ရာတွင် ထိခိုက် သေကျေပျက်စီးမှု သတင်းမထုတ်ပြန်နိုင်သေးကြောင်း အစ္စရေးစစ်ဘက်က ပြောကြားသည်။ ၎င်းဒုံးကျည်များသည် ဂိုလန်တောင်ပိုင်း အပစ်အခတ်ရပ်စဲထားသော ဒေသအနီး၌ ကျရောက်ပေါက်ကွဲခဲ့ကြောင်း အစ္စရေးစစ်တပ် ပြောရေးဆိုခွင့်ရှိသူတစ်ဦး၏ ပြောကြားချက်ကို အေအက်ဖ်ပီသတင်းဌာနက မေ ၆ ရက်တွင် ကိုးကားဖော်ပြသည်။ ယင်းဒုံးကျည်ကျရောက်ပြီးနောက် ဂိုလန်ကုန်းမြင့်ဒေသတွင် ဖြန့်ကြက်ထားသော ကုလသမဂ္ဂတပ်ဖွဲ့ဝင်များကို အစ္စရေးစစ်တပ်က သတိပေးချက်ထုတ်ပြန်ခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် အစ္စရေးက ဂိုလန်ကုန်းမြင့်ဒေသကို ဆီးရီးယားထံမှ ခြောက်ရက်ကြာစစ်ပွဲဆင်နွှဲပြီး သိမ်းပိုက်ခဲ့သည်။

တရုတ်ကြက်ငှက်တုပ်ကွေး သေဆုံးသူတိုး

တရုတ်နိုင်ငံ အရှေ့ပိုင်းပြည်နယ်များတွင် ကြက်ငှက်တုပ်ကွေးရောဂါအသစ် H7N9 ဗိုင်းရပ်စ် ကူးစက်မှုကြောင့် သေဆုံးသူလေးဦးရှိပြီး ရောဂါကူးစက်ခံရသူ ၁၂၉ ဦးအထိတိုးလာကြောင်း မေ ၇ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။ ယင်းနောက်ဆုံး သေဆုံးမှုအပါအဝင် တရုတ်နိုင်ငံ၌ မတ် ၃၁ ရက်ကစပြီး ဖြစ်ပွားခဲ့သည့် ယင်းဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၃၁ဦးအထိ ရှိသွားပြီဖြစ်ကြောင်း ပေကျင်းတာဝန်ရှိသူများက အတည်ပြုပြောကြားသည်။ နောက်ဆုံးသေဆုံးသူများမှာ ကျင်စု၊ ရှင်ကျင့်နှင့် အန်ဟွေးပြည်နယ်များမှ ဖြစ်ကြောင်း တရုတ်မိသားစု စီမံကိန်းနှင့် ကျန်းမာရေးကော်မရှင်က မေ ၆ ရက်တွင် အတည်ပြုပြောကြားသည်။

တရုတ်ဆိုက်ဘာတိုက်ခိုက်မှု အမေရိကန်သတိပေး

တရုတ်အစိုးရနှင့် စစ်တပ်က ဆိုက်ဘာသူလျှိုလုပ်ငန်း အစိတ်အပိုင်းအဖြစ် အမေရိကန်အစိုးရ ကွန်ပျူတာများကို ပစ်မှတ်ထားလာကြောင်း တရုတ်ဆိုင်ရာ အမေရိကန် အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြသည်။ ယင်းသို့ပစ်မှတ်ထားလာမှုသည် တရုတ်ကိုယ်ပိုင်ကာကွယ်ရေးအစီအစဉ်ကို အကျိုးရှိစေမည့် အမေရိကန် သံတမန်ရေး၊ စီးပွားရေးနှင့်ကာကွယ်ရေးကဏ္ဍများကို သတင်းထောက်လှမ်းစုဆောင်းလိမ့်မည်ဟု ယင်းအစီရင်ခံစာကဖော်ပြသည်။ ယင်းကဲ့သို့ တိုက်ခိုက်မှုများကို ပေကျင်းအစိုးရနှင့် ပတ်သက်ပြီး အမေရိကန်က ပထမဆုံးထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ တရုတ်က ယင်းကဲ့သို့တိုက်ခိုက်မှုမရှိကြောင်း ငြင်းဆိုထားသည်။

မြင့်မောင်စိုး-စုစည်းသည်

စနေဂြိုဟ်ပေါ်တွင် ရာသီဥတုပြောင်းလဲမှုများဖြစ်ပေါ်နေ

စနေဂြိုဟ်ပေါ်တွင် ဖြစ်ပေါ်နေသော သံလိုက်စက်ကွင်းများကြောင့် စနေဂြိုဟ်၏ ရာသီဥတုကို အပြောင်းအလဲများဖြစ်ပေါ်စေကြောင်း အမေရိကန် အာကာသရေးရာသုတေသနပညာရှင်များက ပြောကြားသည်။

စနေဂြိုဟ်တွင် ဖြစ်ပေါ်နေသော သံလိုက်စက်ကွင်းများသည် နေအဖွဲ့အစည်းတွင် တတိယမြောက်အကြီးမားဆုံး ဖြစ်ပေါ်နေခြင်းဖြစ်သည်။ နေနှင့် ဂျူပီတာဂြိုဟ်တို့တွင်လည်း သံလိုက်စက်ကွင်းများကြီးမားစွာ ဖြစ်ပေါ်လျက်ရှိသည်ဟု ၎င်းတို့က ပြောကြားသည်။

စနေဂြိုဟ်သည် ဓာတ်ငွေ့ရည်များနှင့် အခိုးအငွေ့များ ရောထွေးကာ ဖြစ်ပေါ်နေသော နေရာများလည်းရှိသည်။ နာဆာနှင့် ဥရောပအာကာသအေဂျင်စီတို့မှ လေ့လာရေးယာဉ်များ အနီးကပ်ပျံသန်းလေ့လာမှုအရ စနေဂြိုဟ်ပေါ်တွင် ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်နေခြင်းသည် သံလိုက်စက်ကွင်းများနှင့် ဆက်စပ်မှုရှိကြောင်း စနေဂြိုဟ်လေ့လာရေးယာဉ်မှ ပေးပို့သော ဓာတ်ပုံများအရ လေ့လာသိရှိရသည်ဟု ၎င်းတို့က ဆက်လက်ပြောကြားသည်။

စနေဂြိုဟ်၏ တောင်ဘက်နှင့် မြောက်ဘက်စွန်းနေရာများအနီးသို့ နာဆာမှ ကတ်စီနီအာကာသလေ့လာရေးယာဉ်က ပျံသန်းလေ့လာခဲ့ရာမှ စနေဂြိုဟ်ပေါ်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ ဓာတ်ငွေ့ရည်များ စုဖွဲ့ဖြစ်တည်ခြင်း၊ အခိုးအငွေ့များ ဖြစ်ပေါ်ခြင်းတို့သည် သံလိုက်စက်ကွင်းများနှင့် ဆက်စပ်နေကြောင်း တွေ့ရှိရသည်ဟုလည်း အမေရိကန် အာကာသသုတေသနပညာရှင်များက ပြောကြားသည်။

(ဆင်ဟွာ)

အာကာဟိန်း-ရေးသည်

THE YANGON TIMES
ရန်ကုန်တိုင်းမ်နေ့စဉ် DAILY

The Yangon Times သတင်းစာတစ်စောင်ဖတ်ရုံဖြင့်
Samsung Galaxy S4 လက်ဝယ်ပိုင်ဆိုင်နိုင်မည့် အခွင့်အရေး

ရန်ကုန်တိုင်းမ်နေ့စဉ်သတင်းစာကို ဝယ်ယူဖတ်ရှုသော စာဖတ်ပရိသတ်များ၏
ကျေးဇူးကို တုံ့ပြန်သောအားဖြင့် Samsung Galaxy S4 တစ်လုံးကို
တစ်ပတ်တစ်ကြိမ် မေတ္တာလက်ဆောင်အဖြစ် ကံစမ်းမဲဖွင့်ပေးနေပါပြီ။

လူမှုရေးနှင့် နာရေးကြော်ငြာများကို အခမဲ့ထည့်သွင်းပေးနေပါသည်။

ရန်ကုန်မြို့တွင်းနှင့် မြို့အလိုက် သတင်းစာဖြန့်ချိရေးကိုယ်စားလှယ်များ၊ ကြော်ငြာထည့်သွင်းလိုသူများ၊
သတင်းစာကြော်ငြာကိုယ်စားလှယ်လုပ်ကိုင်လိုသူများ၊ သတင်းစာလပေးဖတ်ရှုလိုသူများ ဆက်သွယ်ပါရန်
Hot Line - 09 73080817, 09 73080819

သတင်းကိစ္စဆက်သွယ်လိုသူများ၊ နယ်သတင်းထောက်လုပ်ကိုင်လိုသူများ ဆက်သွယ်ပါရန်
Hot Line - 09 73029308, 011 220 322

ဆောင်းပါး

အပူဒဏ်အန္တရာယ်ရှောင် မြန်မာအညာဓလေ့များ

ပါမောက္ခခင်မောင်ဝင်း(အသည်း)

အခုအခါမှာ မြန်မာပြည်အနှံ့အပြား၊ ရန်ကုန်၊ မန္တလေးမြို့တွေမှာ အပူကြီးသိပ်ပူနေပါတယ်။ အပူဒဏ်ကြောင့် သေနိုင်တယ်ဆိုတာကို သိဖို့နဲ့ အပူဒဏ်ကာကွယ်နည်းတွေကိုသိဖို့ ဒီဆောင်းပါးကို ရေးလိုက်ပါတယ်။

မတ်၊ ဧပြီလ၊ မေလတွေဟာ တော်တော်ကိုပူတဲ့လတွေပါ။ အထူးသဖြင့် အညာဒေသတွေမှာတော့ နှစ်စဉ်ဒီအပူဒဏ်ကို ရေရေလည်လည် ခံစားရပါတယ်။ ဆရာဝန်ဖြစ်လာလို့ အလုပ်စဝင်တော့ မန္တလေးဆေးရုံကြီးမှာ ဖြစ်ပါတယ်။ အဲဒီတော့မှ အပူလျှပ်တာတွေကို နဖူးတွေ့၊ ဒူးတွေ့ကိုယ်တိုင်စတွေ့တော့တာပဲ။ မန္တလေးဆေးရုံကြီးမှာ အလုပ်ဝင်ပြီး နွေလည်းရောက်ရော အတော်ပူတဲ့ ဧပြီ၊ မေလတွေမှာ လူနာတွေ တဖြုတ်ဖြုတ်သေတော့တာပါပဲ။ တချို့လည်း နှလုံး၊ ဆီးချိုစတဲ့ ရောဂါအခံတွေရှိလို့၊ အသက်ကြီးလို့၊ တချို့လည်း ဘာရောဂါမှမရှိဘဲ အကောင်းကြီးကနေ သတိလစ်လို့ဆိုခေါ်လာ ဆေးရုံလည်းရောက်ရောသေရော၊ နောက်မှ အပူဒဏ်ကြောင့် သေတယ်ဆိုတာကို သဘောပေါက် လာတာပါ။ အနောက်တိုင်းဆေးအခေါ် (Heat Stroke) မြန်မာလိုအပူလေသင်တုံး ဒါမှမဟုတ် အညာအခေါ် အပူလျှပ်သွားတာပေါ့။ ပူရင်သေတတ်တယ်ဆိုတာ ဘယ်တော့မှမမေ့ကြပါနဲ့။ (Heat Stroke) အပူမလျှပ်ခင်က ကြိုတင်ကာကွယ်ရမယ်။ ဖြစ်ပြီဆိုရင်တော့မလွယ်ဘူး၊ သေဖို့ရာ များတယ်လို့ ပြောရပါမယ်။

ကျွန်တော် အခုလို အပူအန္တရာယ်တွေ အရေးကြီးကြောင်း ထပ်ပြီး သတိပေးနေရတာက ပြည်သူတွေ သတိထားချင့်ချိန်နိုင်ဖို့ပါ။ အခုအခါမှာ အပူဒဏ်ဟာ အညာမှာတင် မကတော့ပါဘူး။ ရန်ကုန်မှာလည်း မန္တလေးလိုပဲ အပူချိန်တွေမြင့်နေတော့ မြန်မာတစ်နိုင်ငံလုံး ဘယ်မှာနေနေ သိပ်ပူတယ်ဆိုရင် အန္တရာယ်ရှိနိုင်တယ်။ သေနိုင်တယ်ဆိုတာ သတိပေးချင်လို့ပါ။ ၂၀၀၃ ခုနှစ်မှာ အပူလှိုင်းဖြတ်ပြီး ပြင်သစ်နိုင်ငံမှာ အပူဒဏ်ကြောင့် လူထောင်ပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရတယ်။ မြန်မာနိုင်ငံရဲ့ အဆိုးရွားဆုံး အတွေ့အကြုံကို ပြောရမယ်ဆိုရင် ၁၉၈၈ ခုနှစ် ပခုက္ကူမြို့နယ်မှာ အပူလှိုင်းဖြတ်ပြီး နှစ်ပတ်အတွင်းမှာ လူ ၂၀၀ ကျော် သေခဲ့ပါတယ်။

အညာက မြန်မာတွေဟာ နှစ်ပေါင်းများစွာ အလွန်ပူတဲ့ အညာဒေသမှာ နေထိုင်ခဲ့ကြတာပါ။ အရင်တုန်းကဆိုရင် မိုးခေါင်ရေရှားရပ်ဝန်းဒေသလို့တောင် အခေါ်ခံခဲ့ရတဲ့ မန္တလေး၊ မိတ္ထီလာ၊ မကွေး၊ ပခုက္ကူဒေသတွေမှာ မြန်မာတွေ ဘိုးစဉ်ဘောင်ဆက် အပူဒဏ်အန္တရာယ်တွေမခံရအောင် ဘယ်လိုနေထိုင်လာခဲ့တယ်ဆိုတဲ့ မြန်မာအညာဓလေ့တွေကို ပြောပါရစေ။ အဲဒီလိုပူပူလောင်လောင်ထဲမှာ အပူဒဏ်ကြောင့် အန္တရာယ်မဖြစ်အောင် ဘယ်လိုနေရမယ်။ ဘယ်လို စားသောက်ရမယ်။ ဘယ်လိုဝတ်စားရမယ်ဆိုတာ ကျွန်တော့်အမေကြီး (အညာအခေါ်ဖြစ်ပါတယ်၊ မိခင်ရဲ့ အမေကိုခေါ်တာပါ) က ဆုံးမသွန်သင်ခဲ့တာတွေကို အခုလိုပူလှတဲ့ လတွေတိုင်းမှာ သတိရမိပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ဂေါက်ကွင်းမှာ ၁၈ ကျင်းကို ငါးနာရီလောက် နေပူထဲမှာကစားပြီး ဂေါက်ကလပ်ထဲ ရောက်ရောက်ချင်း နည်းနည်းလေးမှ မနားဘဲ ရေတန်းချိုးတဲ့ ကျွန်တော့်မိတ်ဆွေ ဆရာဝန်လူငယ်တစ်ဦးကိုတွေ့တိုင်း အမေကြီးပြောခဲ့တာတွေကို လူငယ်တွေကို ပြောပြချင်ပါတယ်။

အဝတ်အစားအနေနဲ့ စပြီးပြောရမယ်ဆိုရင် အညာဒေသရွာတွေမှာ ဟိုတုန်းကလက်ရက်ဖျင်သားအင်္ကျီကိုပဲဝတ်ကြပါတယ်။ ဒီအင်္ကျီတွေကတော့ အခုခေတ်အမေရိကန်၊ အင်္ဂလန်နိုင်ငံခြားမှာ ဝယ်မယ်ဆိုရင် ဈေးအလွန်ကြီးတဲ့ ချည်သားစစ်စစ် (Pure cotton) တွေလို လက်လုပ်ချည်စစ်နဲ့ ရွာမှာရက်ထားတဲ့ ဖျင်စတွေကို ချုပ်ထားတာပါ။ အရောင်ကလည်းဘယ်တော့မှ မရင့်ဘူး။ ခပ်ဖျော့ဖျော့လေးတွေချည်းပဲ။ အဲဒီတော့ အပူကိုမစုပ်တော့ဘူးပေါ့။ ဖျင်သားအစဟာ ဝတ်လိုက်ရင်အသားနဲ့ ထိရတာအေးနေပါတယ်။ လက်နဲ့ရက်ထားတော့ အသားဟာ ကျစ်မနေဘဲ ပွနေပြီး လေဝင်လေထွက်ကောင်းလို့ အပူဒဏ်ကို ကာကွယ်တဲ့ (Insulation effect) အကျိုးကျေးဇူးရတာပေါ့။ လုံချည်တွေကလည်း ချည်သားလုံချည်ပဲ၊ အခုခေတ်မှာတော့ အဝတ်အထည်တွေကို နိုင်လွန် (Nylon)၊ ရေရွှန် (Rayon) အစရှိတဲ့ သဘာဝမဟုတ်တဲ့ (Synthetic) လို့ခေါ်တဲ့ ဓာတုဗေဒနည်းနဲ့ လုပ်ထားတဲ့ချည်တွေနဲ့ရက်တော့ ပူတာပေါ့။ နွေရာသီပူပူကြီးမှာ အဲဒီလိုနိုင်ငံခြားလုပ် အင်္ကျီအရောင်ရင့်ရင့်ကြီးတွေ၊ မည်းမည်းကြီးတွေဝတ်တော့ အပူတွေကို လှောင်ထားပြီး ကိုယ်ထဲကို အပူဓာတ်တွေ စုပ်ယူတော့တာပေါ့။ အညာမှာဆိုရင် ရွာသားတွေဟာ နေပူထဲကို ထွက်ရင် မျက်နှာသုတ်ပဝါအဖြူနဲ့ ခေါင်းပေါင်းအမြဲပေါင်းလေ့ရှိတယ်။ ဒါလည်း အပူဒဏ်ကို ကာကွယ်နည်းတစ်ခုပေါ့။

အညာကလူတွေ ရာသီဥတုပူတုန်းမှာဆိုရင် အကြောက်ဆုံးအရာက အအေးဓာတ်ပဲ။ အေးလို့ရှိရင် ချွေးငုပ်တယ်လို့ အယူရှိတယ်။ အပူထဲက လာပြီး ရေချိုးမယ်။ ရေခဲရေသောက်မယ်၊ ရေခဲမုန့်စားမယ်၊ လေအေးစက် (Aircon) တပ်ထားတဲ့ အခန်းထဲကိုရုတ်တရက်ဝင်မယ်ဆိုတာတွေဟာ ကျွန်တော့်အမေကြီးနဲ့ အညာသူအညာသားတွေ သိပ်ကြောက်တဲ့အရာတွေပါ။ ကိုယ်ကလည်းကလေးဆိုတော့ ပြေးလွှားဆော့ပြီးပြန်လာရင် ရေအေးအေး သောက်ချင်တာ။ လူကြီးတွေကလုံးဝခွင့်မပြုပါဘူး။ အညာလက်စွဲကတော့ ရေနွေးကြမ်းခပ်နွေးနွေးပဲ တစ်ချိန်လုံးသောက်ကြပါတယ်။လူကြီးတွေ ကြောက်တာတစ်ခုရှိပါသေးတယ်။ အဲဒါကတော့ ပန်ကာလေပါပဲ။ နွေရာသီမှာ ပန်ကာလေခံရင် သေတတ်တယ်ဆိုတဲ့အယူဟာ ကျွန်တော်ငယ်စဉ်က တစ်ချိန်လုံးကြားခဲ့ရတာပါ။ အအေးနဲ့ပတ်သက်လာရင် ရေခဲဆိုတာဝေလာဝေးပါပဲ။ နံနက် ၁၀ နာရီကျော်ရင် ရေမချိုးရပါဘူး။ ညနေဆိုရင်လည်း နေအေးပြီး ၅ နာရီ၊ ၆ နာရီကျော်မှ ရေချိုးခွင့်ပေးထားပါတယ်။ မျက်စိထဲမှာမြင်ကြည့်စမ်းပါ။ အညာမှာ ရွာသားတစ်ယောက် လက်ရက်ဖျင်အင်္ကျီ အရောင်ဖျော့ဖျော့လေးကိုဝတ်ပြီး ချည်လုံချည်နဲ့ ရေနွေးကြမ်း ခပ်နွေးနွေး လေးသောက်လို့ ချွေးလေးတစိုစိုနဲ့ ထန်းလျက်ယပ်တောင်လေးခတ်ပြီး တင်ပျဉ်ခွေထိုင်နေတဲ့ပုံပေါ့။ ဒါဟာ ကျန်းမာရေးနဲ့ အထူးညီညွတ်ပြီး အညာရဲ့အပူဒဏ်အန္တရာယ်ကို ကာကွယ်နိုင်တယ်ဆိုတာ တဖြည်းဖြည်းမှ ကျွန်တော်သဘောပေါက်ခဲ့ပါတယ်။ ငယ်ငယ်တုန်းကတော့ အမေကြီးတို့ လူကြီးတွေဟာ အလွန်အယူသည်းတာပဲ၊ အဓိပ္ပာယ်မရှိ ရေခဲကိုကြောက်၊ ရေခဲရေမသောက်ရ၊ ရေအေးဖတ်မတင်ရနဲ့ ဘာတွေမှန်းလည်းမသိဘူး၊ ခေတ်နောက်ကျလိုက်တာလို့ တွေးခဲ့မိပါတယ်။ အခုတော့ ဆရာဝန်လည်းဖြစ်ပြီး သိပ္ပံပညာလည်း လေ့လာပြီးပြီ၊ အပူဓာတ် ဘယ်လိုကူးတယ်၊ အပူဒဏ်အန္တရာယ် ဘယ်လိုကာကွယ်ရမလဲဆိုတာတွေကို ခေတ်မီနည်းစနစ်တွေနဲ့ လေ့လာကြည့်လိုက်တော့ အမေကြီးပြောခဲ့တာတွေဟာ အကုန်မှန်နေပါလား၊ မြန်မာအညာဓလေ့ထုံးစံနဲ့ သိပ္ပံပညာပေါင်းစပ်ပြီး စနစ်တကျနေထိုင်ကြမယ်ဆိုရင်တော့ အပူဒဏ်အန္တရာယ် ရလာစရာမရှိပါဘူး။

ကျွန်တော်ငယ်စဉ်တုန်းက အညာမှာလူကြီးတွေက နွေရာသီရောက်ရင် သွန်သင်ဆုံးမပြောကြားခဲ့တဲ့အပူဒဏ်ကာကွယ်နည်းအညာဓလေ့တွေ၊အတွေးအခေါ် အယူအဆတွေဟာ အခုခေတ် ဆေးပညာရှုထောင့်ကကြည့်ရင် ဘယ်လိုမှန်ကန်တယ်ဆိုတာ သိပ္ပံနည်းစနစ်နဲ့ ရှင်းပြချင်ပါတယ်။ အဲ့ဒီလိုရှင်းမပြခင်မှာ လူတစ်ယောက်ရဲ့ ကိုယ်ထဲကအပူတွေကို အပြင်ကို ဘယ်လိုနည်းတွေနဲ့ ထုတ်ပစ်နေတယ်ဆိုတာ ပထမဆုံး စပြောချင်ပါတယ်။

လူတွေမှာ နေ့စဉ်လှုပ်ရှားလို့ အစားစားလို့ ဆဲလ်တွေထဲမှာ အပူ(Heat) တွေထွက်နေတယ်။ ကိုယ်ခန္ဓာမလှုပ်ရှားဘဲ ထိုင်နေနေ၊ အိပ်နေနေ၊ လူ့ကိုယ်ထဲမှာရှိတဲ့ ဆဲလ် (Cell) တွေ လူတစ်ယောက်အသက်ရှင်နေဖို့ တာဝန်တွေ ဆောင်ရွက်နေရပြီး လူတွေမှာ အလိုလိုနေရင်း ကိုယ်ထဲက အပူဓာတ်တွေဟာ ထွက်နေပါတယ်။ ဒါပေမယ့် ထွက်သမျှအပူတွေကို ကိုယ်ခန္ဓာကအမြဲထုတ်ပစ်နေရပြီး လူတစ်ယောက်အပူချိန်ကို ၃၇ ဒီဂရီစင်တီဂရိတ်၊ ဖာရင်ဟိုက်နဲ့ ပြောရရင် ၉၈ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်မကျော်အောင် ထိန်းထားရပါတယ်။ ခန္ဓာကိုယ်ထဲမှာ သိပ်ပြီးအပူတွေများသွားရင် ဥပမာ ၁၀၇ ဒီဂရီဖာရင်ဟိုက်လောက်အထိ တက်သွားမယ်ဆိုရင် ကိုယ်ခန္ဓာအစိတ်အပိုင်းတွေ ဆဲလ် (Cell) တွေဟာ အလုပ်မလုပ်နိုင်တော့ဘဲ အဲဒီလူဟာ သေသွားပါလိမ့်မယ်။ အဲဒီလိုဆိုရင် ကိုယ်ထဲက တောက်လျှောက်ထွက်နေတဲ့ အပူတွေကို ဘယ်လိုများ ထုတ်ပစ်နေသလဲဆိုတာ ပြောပြပါမယ်။

အပူတွေကိုယ်ထဲကအပြင်ထုတ်တဲ့နည်းက အဓိကသုံးမျိုးရှိပါတယ်။ တိုက်ရိုက်အထိအတွေ့က နေအပူထုတ်တဲ့နည်း (Conduction) ဥပမာ ရေခဲတုံးနဲ့ထိလို့ အရေပြားထဲက အပူဟာ ရေခဲတုံးထဲကို စီးဝင်သွားတာလိုဟာမျိုးပေါ့။ သိပ်ထိရောက်တဲ့ အပူထုတ်နည်းမဟုတ်ဘူး။ နောက်တစ်နည်းကတော့ လေကနေတစ်ဆင့် အပူထုတ်တာ (Convection) လို့ခေါ်တယ်။ ပန်ကာဖွင့်ထားရင် ပန်ကာလေကတစ်ဆင့် ကိုယ်ထဲကအပူထွက်သွားတာမျိုးပေါ့။ ဒီနည်းကလည်း နည်းနည်းပါးပါးပဲ ကိုယ်ထဲကအပူထုတ်ပေးနိုင်တယ်။ အရေးအကြီးဆုံးနဲ့ အဓိကအကျဆုံး ကိုယ်ထဲကအပူထုတ်နည်းကတော့ အရေပြားပေါ်မှာရှိတဲ့ ချွေးစက်ကလေးတွေ အငွေ့ပျံပြီး ငွေ့ပျံအောင်းပူလို့ခေါ်တဲ့ (Latent heat of evaporation) ခေါ် ကိုယ်ထဲမှာအောင်းနေတဲ့ အပူတွေကို စုပ်ယူစွန့်ထုတ်ပစ်တဲ့နည်းပဲ။ ဒါကြောင့် လူတွေမှာ ချွေးဆိုတာရှိနေပြီး ချွေးစက်ကလေးတွေ သူ့ဘာသာ အငွေ့ပျံပြီး ခြောက်သွားရမယ်။ ချွေးကနေ အပူထုတ်တဲ့နည်းဟာ ကိုယ်ခန္ဓာထဲက ပိုနေတဲ့အပူဓာတ်တွေ စွန့်ထုတ်ရာမှာ အသုံးအကျဆုံးနဲ့ မရှိမဖြစ် နည်းတစ်ခုဖြစ်တယ်လို့ သိပ္ပံနည်းကျဆေးပညာကဆိုတယ်။ အပူထုတ်ဖို့ အဓိကသော့ချက်ကတော့ ချွေးထုတ်ဖို့၊ ချွေးငုပ်မသွားဘဲ ချွေးအငွေ့ပျံသွားဖို့လို့ ဆိုလိုတာဖြစ်တယ်။

❐ အပူတွေကိုယ်ထဲက အပြင်ထုတ်တဲ့နည်းက အရေးအကြီးဆုံးနဲ့ အဓိကအကျဆုံး ကိုယ်ထဲက အပူထုတ်နည်းကတော့ အရေပြားပေါ်မှာရှိတဲ့ ချွေးစက်ကလေးတွေ အငွေ့ပျံပြီး ငွေ့ပျံအောင်းပူလို့ခေါ်တဲ့ (Latent heat of evaporation) ခေါ် ကိုယ်ထဲမှာအောင်းနေတဲ့ အပူတွေကို စုပ်ယူစွန့်ထုတ်ပစ်တဲ့နည်းပဲ။

ဒီလိုဆိုတော့ ကျွန်တော်တို့ မြန်မာအညာအပူဒဏ်ကာကွယ်တဲ့နည်းတွေမှာ အဓိကယူဆချက်၊ ခံယူချက်ဖြစ်တဲ့ ချွေးဟာ အရေးကြီးဆုံးပဲဆိုတာဟာ သိပ္ပံနည်းကျအယူအဆနဲ့ ကိုက်နေတာပေါ့။ မြန်မာအယူအဆ ချွေးစိုစိုလေး ထွက်နေဖို့၊ ချွေးမတိတ်ဖို့၊ ချွေးမငုပ်ဖို့ဆိုတာဟာ အပူလျှပ် (Heat Stroke) အန္တရာယ်က ကာကွယ်ဖို့ အထူးအရေးကြီးပါတယ်ဆိုတာမှန်နေတာပေါ့။ ရေချိုးတာ၊ရေခဲနဲ့ပတ်သက်တဲ့ မြန်မာအယူအဆတွေမှန် မမှန်ဆိုတာကို တစ်ဆက်တည်း စဉ်းစားကြည့်ရအောင်။ အညာအယူက နေပူပူထဲကပြန်လာရင် ဘယ်တော့မှ ရုတ်တရက် ရေမချိုးရ၊ ရေခဲရေ မသောက်ရဆိုတာတွေ မှန်သလား။ မှန်တာပေါ့။ အအေးဓာတ်နဲ့ ရုတ်တရက်တွေ့လိုက်ရင် အရေပြားမှာရှိတဲ့ သွေးကြောတွေ ချက်ချင်းကျုံ့သွားတတ်ပါတယ်။ (Vasoconstriction) အရေပြားထဲမှာ သွေးကြောတွေ ကျုံ့သွားရင် ချွေးမထွက်တော့ဘူးပေါ့၊ ချွေးငုပ်တာပေါ့။ ဒီလိုဖြစ်တတ်တာကို သိပ္ပံနည်းကျ စမ်းသပ်မှုတွေလုပ်ပြီး သက်သေပြထားတဲ့ စမ်းသပ်မှုတွေရှိပါတယ်။ လက်ညှိုးတစ်ချောင်းကို ရေခဲရေထဲမှာ နှစ်လိုက်ရင် ကျန်တဲ့ လက်တစ်ဖက်မှာ ချက်ချင်းကိုပဲ သွေးကြောတွေ ကျုံ့သွားပြီး သွေးလျှောက်နှုန်းကျသွားတာကို တွေ့ရတယ်။ ရေခဲရေမနှစ်တဲ့ လက်မှာ အလိုလို သွေးကြောကျုံ့သွားတာကို ပြောတာနော်။ ဒီလိုပဲ ရေခဲရေ သောက်ခိုင်းပြီး လက်တွေမှာသွေးလျှောက်နှုန်းတိုင်းရင်လည်း ချက်ချင်း သွေးလျှောက်နှုန်းကျသွားတာကို တွေ့ရတယ်။ ဒီလိုဖြစ်တာဟာ ရုတ်တရက် အအေးဓာတ်နဲ့ တွေ့လိုက်ရင် ခန္ဓာကိုယ်အနှံ့အပြားမှာရှိတဲ့ သွေးကြောတွေ ကျုံ့သွားခြင်း (Reactive vasoconstriction) ဖြစ်လို့ပါပဲ။ အရေပြားမှာရှိတဲ့ သွေးကြောတွေ ကျုံ့သွားတော့ချွေးရပ်သွားမယ်၊ ချွေးငုပ်သွားမယ်။ ဒီသဘောတရားနဲ့ စဉ်းစားကြည့်ရင် အပူထဲမှာအကြာကြီးနေပြီး အားကစားတွေ လှုပ်ရှားပြီး ရုတ်တရက် ရေချိုးလိုက်ရင်၊ ရေခဲရေသောက်လိုက်ရင် အရေပြား သွေးကြောတွေ ကျုံ့သွားပြီး ချွေးထွက်ရပ်သွားမှာပေါ့။ ချွေးမရှိတော့ရင် ကိုယ်ထဲမှာ ထွက်နေတဲ့အပူတွေ မထွက်နိုင်တော့ဘူး။ ဒါဆိုရင် အပူလျှပ် (Heat Stroke) ဖြစ်တော့မှာပေါ့။ မြန်မာအညာအယူတွေ မှန်နေပြန်ပြီ။

ရေခဲကိုကြောက်တာတော့ဟုတ်တယ်။ အမေကြီးတို့က ကျွန်တော် အငယ်ကဖျားလို့ အမေက ရေခဲရေနဲ့ ရေဖတ်တိုက်တာကို မလုပ်ဖို့ တတွတ်တွတ် ပြောလေ့ရှိတယ်။ အခုပြန်စဉ်းစားကြည့်တော့ နည်းနည်းပါးပါးဖျားတာလောက်ကို ရေခဲရေနဲ့ ရေပတ်တိုက်တော့ ကိစ္စမရှိဘူး။ ဒါပေမယ့် အပူချိန် ၁၀၇ ဒီဂရီလောက် ဖြစ်နေတုန်း ရေခဲရေနဲ့ တိုက်လိုက်ရင် သွေးကြောတွေကျုံ့ (Vasoconstriction) ဖြစ်သွားလို့ ချွေးလုံးဝရပ်သွားပြီး အပူငုပ်သွားတော့မှာပေါ့။ အပူရှပ်ပြီး အသက်အန္တရာယ်ရှိနိုင်ပါတယ်။ ဒီလိုဆို နွေရာသီပူပူလောင်လောင်မှာ အညာလူကြီးတွေ ရေခဲရေကို ကြောက်ကြတာမှန်တာပေါ့။

အားလုံးကို ခြုံပြီးပြောရရင် နှစ်စဉ်အပူလှိုင်းကျရာ အညာဒေသမှာ နေကြတဲ့ မြန်မာတွေ ဘိုးစဉ်ဘောင်ဆက် မိရိုးဖလာ အပူဒဏ်အန္တရာယ် ကာကွယ်ဖို့ တွေးခေါ်ယူဆကျင့်ကြံလာကြတဲ့ အနေအထိုင် နည်းစနစ်တွေဟာ မျက်မှောက်ခေတ် ဆေးပညာအယူအဆတွေနဲ့ ကိုက်ညီတယ်ဆိုတာပြောပါရစေ။ ဒီဆောင်းပါးကို ဖတ်ပြီးနောက်ဆုံးခေါင်းထဲမှာ စွဲကျန်နေခဲ့ရမယ့်အချက်အလက်တွေ အင်္ဂလိပ်လိုပြောရရင်တော့ (Take-home message)လို့ ခေါ်တဲ့ အနှစ်ချုပ်တွေကတော့

၁။ ပူပြင်းလှတဲ့ နွေရာသီမှာ ဂရုတစိုက်မနေထိုင်ဘူးဆိုရင် ချွေးငုပ်၊ အပူလျှပ် (Heat Stroke) ဖြစ်ပြီး သေနိုင်ပါတယ်။

၂။ အထူးသဖြင့် သတိပြုရမှာတော့ အပူလျှပ် (Heat Stroke)အဆင့်ကို ရောက်သွားရင် ကုရတာခက်ခဲပြီး အသက်အန္တရာယ်များလှတဲ့အတွက် မဖြစ်ခင်က ကာကွယ်တာဟာ အကောင်းဆုံးပါ။ ကာကွယ်ဖို့ နည်းလမ်းတွေ ပြောပါရစေ။

(က) ပေါ့ပေါ့ပါးပါး၊ ခပ်ပွပွ၊ ချည်ထည်အင်္ကျီတွေကို ဝတ်ပါ။ အရောင်ဖျော့တဲ့ အဝတ်တွေကိုပဲဝတ်ပါ။

(ခ) နေ့လယ်နေသိပ်ပူတဲ့ အချိန်မှာဖြစ်နိုင်ရင် နေပူထဲမှာ ပြင်းပြင်းထန်ထန်လှုပ်ရှားရမယ့် အားကစားတွေမလုပ်ပါနဲ့၊ မတတ်သာလို့ ဒီလိုအနေအထားမျိုးနဲ့ အလုပ်တွေလုပ်ပြီး လှုပ်ရှားနေရမယ်ဆိုရင် ရေသန့်ဘူးခွံ တစ်ဘူးထဲမှာ ရေထည့်၊ ဆား လက်ဖက်စားဇွန်း တစ်ဇွန်းလောက် ခပ်ထည့်ပြီး များများသောက်ပေးပါ။ ရေငတ်အောင် မစောင့်ပါနဲ့၊ ရေငတ်မှ သောက်တယ်ဆိုရင် နောက်ကျနေပြီ။

(ဂ) အဲဒီလို နေပူထဲသွားလှုပ်ရှား၊ ကစား၊ ပြန်လာရင် ရုတ်တရက် ချက်ချင်းဘယ်တော့မှ ရေမချိုးလိုက်ပါနဲ့။ သိပ်အေးတဲ့ရေခဲရေတွေ၊ ရေအေးတွေနဲ့ ရေဖတ်မတိုက်လိုက်ပါနဲ့၊ ချွေးငုပ်သွားတတ်တယ်။ လှုပ်ရှားထားလို့ ကိုယ်ထဲကတရှိန်ရှိန်ထွက်နေတဲ့အပူတွေ အပြင်ကို မထွက်နိုင်တော့ဘူးပေါ့။ အဲဒီလို ချွေးငုပ်ပြီး ကိုယ်ထဲကအပူတွေ မထွက်နိုင်ဘဲ ကိုယ်တအားပူလာပြီး သတိလစ်၊ ကယောင်ချောက်ချားဖြစ်တာကို အပူရှပ်တယ်လို့ခေါ်ပါတယ်။

မီးသတ်တပ်ဖွဲ့နေ့ ကလေးမြို့တွင်ကျင်းပ

ကလေး မေ ၇

ကလေးမြို့ ခရိုင်မီးသတ်ဦးစီးဌာနရုံးရှေ့၌ (၆၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို မေ ၅ ရက်က ကျင်းပရာ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် အောင်သူဦးနှင့်တပ်ရင်းတပ်ဖွဲ့မှူးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်နှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ ၁၀၀ ကျော်တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း-ဒေါ်နန်းသန်းထွေးမိသားစုက မီးသတ်ကားဝယ်ရန်အလှူငွေကျပ်သိန်း ၂၅ဝ၊ မြတ်မေတ္တာမွန် ရေနံကုမ္ပဏီမှ ဒေါက်တာဝင်းမြင့်မိသားစုက အလှူငွေကျပ် ၁၀ သိန်း၊ နေရှင်နယ်ကားပစ္စည်းဆိုင် ဦးရည်မွန်မှ အရန်မီးသတ်တပ်ဖွဲ့ဝတ်စုံ ၁၅ စုံအား ပင်လုံရပ်ကွက်မီးဘေးလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သို့ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။ **သိန်းစိုး(ကလေး)**

ရာသီဥတုပြောင်းလဲမှုနှင့် နောက်ဆက်တွဲရလဒ်များ

ရေး/ရိုက်၊ ဥမ္မာသန့်၊ ရီရီမြင့်

ယမန်နေ့မှအဆက်

မြန်မာနိုင်ငံ၏ရာသီဥတု ပြောင်းလဲမှုများကြောင့် အပူချိန်လွန်ကဲမှု၊ မိုးခေါင်မှု စသည့် ရာသီဥတုဖြစ်စဉ်များ ၊ ခရမ်းလွန်ရောင်ခြည်မြင့်တက်မှုမှ ကာကွယ်ရန်အတွက် အများပြည်သူသိရှိစေရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) မိုးလေဝသပညာရှင် ဒေါက်တာဦးထွန်းလွင်အား သတင်းစဉ်အဖွဲ့က သွားရောက်မေးမြန်းခဲ့သည်။

ဒါက ကျန်းမာရေး ပြဿနာပေါ့၊ ဒါပေမယ့် အပူမရှိဘူးလားဆိုတော့ ရှိတာပေါ့၊ ဘယ်လိုအပူရှိသလဲဆိုတာ ခရမ်းလွန်ရောင်ခြည်မြင့်ပြီး တိမ်မရှိတဲ့အတွက် မိုးရွာဖို့ဖြစ်စဉ်မရှိနိုင်ဘူး၊ ဒါပေမယ့် ဒီနှစ်ကတော့ ထူးထူးခြားခြား ခရမ်းလွန်ရောင်ခြည် မြင့်မားပေမယ့် အခုနောက်ပိုင်း နည်းနည်းလျော့လာတယ်။ မြန်မာနိုင်ငံအလယ်ပိုင်းလောက်မှာပဲ အမြင့်ဆုံးရှိတော့တယ်။ အထူးသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့မှာ ယနေ့အချိန်ထိ **X-Rays** ဖြတ်တာ(၁၂-၁၃) လောက် ရှိသေးတယ်။

မေး ။ ။ ခရမ်းလွန်ရောင်ခြည်ကို ဘယ်လိုကာကွယ်ရမလဲ သိပါရစေဆရာ။

ဖြေ ။ ။ ခရမ်းလွန်ရောင်ခြည်ဆိုတာ အသိပါပဲ၊ ခရမ်းလွန်ရောင်ခြည် သဘောသဘာဝ သိဖို့လိုတယ်။ သူက နေရောင်ခြည်ကနေပါလာတဲ့ ရောင်ခြည်တစ်ခုပါပဲ၊ ခရမ်းလွန်ရောင်ခြည် ကာကွယ်ချင်ရင် ခရမ်းလွန်ရောင်ခြည်ရဲ့ သဘောသဘာဝကို သိရမယ်၊ ခရမ်းလွန်ရောင်ခြည်ဆိုတာ နံပါတ်(၁)က နေရောင်ခြည်ကပါတဲ့ ရောင်ခြည် အဲဒီတော့နေရောင်ခြည်ရှိတဲ့နေရာတိုင်းမှာ ခရမ်းလွန်ရောင်ခြည်ရှိတယ်။ ဒါပေမယ့် သာမန်အားဖြင့် ခရမ်းလွန်ရောင်ခြည်ဟာ နေရာမရွေး အချိန်တိုင်းရှိတယ်လို့ ဆိုပေမယ့် သူ့မှာ **Level** ဆိုတာရှိတယ်။ **Level** ဆိုတာ **Low, Medium, High** ရှိတယ်။ ယေဘုယျအားဖြင့် **Level** ဆိုတာ **Low** နဲ့ **Medium** ကြားမှာပဲရှိတယ်၊ ဒါပေမယ့် အကြောင်းကြောင်းတွေကြောင့် **Level** ဟာ မြင့်တက်လာလို့ **High** ဖြစ်လာမယ်ဆိုရင် ကျန်းမာရေးပြဿနာတွေဝင်လာနိုင်တယ်။ အဓိကအကြောင်းက ဘာလဲဆိုတာမေးရင် ခရမ်းလွန်ရောင်ခြည် နေရောင်ခြည်ကပါတဲ့ ရောင်ခြည်ဖြစ်တဲ့အတွက် လူတွေရှိတဲ့ ကမ္ဘာမြေကို ရောက်ဖို့အတွက် လေထုထဲကိုဖြတ်ရမယ်။ နေရောင်ခြည်ထဲမှာပါလာတဲ့ ခရမ်းလွန်ရောင်ခြည်ကို စစ်ပေးတဲ့အလွှာရှိတယ်၊ အဲဒါကို ဒီနေ့နာမည်ကျော် လူသိများပါတယ်။ အိုဇုန်းလွှာလို့ခေါ်တယ်။ အိုဇုန်းဓာတ်ငွေ့တွေက ခရမ်းလွန်ရောင်ခြည်နဲ့ထိပြီး ဓာတ်ပြုပြီး လူတွေရှိတဲ့နေရာကို ရောက်လာတယ်။ အဲဒါ အိုဇုန်းလွှာက ပါးနေ၊ ပေါက်နေတယ်၊ အဲဒီတော့ အဲဒီအကာအကွယ်ပေးတဲ့ အိုဇုန်းလွှာက ဘာဖြစ်လာလဲဆိုတော့ အိုဇုန်းလွှာပေါက်သွားတယ်။ အဲဒီတော့ တို့ဒေသမြန်မာနိုင်ငံ အရှေ့တောင်အာရှမှာ ခရမ်းလွန်ရောင်ခြည် သိပ်မြင့်တယ်။ အိုဇုန်းလွှာပေါက်တဲ့ အဆင့်မဟုတ်ဘူး၊ ပါးတဲ့အဆင့်ပဲရှိသေးတယ်။ အိုဇုန်းလွှာပါးတယ်ဆိုတာ သေချာတာပေါ့၊ ဘာကြောင့်ပါးလဲဆိုတော့ ဖန်လုံအိမ်ဓာတ်ငွေ့တွေများလာလို့၊ ဖန်လုံအိမ် ဓာတ်ငွေ့တွေ များလာတယ်ဆိုတာ ယုတ္တိရှိလားလို့မေးရင် ယုတ္တိရှိတာပေါ့၊ ယုတ္တိရှိတဲ့အကြောင်းရင်းရှိတယ်။ ပထမဦးဆုံး အရှေ့တောင်အာရှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ပတ်သက်ပြီး နာမည်ဆိုးတဲ့ဒေသဖြစ်တဲ့ ပထမအချက်က ကမ္ဘာမှာ သစ်တောပြုန်းတီးဆုံး ထိပ်ဆုံးလေးနိုင်ငံထဲမှာ အရှေ့တောင်အာရှ သုံးနိုင်ငံပါတယ်။ ထိပ်ဆုံးက ဘရာဇီး၊ ပြီးရင် နံပါတ်(၂) ဖိလစ်ပိုင်၊ ပြီးရင် အင်ဒိုနီးရှား၊ နောက်ဆုံး မြန်မာ၊ သစ်တောပြုန်းတဲ့အတွက် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးကို ပျက်စီးစေတယ်။ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှု ပျက်စီးရင် အိုဇုန်းလွှာပါးပြီ။ နောက်တစ်ခုက ကမ္ဘာကြီးပူနွေးလာရခြင်းအကြောင်း ဘာလဲလို့ လေ့လာတဲ့အခါ ပညာရှင်တွေအပြောများတာကတော့ ဓာတ်ငွေ့ထုတ်လုပ်မှုများလို့၊ အရင်တုန်းကတော့ ဓာတ်ငွေ့ထုတ်လုပ်မှုများတဲ့နိုင်ငံတွေက ဖွံ့ဖြိုးပြီးနိုင်ငံတွေ၊ **Development Countries** တွေ၊ အဲဒီမှ နံပါတ်(၁)ထိပ်ဆုံးကတော့ အမေရိကန်လို့ပြောတယ်။ ဒီကနေ့ ဓာတ်ငွေ့ထုတ်လုပ်မှု နိုင်ငံအများဆုံး အမေရိကန်မဟုတ်တော့ဘူး၊ တရုတ်ဖြစ်သွားပြီ၊ အဲဒီ တရုတ်ဆိုတာ ကိုယ့်ရဲ့အိမ်နီးချင်း၊ နောက် အရှေ့တောင်အာရှနားမှာရှိတယ်၊ အိန္ဒိယကလည်းမနိမ့်ဘူး၊ အဲဒီ(၂)ချက်နဲ့တင်ပဲ အိုဇုန်းလွှာက ပါးလောက်ပြီ၊ ပေါက်ချင်လည်း ပေါက်လောက်ပြီ မပြောတတ်ဘူး၊ ဒီလိုနဲ့ ခရမ်းလွန်ရောင်ခြည်က မြေပြင်ပေါ်ကိုရောက်လာပြီး အိမ်နီးချင်းနိုင်ငံတွေကို တစ်နှစ်ထက် တစ်နှစ်ပူလာစေတယ်။ ဒါသေချာတယ်။ ခရမ်းလွန်ရောင်ခြည်ကို တစ်နှစ်လုံးအတိုင်းအတာနဲ့ ကြည့်မယ်ဆိုရင် အမြဲတမ်းမြင့်နေသလားဆိုရင် မဟုတ်ပါဘူး၊ သူမြင့်တာက နွေရာသီဖြစ်တယ်၊ နွေရာသီမှာလည်း ခရမ်းလွန်ရောင်ခြည် တစ်နေ့လုံးမြင့်သလားဆိုရင် မဟုတ်ပါဘူး၊ သူအမြင့်ဆုံးက မွန်းတည့်ချိန်ပဲ၊ များသောအားဖြင့် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ ခရမ်းလွန်ရောင်ခြည် အမြင့်ဆုံးပဲ၊ ဒီလိုကာလလေးတွေရှိတယ်။ နောက်တခြား အချက်လေးတွေအပေါ်မှာ မူတည်တာလည်းရှိတယ်၊ တခြားအချက်တွေကတော့ လတ္တီတွဒ်အနိမ့်အမြင့်ပေါ်မူတည်ပါတယ်၊ နိမ့်လေ ခရမ်းလွန်ရောင်ခြည် မြင့်လေပဲ၊ နောက်တစ်ချက် နေရဲ့ အရပ်ဒေသရဲ့အနိမ့်အမြင့် အော်တီကျူပေါ်မူတည်ပါတယ်။ အော်တီကျူများလေ ခရမ်းလွန်ရောင်ခြည်မြင့်လေပါပဲ၊ တခြားအချက်တွေက တိမ်ဖြစ်ထွန်းမှုအနည်းအများပေါ် မူတည်ပါတယ်။ တိမ်များများဖြစ်လေ ခရမ်းလွန်ရောင်ခြည် ကျရောက်မှုနည်းလေပါပဲ၊ တိမ်တွေပါးပြီးတော့ ကောင်းကင်ကြီး ကြည်ပြီး ပြာနေမယ်ဆိုရင် ခရမ်းလွန်ရောင်ခြည် ပိုများနိုင်တယ်။ ဘာလို့လဲဆိုရင် နေရောင်ခြည်က ပိုလာနိုင်တယ်။ ဒါကြောင့် လူတွေရဲ့ အသားရောင်ပေါ်မှာလည်း မူတည်နေတယ်။ အသားဖြူတဲ့လူ၊ လတ်တဲ့လူက ခရမ်းလွန်ရောင်ခြည်ပိုထိတယ်၊ အသားညိုတဲ့လူ မည်းတဲ့လူက ခရမ်းလွန်ရောင်ခြည်ကို ပိုခံနိုင်တယ်၊ ဒီနေရာမှာတော့ အသားမည်းက ရွှေခဲပဲ၊ ခရမ်းလွန်ရောင်ခြည်နဲ့ပတ်သက်လာရင် အဲဒီအချက်လေးတွေပေါ် မူတည်ပါတယ်။ တစ်နေရာတည်းမှာပဲ ဒီနေ့ ခရမ်းလွန်

ရောင်ခြည် နိမ့်နေပေမယ့် မနက်ဖြန် မြင့်ချင်မြင့်နေမယ်၊ အဲဒါကြောင့် ခရမ်းလွန်ရောင်ခြည်နဲ့ ပတ်သက်ပြီးတော့ ဗဟုသုတရှိဖို့လိုတယ်။ အတိုချုပ်ပြောရရင်တော့ ကိုယ်နေတဲ့နေရာမှာ ခရမ်းလွန်ရောင်ခြည် အဆင့်ဘယ်လောက်ရှိလဲ သိရမယ်၊ သတ်မှတ်ချက်တွေရှိတယ်၊ အဆင့်(၁၂)ဆင့် ရှိတယ်၊ အနိမ့်ဆုံးက သုညပေါ့၊ ညဆိုရင် သုညပေါ့၊ နေရောင်ခြည်မှာ မရှိတော့တာ သုညကနေ အဆင့်(၁၁+) အထိရှိတယ်။ အဆင့်(၁၁)မှာ ရပ်မနေဘူး၊ သူ့အထက်မှာ ရှိသေးတယ်။ ဒါပေမယ့်တစ်ကမ္ဘာလုံးမှာ (၁၁)အထက်က အမြင့်ဆုံးပဲ၊ ယေဘုယျကတော့ သုညကနေ အဆင့်(၃) အထိက နိမ့်တယ်လို့ခေါ်တယ်။ အဆင့်(၄)မှ (၇)အထိ အလယ်အလတ်ပါ၊ အဆင့်(၈)အထက်က မြင့်တယ်လို့ခေါ်တယ်။ မြန်မာပြည်ကအဆင့်(၁၄)လောက်ဖြစ်နေတယ်ဆိုတော့ အဲဒီသဘာဝရှိပါတယ်။ ဆိုကြပါတော့ မြန်မာပြည်က လွန်ကဲတဲ့အဆင့်ရောက်နေပြီ။ ဒီအဆင့်က ခရမ်းလွန်ရောင်ခြည် တော်တော်မြင့်နေပြီ၊ ဒီလိုဆိုရင် အန္တရာယ်ရှိနေပြီ၊ ရှိနေပြီဆိုရင် ဘယ်လိုအကာအကွယ်တွေ လုပ်ရမလဲဆိုရင် နွေရောက်ပြီဆိုရင် မွန်းတည့်အချိန်က အန္တရာယ်အရှိဆုံးအချိန်၊ နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ အချိန်တွေမှာ နေရောင်ခြည်ထိတွေ့မှု တတ်နိုင်သမျှရှောင်သင့်တယ်။ မဖြစ်မနေ နေရောင်ခြည်ထဲသွားရင်လည်း အချိန်ကြာကြာ မနေနဲ့၊ အချိန်ကြာလည်း နေလို့မရဘူး။ အလုပ်သဘောနေရမယ်ဆိုရင်လည်း အကာအကွယ်ယူသင့်တယ်။ အကာအကွယ်ယူတဲ့အခါမှာ ပထမဦးဆုံး မျက်နှာအကာအကွယ်အတွက် ဦးထုပ်လိုတယ်၊ ဥပမာ ပြန့်ကားတဲ့ ဦးထုပ်မျိုး၊ မျက်စိအန္တရာယ်လည်းရှိတဲ့အတွက် ရောင်ခြည်ကာမျက်မှန်ကိုတပ်သင့်တယ်၊ သီးသန့်ရှိတယ်။ ခန္ဓာကိုယ် လက်တွေ၊ ခြေထောက်တွေ ကာကွယ်ဖို့အတွက် အဝတ်အစား အပြည့်အစုံ ဝတ်သင့်တယ်၊ နောက်ဆုံးအဆင့်က ထီးဆောင်းသင့်တယ်၊ ငွေကုန်ကြေးကျနည်းပါတယ်။ အဲဒီလိုလုပ်ရင် နေရောင်ခြည်နဲ့ မိမိအသားအရေ တိုက်ရိုက်မထိတွေ့ရင် အန္တရာယ်မရှိဘူး၊ အဲဒီအချက်တွေ လိုက်နာရင် ခရမ်းလွန်ရောင်ခြည်ဘေးက လျော့ပါးအောင် ကာကွယ်နိုင်ပါတယ်။

မေး ။ ။ အပူချိန် လွန်ကဲမှုနှင့်ပတ်သက်ပြီး နောက်ဆက်တွဲ ရာသီဥတု ဘာတွေများဖြစ်နိုင်မလဲ။

ဖြေ ။ ။ နောက်ဆက်တွဲ ရာသီဥတုနဲ့ပတ်သက်ပြီး ပြဿနာတွေအများကြီးပေါ့။ မြန်မာပြည်တစ်ပြည်လုံး ဒီနှစ်ပြဿနာအဖြစ်ဆုံးက ရေရှားပါးမှုပါပဲ။ သိတဲ့အတိုင်းပဲ မြန်မာပြည်မှာ မြစ်ကြီးတွေရှိတယ်။ ယနေ့ မြစ်ရေရရှိမှု **Source** က တစ်နှစ်တာအတွင်းမှာ မိုးရွာတဲ့ကာလ၊ မိုးမရွာတဲ့ကာလ မိုးရွာတဲ့ကာလတွေမှာ မြစ်တွေအားလုံးက မုတ်သုံမိုးတွေရမယ်၊ မိုးမရွာတဲ့ကာလ အေးပြီးခြောက်သွေ့တဲ့ ဆောင်းရာသီ၊ ပူပြင်းခြောက်သွေ့တဲ့နွေရာသီ အနည်းဆုံး ငါးလလောက်ရှိတယ်။ မိုးက မရွာတော့ဘူး၊ အဲလိုကာလမျိုးတွေမှာ ဒီမြစ်ကြီးတွေ ဘယ်လိုအသက်ဆက်ကြမလဲဆိုတော့ ကံကောင်းတာက မြန်မာပြည်ရဲ့မြောက်ဘက်မှာ ရေတွေကို သိုလှောင်ထားတဲ့ တင်စားပြောရရင် **Freezer** တစ်ခုလိုပဲ၊ ရေတွေကိုခဲပြီးတော့ သိုလှောင်ထားတဲ့ ဟိမဝန္တာတောင်ခြေမှာရှိတဲ့ တစ်နှစ်လုံးရေရှိတယ်။ ရေခဲမြစ်ဟာ နွေရောက်ရင် အရည်ပျော်ကြလာပြီး အဲဒီရေတွေက ဧရာဝတီမြစ်ထဲ စီးဆင်းကြတယ်။

ဟိမဝန္တာတောင်ရေခဲမြစ်ပေါ်မှာ ခိုနေရတဲ့ မြစ်ပေါင်းရှစ်ခုရှိတယ်။ မြန်မာမှာတော့ ဧရာဝတီပေါ့၊ ချင်းတွင်းလည်းပါမှာပေါ့၊ ဒါပေမယ့် လက်ရှိကာလမှာ အပူချိန်မြင့်ပြီး၊ ရာသီဥတုပြောင်းလဲလာပြီး ဘယ်လိုတွေဖြစ်လာလဲဆိုတော့ နံပါတ်(၁)က မုတ်သုံမိုးရက်(၄၀)လွန်သွားပြီ၊ မုတ်သုံမိုးပမာဏ(၃၀)ရာခိုင်နှုန်းလောက် လျော့သွားပြီ၊ နံပါတ်(၂)က မိုးတွင်းကာလ ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းတွေမဖြစ်တော့ဘူး၊ မုတ်သုံမုန်တိုင်းဆိုတာ မရှိမဖြစ် လိုအပ်ပါတယ်။ မုန်တိုင်းသည် မုတ်သုံ၏ **Feature** တစ်ခုပါပဲ၊ မုတ်သုံနဲ့ဆိုင်တဲ့ အချက်အလက်တစ်ခုပါပဲ၊ မုတ်သုံမုန်တိုင်းတွေရဲ့ သဘာဝဟာ ဘာလဲဆိုရင် မုတ်သုံကာလအတွင်း ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းဟာ နှစ်ပတ်တစ်ခါ အနည်းဆုံး လေဖိအားနည်းရပ်ဝန်းအားကောင်းလာရင် မုန်တိုင်းငယ်လေး နှစ်ပတ်တစ်ခါဖြစ်တယ်၊ ဖြစ်လိုက်တာနဲ့ မုတ်သုံက အားကောင်းလာတယ်။ မုတ်သုံက ခဏခဏ ဆွဲတင်ပေးသလိုဖြစ်တယ်။ မုတ်သုံက တက်လိုက်ကျလိုက်ဖြစ်နေတယ်။ ဘင်္ဂလားပင်လယ်အော်မှာ မုတ်သုံက တစ်လမှာ ရက် ၃၀ မှာ ၂၈ ရက်က ကောင်းနေတော့ ၂၈ ရက်လောက် မိုးရွာတယ်၊ ရေလည်းပါတယ်။ ပျံ့ပျံ့နှံ့နှံ့လည်းရှိတယ်။ မုတ်သုံမိုးရွာလိုက်ရင် တစ်နိုင်ငံလုံးမိုးရပြီး နောက်အရင်တုန်းက မုတ်သုံမိုးတွေက အရှိန်အားဖြင့်ကြည့်ရင် ဖြန့်ဝေမှုကောင်းတယ်၊ ရက် ၃၀ တစ်လမှာ ၂၈ ရက်လောက် မိုးရွာတယ်။ နေရာအနှံ့အပြားရွာတော့ စိုက်ပျိုးရေးကောင်းတယ်၊ သောက်သုံးရေ ပြဿနာမရှိဘူး၊ မြန်မာပြည်မှာ ရေနဲ့ပတ်သက်ရင် ဘာပြဿနာမှမရှိတဲ့နိုင်ငံ၊ အခု မြေအောက်ရေတွေလည်းခန်းလာပြီ၊ ရေတွေနဲ့ပတ်သက်ပြီး လူတွေအပေါ်မှာ ခြောက်လှန့်မှုတွေဖြစ်လာတယ်။ မုတ်သုံမိုးရရှိမှု မုန်တိုင်းကာလမှာ မုန်တိုင်းလည်း မဖြစ်တော့၊ မုန်တိုင်းမိုးလည်း မရတော့ဘူး၊ နောက်တစ်ခါခြောက်သွေ့ကာလမှာ ဟိမဝန္တာရေခဲတောင် အရည်ပျော်မှုမရှိတော့ဘူး၊ ကမ္ဘာကြီးပူနွေးလာမှုကြောင့်၊ မြစ်တွေမှာ ရေသိပ်မရှိတော့ဘူး၊ ရေရရှိမှုလျော့လာတယ်။ ဆောင်းတွင်းကတည်းက မြစ်တွေရေခန်းခြောက်သွားတာ ပြည်တွင်းရေကြောင်းတွေ ဖျက်သိမ်းရတဲ့အထိဖြစ်သွားတယ်။ သင်္ဘောတွေ သောင်တင်တာတို့၊ မှောက်တာတို့ အများကြီးဖြစ်တယ်၊ အခု နွေလည်းရောက်လာရော သောက်သုံးရေ၊ စိုက်ပျိုးရေမရှိတော့ဘူး၊ ဘေးနားကနေ ရေကုသိုလ်သွားလုပ်ပေးကြတယ်။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွေ ရေမရတဲ့ဒေသတွေ ပိုမိုကျယ်ပြန့်လာတယ်။ အဝီစိတွင်းတူးတော့ ရေအောက်ရေကလည်း အရင်လိုမရတော့ဘူး။ ပေ ၂၀၀၊ ၃၀၀ လောက်ဆိုရင် ရေမရနိုင်ဘူး။ ပေ ၅၀၀ အောက်နက်မှ ရနိုင်တယ်။ ရေနဲ့ပတ်သက်တဲ့ စီမံခန့်ခွဲမှုကလည်း အားနည်းနေတော့ ဒီပြဿနာကတော့ တစ်နေ့တခြားကြီးထွားလာနိုင်တယ်။

မေး ။ ။ ဆရာ့အကြံပြုချက်လေး သိပါရစေ။

ဖြေ ။ ။ မကြာသေးမီ ၂၀၁၂ က အာရှဖွံ့ဖြိုးမှုဘဏ်က အလုပ်ရုံဆွေးနွေးပွဲတစ်ခုလုပ်တယ်။ ရေနဲ့ပတ်သက်ပြီး ကြေညာချက်ထုတ်ရတယ်။ အရှေ့တောင်အာရှမှာ ရေရှားပါးမှုပြဿနာ ကြုံတွေ့နေရပြီလို့ ကြေညာသွားပြီ၊ မြန်မာပြည် ဒီထဲမှာပါနေပြီ၊ ရေအသက်တစ်မနက်ဆိုတဲ့အတွက် ရေရှားတာဟာ အားလုံးရဲ့ အရင်းအမြစ်ပဲ၊ လူမှုအဖွဲ့အစည်းတစ်ခုလုံးကို ကိုင်လှုပ်နိုင်တယ်။ မြန်မာနိုင်ငံဟာ အမှန်ပြောရရင် မြန်မာပြည်ဟာ ရာသီဥတုပြောင်းလဲမှုမှာ ပါနေတယ်။ အပူချိန်မြင့်တွေ အပါအဝင် မိုးကြိုးပစ်တာ၊ လေဆင်နှာမောင်းတိုက်တာ လွန်ကဲရာသီတိုးနေတဲ့ နိုင်ငံလည်းဖြစ်တယ်။ မနှစ်က စစ်တမ်းတစ်ခုမှာ ကမ္ဘာပေါ်တွင် သဘာဝဘေးအန္တရာယ်အဖြစ်ဆုံး ထိပ်ဆုံး(၁၀)နိုင်ငံမှာ မြန်မာနိုင်ငံက ဒုတိယပါဝင်နေတယ်။ သစ်တောပြုန်းတီးမှုမှာ နံပါတ်(၄)ဖြစ်တယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းမှုမှာ အလွန်ယိုယွင်းနေတယ်လို့ မြင်တယ်။ ဒါကို အလေးအနက်ထားဖို့လိုတယ်။ မြန်မာနိုင်ငံက အခု ဒီမိုကရေစီစနစ်ကျင့်သုံးနေတယ်၊ တိုင်းသစ်ပြည်သစ်ကို သွားနေတယ်၊ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းကို လျှောက်နေပြီ၊ **FDI** တွေလည်း အများကြီးပဲ၊ **ADB Bank** က မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ ဆန်းစစ်ချက်တွေကို နိုင်ငံတကာပညာရှင်တွေခေါ်ပြီးတော့ မြန်မာနိုင်ငံရဲ့အခြေအနေကို **NGO** ဖွဲ့ပြီး အစီရင်ခံစာထွက်တယ်။ ၂၀၁၂ ဩဂုတ်လမှာ **ADB Bank** က ထုတ်တယ်။ ဒီစာအုပ်က "ခေတ်ကူးပြောင်းနေသော မြန်မာနိုင်ငံ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ" ဒီစာအုပ်မှာ မြန်မာနိုင်ငံဟာ လက်ရှိကြုံတွေ့နေရတဲ့ ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝဘေးအန္တရာယ်များကြောင့် လမ်းကြောင်းဟာ နှောင့်နှေးသွားနိုင်တယ်။ လမ်းချော်သွားနိုင်တယ်လို့ ရေးထားတယ်။ လူတွေဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို လုပ်နေပေမယ့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို ထည့်သွင်းစဉ်းစားတာ မရှိသလောက်ပါဘဲ။ နိုင်ငံကြီးတစ်ခုလုံးအနေနဲ့ ခြုံပြောရရင် နိုင်ငံတော်ဖွဲ့စည်းထားတာလည်း အားနည်းတယ်၊ ဖွဲ့စည်းထားတဲ့အဖွဲ့အစည်းလည်းမရှိဘူး၊ ပညာရှင်ပိုင်းကလည်း အားနည်းနေတော့ အဲဒါက ကောင်းတဲ့လက္ခဏာမဟုတ်ပါဘူး။ ဒါကို အချိန်မီပြင်ဖို့လိုပါတယ်။ ဒီကနေ့ခေတ်က နည်းပညာခေတ်၊ အသိဉာဏ်ခေတ်၊ ဒုက္ခကိုတော့ မပြောနဲ့၊ လူတိုင်းတွေ့နေတယ်။ ဒါပေမယ့် အဲဒီဒုက္ခတွေကို ဉာဏ်ရှိတဲ့သူတွေ၊ အသိရှိတဲ့သူတွေ ကောင်းမွန်တဲ့စီမံခန့်ခွဲမှုတွေရှိရင် တိုင်းပြည်ကကောင်းသွားမယ်။ မရှိခဲ့ရင်တော့ ခါးကော့ခံရမယ်။ ဒါကို အမြဲတမ်းပြောနေတဲ့ စကားလေးတစ်ခွန်းရှိပါတယ်။ ရာသီဥတုပြောင်းလဲမှုနဲ့ပတ်သက်ပြီး မေးကြတယ်။ ဘယ်လိုကိစ္စလဲမေးရင် ဖြေနေကျစကားလေးရှိပါတယ်။ ရာသီဥတုပြောင်းလဲမှုဆိုတာ ရာသီဥတုပြောင်းလဲမှုကို ချစ်ချင်လည်းချစ်မယ်။ မုန်းချင်လည်းမုန်းမယ်၊ သဘောပဲ။ ဒါပေမယ့် ပစ်ပယ်လို့မရဘူးဆိုတာ လူတိုင်းသိစေချင်ပါတယ်။ အားလုံးနဲ့ဆိုင်တယ်။ ဒီပြဿနာ ဘယ်လောက်ကြီးလဲဆိုရင် လူသားမျိုးနွယ်ကြီးတစ်ခုလုံး ပျောက်ကွယ်သွားသည်အထိ အန္တရာယ်ကြီးနိုင်တယ်။ ဒီအချက်က အရေးကြီးတဲ့အချက်ဒါတွေကို လူတိုင်းသိဖို့လိုတယ်။ လူထုကြားမှာ ဒီအသိတွေ ပျံ့နှံ့ဖို့လိုတယ်။ ဒါပေမယ့်လူထုက ဘယ်လောက်ပဲကောင်းတာလုပ်လုပ် ကောင်းမွန်တဲ့စီမံခန့်ခွဲမှု **Political Support, Good Goverment** ဝင်ပြီးမရပ်တည်ဘူးဆိုရင် ဒီလုပ်ငန်း မအောင်မြင်နိုင်ပါဘူး။ အားလုံးဝိုင်းလုပ်မှရနိုင်မယ့်အလုပ်ဖြစ်တဲ့အတွက် အကုန်ဝိုင်းဝန်းလုပ်မှ ရတဲ့အလုပ်မျိုးဖြစ်ပါတယ်။

မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် ရာသီဥတုပူပြင်းလာ၍ လူတိုင်း မိုးကိုမျှော်နေကြသည်။ ထွန်းဖောင်ဒေးရှင်းစာပေဆုရ ဒေါက်တာထွန်းလွင်၏ "လာပါတော့ အခါခါမော့၊ မာလာကြော့ မျှော်ပေါ့ မိုးရာသီ" စာအုပ်အမည်လေးကို စိတ်ထဲမှ ပြေး၍သတိရမိပါတော့သည်။

ပြည်တွင်းသတင်း

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ကျွန်းတက်ပဲ့ကျေးရွာ စက်မှုလယ်ယာစနစ် ဧက ၃၀၀၀ စိုက်ခင်း ထွန်တုံးပိတ်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မေ ၇

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ကျွန်းတက်ပဲ့ကျေးရွာ စက်မှုလယ်ယာစနစ် ဧက ၃၀၀၀ စိုက်ခင်း အန္တရာယ်ကင်း ပရိတ်တရားတော်နာယူပွဲနှင့် ထွန်တုံးပိတ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါစက်မှုလယ်ယာမြေ၌ ကျင်းပသည်။

ရှေးဦးစွာ ပျဉ်းမနားမြို့နယ် မဟာလယ်တီ စံကျောင်းတိုက် ဦးစီးပဓာနနာယက နေပြည်တော် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကုန္ဒာဝုဓ ဦးဆောင်သော သံဃာတော် ၂၇ပါးတို့က စက်မှုလယ်ယာဧက ၃၀၀၀ စိုက်ကွင်းအတွင်း ကြွချီလှည့်လည်ကြည့်ရှုခြင်းနှင့် မေတ္တာဘာဝနာပွားများ စီးဖြန်းပေးခြင်းတို့ကို ဆောင်ရွက်တော်မူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က နွေစပါးစိုက်ပျိုးရာသီ ထွန်တုံးပိတ်ပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို တင်ပြလျှောက်ထားရာတွင် တောင်သူလယ်သမားများ၏စိုက်ပျိုးထားရှိသော စပါးသီးနှံများ ပိုးမွှားရောဂါဖျက်ဆီးခြင်းမှ ကင်းစင်စေရန်အတွက် လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်ဖျက်ဆီးခြင်းမှ ကင်းဝေးစေရန် အတွက်လည်းကောင်း မေတ္တာဘာဝနာပွားများပြီး ထွန်တုံးပိတ်ပွဲတော်များ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ နွေစပါးကို ရာသီအချိန်မီ ထွန်ယက်မြေပြုပြင်ကြခြင်း၊ အချိန်မီ ပျိုးထောင်ခြင်း၊ အချိန်ကိုက်စိုက်ပျိုးခြင်းဖြင့် စပါးများရင့်မှည့်ချိန်တွင် မိုးလွတ် လေလွတ်ရိတ်သိမ်းနိုင်ကြမည်ဖြစ်ပြီး လေလွင့်ဆုံးရှုံးမှုမှ သက်သာစေမည်ဖြစ်ပါကြောင်းဖြင့် လျှောက်ထားသည်။

အခမ်းအနားတွင် မိုးနှင့်သက်ဆိုင်သော ဝလာဟကနတ်၊ ပဇ္ဇုန္နနတ်နှင့် မိုးယ်ရပ်ပျော်ပါးနတ်မင်းများကိုဖိတ်ကြား၍ ဆရာတော်၊ သံဃာတော်များက မိုးပရိတ်တရားတော်များ၊ မိုးကမ္ဘဝါများ ရွတ်ဖတ်ခြင်း၊ အန္တရာယ်ကင်းကမ္ဘဝါစာများ ရွတ်ဖတ်ခြင်းဆောင်ရွက်တော်မူကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က အဆင့်မြင့် စက်မှုလယ်ယာစနစ် ဧက ၃၀၀၀ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ပြီး စံပြကျေးရွာ ပထမဆုရရှိသော ရန်အောင်မြင်ကျေးရွာအား လယ်ယာလုပ်ငန်းသုံးမော်တော်ယာဉ်တစ်စီးကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ရန်အောင်မြင်ကျေးရွာအား လယ်ထွန်စက်ကြီးတစ်စီးကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က စံပြကျေးရွာ နှစ်သိမ့် ဆုရရှိသည့် မှန်တောကျေးရွာအား လယ်ထွန်စက်တစ်စီးကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ညောင်ကုန်းကျေးရွာအား လက်တွန်းထွန်စက်တစ်စီးကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက ရွာမကျေးရွာအား လက်တွန်းထွန်စက်တစ်စီးကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးခင်ဇော်က စံပြတောင်သူဆု ရရှိသည့် မှန်တောကျေးရွာမှ ဦးစံအောင်အား လက်တွန်းထွန်စက်တစ်စီးကို လည်းကောင်း ပေးအပ်ကြသည်။

ထို့နောက် ပျဉ်းမနားမြို့နယ် မဟာလယ်တီ စံကျောင်းတိုက် ပဓာနနာယက ဆရာတော်က စိုက်ပျိုးထွန်ယက် အင်္ဂါ(၈)ချက် လယ်ထွန် မင်္ဂလာတရားတော်ကို ဟောကြားတော်မူပြီး တက်ရောက်လာကြသူများက ရေစက်သွန်းချ အမျှပေးဝေကြသည်။

သွားရောက်လေ့လာ

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ကျားကူးအနောက်ကျေးရွာရှိ Alliance Stars ကုမ္ပဏီမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော သက်တမ်းတို ရက် ၁၀၀ စပ်မျိုးစပါး ဝတ်မှုန်ကူးပွဲတော်အား သွားရောက်လေ့လာအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗိုလ်ဗထူး တန်ဖိုးမျှတ အိမ်ရာစီမံကိန်းပန္နက်တင်

ရန်ကုန် မေ ၇

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ ဗိုလ်ဗထူးတန်ဖိုးမျှတ အိမ်ရာစီမံကိန်း ပန္နက်တင်မင်္ဂလာအခမ်းအနား(**အပေါ်ပုံ**)ကို ယနေ့ နံနက် ၇ နာရီတွင် အဆိုပါနေရာ၌ကျင်းပရာ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ တိုင်းဒေသကြီး သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးကျော်စိုးနှင့် Myanmar V-Pine Co.,Ltd. ဥက္ကဋ္ဌတို့က ပန္နက်တင်အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက မင်္ဂလာပိုင်တိုင်ကို စက်ခလုတ်နှိပ်ပန္နက်တင်ပေးသည်။

ယခုတည်ဆောက်မည့် ဗိုလ်ဗထူး တန်ဖိုးမျှတအိမ်ရာသည် စုစုပေါင်းအိမ်ခန်း ၄၄၈ ခန်းနှင့် လေးခန်းတွဲ ရှစ်ထပ်တိုက် ၁၄ လုံး ပါဝင်မည်ဖြစ်ပြီး အိမ်ခန်းများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❒ *ရှေ့ဖုံးမှ*

မော်လမြိုင်မြို့ အတ္တရံတံတားအနီး၌ (၂၃၀/၆၆/၁၁)ကေဗွီ၊ (၁၀၀) အမ်ဗွီအေ မော်လမြိုင် ပင်မဓာတ်အားခွဲရုံနှင့် (၂၃၀) ကေဗွီ သထုံ-မော်လမြိုင်ဓာတ်အားလိုင်း (၅၀) မိုင်ကို ၂-၆-၂၀၁၁ ရက်မှ စတင်တည်ဆောက်ခဲ့ပြီး ၁၈-၁-၂၀၁၃ ရက်တွင် တည်ဆောက်ပြီးစီး၍ ယခုကဲ့သို့ ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အဆိုပါ ဓာတ်အားလိုင်း စီမံကိန်း တည်ဆောက်ပြီးစီးခဲ့သောကြောင့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်များ၌ ဓာတ်အား ပျောက်ဆုံးမှု ရာခိုင်နှုန်းလျော့နည်း ကျဆင်းသွားမည်ဖြစ်ပြီး ပြည်သူလူထုအနေဖြင့် ယခုအခါ ဝန်အား ဗို့အားပြည့်ဝစွာ သုံးစွဲနိုင်တော့မည်ဖြစ်ပါကြောင်း၊ ထို့ပြင် မော်လမြိုင် ပင်မဓာတ်အားခွဲရုံမှတစ်ဆင့် (၂၃၀) ကေဗွီ ဓာတ်အားလိုင်းများ ထပ်မံတိုးချဲ့ တည်ဆောက်ကာရေး၊ ထားဝယ်ဒေသများသို့ ဓာတ်အားစနစ်ဖြင့် ချိတ်ဆက်၍ ဓာတ်အားပို့နိုင်မည်ဖြစ်သည့်အပြင် ကရင်ပြည်နယ်အတွင်းရှိ ဘားအံစက်မှုဇုန်သို့ ဗို့အား ပိုမိုကောင်းမွန်စွာ ဓာတ်အားပေးပို့နိုင်မည်ဖြစ်ပါကြောင်း၊ မွန်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ပိုမိုကောင်းမွန်စွာ ဖြန့်ဖြူးနိုင်ရေးအတွက်(၆၆) ကေဗွီ မော်လမြိုင်-ချောင်းဆုံ ဓာတ်အားလိုင်းနှင့် (၆၆) ကေဗွီမော်လမြိုင်-သံဖြူဇရပ် ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းများအား (၂၀၁၄-၂၀၁၅) ခု ဘဏ္ဍာရေးနှစ်တွင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး မော်လမြိုင်၌ 100 MW ထွက်ရှိမည့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံနှင့် ကန်ဘောက်တွင် 500 MW ထွက်ရှိမည့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကို တည်ဆောက်ရန် စတင်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ်က ယခုကဲ့သို့ မွန်ပြည်နယ်အတွင်း ဓာတ်အားခွဲရုံကြီးများ တည်ဆောက် ဓာတ်အားဖြန့်ဖြူးပေးသည့်အတွက် ဒေသအတွင်း လျှပ်စစ်ဓာတ်အားကို ယခင်ကထက် ပိုမိုသုံးစွဲရရှိနိုင်မည် ဖြစ်ပါကြောင်း၊ ထပ်မံ၍ဆောင်ရွက်မည့် မော်လမြိုင်-ချောင်းဆုံ ၆၆ ကေဗွီဓာတ်အားလိုင်း၊ မော်လမြိုင်-သံဖြူဇရပ် ၆၆ ကေဗွီ ဓာတ်အားလိုင်းများနှင့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများအတွက် ပြည်နယ်အစိုးရအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

မော်လမြိုင်ပင်မဓာတ်အားခွဲရုံသည် ဘားအံ-မော်လမြိုင် ကားလမ်းဘေး အတ္တရံမြစ်ကူးတံတားအနီး တည်ဆောက်ထားခြင်းဖြစ်ပြီး သထုံ-မော်လမြိုင်(၂၃၀)ကေဗွီ ပင်မဓာတ်အားလိုင်းမှ ဓာတ်အားလက်ခံရယူကာ (၆၆)ကေဗွီ ဖီဒါငါးခုဖြင့် ဓာတ်အားပြန်လည်ပို့လွှတ် ဖြန့်ဖြူးနိုင်မည်ဖြစ်သည်။ လက်ရှိတွင် စက်မှုဇုန်နှင့်ခရုံသို့ (၆၆)ကေဗွီ ဖီဒါတစ်ခုဖြင့် အများဆုံး သုံးစွဲဝန်အား ၄ မဂ္ဂါဝပ်ဖြင့် လည်းကောင်း၊ မော်လမြိုင်သို့(၆၆)ကေဗွီဖီဒါတစ်ခုဖြင့် အများဆုံး သုံးစွဲဝန်အား ၃၀ မဂ္ဂါဝပ်ဖြင့်လည်းကောင်း ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✻ *ကျောဖုံးမှ*

နည်းလမ်းပေါင်းစုံနှင့် ကြိုးပမ်းလျက်ရှိပြီး ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများထံမှ အကူအညီများရရှိကာ ဆက်လက်ရရှိရေးဆွေးနွေးဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားရရှိနိုင်ရန် ဆောင်ရွက်လျက်ရှိရာတွင် အစိုးရအပိုင်းကသာ ရင်းနှီးမြှုပ်နှံမှုနှင့် ဖြည့်ဆည်းပေးရန်မဖြစ်နိုင်၍ ရေအားလျှပ်စစ်စီမံကိန်းအချို့ကို နိုင်ငံခြားသားနှင့် တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် BOT စနစ်အခြေခံဖြင့်ပါဝင်ဆောင်ရွက်ကြခြင်းအား ယခင်အစိုးရလက်ထက်ကတည်းက စတင်ခဲ့ပြီး ယခုဆိုလျှင် နိုင်ငံခြားနှင့်ဖက်စပ်ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ခဲ့သော ရွှေလီ(၁)စက်ရုံနှင့် တာပိန်ရေအားလျှပ်စစ်စက်ရုံ၊ တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင် ရင်းနှီးမြှုပ်နှံသော သောက်ရေခပ်ရေအားလျှပ်စစ်စက်ရုံတို့သည် စတင်လည်ပတ် ဓာတ်အားထုတ်လုပ်ရောင်းချပေးလျက်ရှိပါကြောင်း။

လျှပ်စစ်ကဏ္ဍလုပ်ငန်းများတွင် ပြည်တွင်း၊ ပြည်ပ ပုဂ္ဂလိကလုပ်ငန်းရှင်များ ပိုမိုပူးပေါင်းပါဝင်ပြီး ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်ခဲ့သည့်အတွက် ရလဒ်အဖြစ် ထိုင်းနိုင်ငံ၊ Toyo Thai ကုမ္ပဏီမှ တည်ဆောက်ခဲ့သည့် အလုံသဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ ပထမအဆင့်ကို ဧပြီ ၂၇ ရက်တွင် စတင်လည်ပတ် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါကြောင်း။

ထို့ပြင် ပြည်တွင်း ပြည်ပ ပုဂ္ဂလိကကုမ္ပဏီများနှင့် ညှိနှိုင်းသဘောတူ လက်မှတ်ရေးထိုးထားသော ရေအားလျှပ်စစ်စီမံကိန်းများအတွက် JVA အဆင့်နှစ်ခု၊ MOA အဆင့် (၂၄)ခု၊ MOU အဆင့် (၁၅)ခု၊ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများအတွက် MOU အဆင့်ခြောက်ခု၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများအတွက် MOA အဆင့် သုံးခု၊ MOU အဆင့်ခြောက်ခု၊ လေစွမ်းအင်သုံးစီမံကိန်းအတွက် MOU အဆင့်သုံးခု၊ နေစွမ်းအင်အတွက် MOU အဆင့်တစ်ခုရှိပြီး ဖြစ်ပါကြောင်း။

ဓာတ်အားထုတ်လုပ်မှုအပိုင်းတွင်သာမက ဓာတ်အားဖြန့်ဖြူးရေးအပိုင်းတွင်လည်း ပုဂ္ဂလိကကုမ္ပဏီများမှ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိရာ မြို့နယ်(၁၅)ခုတွင် ကုမ္ပဏီရှစ်ခုမှ စာချုပ်ချုပ်ဆိုဆောင်ရွက်နေကြပြီဖြစ်ပါကြောင်း။

ပုဂ္ဂလိကအပိုင်း ရင်းနှီးမြှုပ်နှံဆောင်ရွက်မှုကို MOU၊ MOA၊ JVA၊ PPA စသည့် လုပ်ငန်းစဉ်အလိုက် သဘောတူစာချုပ်များ တစ်ဆင့်ပြီးတစ်ဆင့် ချုပ်ဆိုအကောင်အထည်ဖော်ရေး ဆောင်ရွက်နေသကဲ့သို့ လျှပ်စစ်ဥပဒေအသစ်နှင့် လုပ်ထုံး လုပ်နည်းများ ရေးဆွဲခြင်းကို ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ IFC, JICA စသည့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၏ အကူအညီ၊ အကြံဉာဏ်များရယူပြီး ဝန်ကြီးဌာနအနေဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

Myanmar IPP အလုပ်ရုံဆွေးနွေးပွဲတွင် အပြန်အလှန် ဆွေးနွေးမှုများမှတစ်ဆင့် မိမိဝန်ကြီးဌာနအတွက်သာမက နိုင်ငံတော်အတွက်ပါ အကျိုးကျေးဇူးရရှိနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ International Finance Corporation မှ Vice President Ms.Kavin Finkel Ston မှ မိတ်ဆက်စကားပြောကြားပြီး ADB မှ Lead Energy Specialist Mr.Jong-Inn Kim World Bank ၏ Infrastruture Finance Centre မှ Lead Counsel Mr. Mark Moseley နှင့် IFC Investment Service မှ Principal Investment Officer Mr. Eugene Sulliean တို့က လျှပ်စစ်ကဏ္ဍအတွက် IPP များနှင့် ဘဏ္ဍာငွေကြေးဆိုင်ရာ ရေရှည်ထောက်ပံ့မှုနှင့်ပတ်သက်၍ အခြားနိုင်ငံများမှ အတွေ့အကြုံများနှင့်ဖော်ထုတ်ချက်များအား ဆွေးနွေးရှင်းလင်း တင်ပြကြသည်။

ထို့နောက် ADB မှ Senior Investment Specialist, Mr. Siddharlt Shah နှင့် IFC Advisory Office မှ Principal Operations Officer, Ms. Shobana Vankatamavan တို့က မြန်မာနိုင်ငံတွင် လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်၍ IPP လက်တွေ့ကျင့်သုံးရန် အကောင်းဆုံးရရှိနိုင်မည့် နည်းလမ်းများအား ဆွေးနွေးရှင်းလင်းတင်ပြသည်။

Myanmar IPP Workshop အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ခြင်းကြောင့် IPP နှင့်ပတ်သက်၍ နိုင်ငံတကာတွင် လက်တွေ့ကျင့်သုံးနေသော လုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်ပြီး အသိအမြင် ဗဟုသုတများရရှိခဲ့သဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့အစည်းများနှင့် ပြည်တွင်း/ပြည်ပ ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်ရာတွင် ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ညှိနှိုင်းဖော်ထုတ်ဆွေးနွေးနိုင်ခဲ့ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

၂၆-၄-၂၀၁၃ ရက်နေ့ မြန်မာ့အလင်းသတင်းစာတွင်ပါရှိသည့် "MRTV မကြည့်ကြရတာကြာ" ရေးသားမှုအပေါ် ရှင်းလင်းတင်ပြခြင်း

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နမ္မားရုပ်သံထပ်ဆင့်လွှင့်စက်ရုံမှ ၂၅၀ ဝပ် လွှင့်အားဖြင့် ထုတ်လွှင့်မှုကို မိုးညှင်းမြို့နှင့် ဟိုပင်မြို့တို့မှ ဖမ်းယူရရှိကြသည်။ မိုးညှင်းမြို့နှင့် ဟိုပင်မြို့တို့သည် နမ္မားရုပ်သံစက်ရုံမှ ၁၀ မိုင်ခန့်စီ ကွာဝေးကြသည်။ ၁၃-၄-၂၀၁၃ရက်တွင် နမ္မားရုပ်သံထပ်ဆင့်လွှင့်စက် ၂၅၀ ဝပ် ချွတ်ယွင်းမှုကြောင့် စက်ရုံတွင် အရေးပေါ်အရန်အဖြစ်ထားရှိသော ၁၀ ဝပ် ဖြင့် ယာယီအစားထိုး ထုတ်လွှင့်ခဲ့ရာ မိုးညှင်းမြို့နှင့် ဟိုပင်မြို့တို့တွင် ရုပ်သံဖမ်းယူမရရှိနိုင်မှု ဖြစ်ပေါ်ခဲ့သည်။ ချွတ်ယွင်းသွားသော လွှင့်စက်ကို မြစ်ကြီးနားရုပ်သံစက်ရုံတွင် ပြုပြင်ခဲ့ရာ မရသည့်အတွက် ၁၇-၄-၂၀၁၃ ရက်တွင် ရန်ကုန်လွှင့်စက်ပြုပြင်ရေးဌာနသို့ ပေးပို့ပြုပြင်ခဲ့သည်။ ယင်းစက်မှာ ပြုပြင်ပြီးစီး၍ ၂၆-၄-၂၀၁၃ ရက်နေ့တွင် မြစ်ကြီးနားသို့ ပြန်လည်ပေးပို့နိုင်ခဲ့သည်။ သို့ဖြစ်၍ ၂၇-၄-၂၀၁၃ ရက် မွန်းလွဲ ၂ နာရီမှစ၍ နမ္မားရုပ်သံထပ်ဆင့်လွှင့်စက်ရုံသည် ၂၅၀ ဝပ် လွှင့်အားဖြင့် မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို ပြန်လည်ထုတ်လွှင့်နေပြီဖြစ်ရာ မိုးညှင်းမြို့နှင့် ဟိုပင်မြို့တို့မှ MRTV အစီအစဉ်များအား ကြည်လင်ပြတ်သားစွာဖြင့် ဖမ်းယူ ကြည့်ရှုနိုင်ပြီဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

အင်ဂျင်နီယာဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

ပြည်တွင်းသတင်း

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရန် အထူးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရေးဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၇

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် နဘူးလယ်ဒေသတွင် အကောင်အထည်ဖော်မည့် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် အီတာလျံ-ထိုင်းကုမ္ပဏီ (ITD)တို့သည် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၂ ရက်တွင် ချုပ်ဆိုခဲ့သော မူဘောင်သဘောတူညီချက် (Framework Agreement) ဖြင့် လုပ်ငန်းများစတင်ခဲ့သည်။ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် လုပ်ငန်းများပိုမိုလျင်မြန်ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နှစ်နိုင်ငံအစိုးရများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ၂၀၁၂ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လပ်ရှင်နာဝပ်တို့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ တွေ့ဆုံစဉ် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ပူးတွဲကြေညာ

၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၉ ရက်က ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ (၂၁)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကျင်းပစဉ် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လပ်ရှင်နာဝပ်တို့ တွေ့ဆုံ၍ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းတွင် မြန်မာနှင့် ထိုင်းအပြင် အခြားရင်းနှီးမြှုပ်နှံသူများ ပါဝင်ရန် ဖိတ်ခေါ်ကြောင်း ပူးတွဲကြေညာခဲ့သည်။

ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပါဝင်ယှဉ်ပြိုင် ရင်းနှီးမြှုပ်နှံနိုင်ရေး ညှိနှိုင်းလမ်းဖွင့်ပေးမည့် အထူးလုပ်ငန်းအဖွဲ့/ပင်မကုမ္ပဏီ (Special PurposeVehicle- SPV) ကို မြန်မာနှင့်ထိုင်းနိုင်ငံတို့၏ သက်ဆိုင်ရာ အဖွဲ့အစည်းများဖြင့် ဖွဲ့စည်းသွားမည်ဖြစ်သည်။ အထူးလုပ်ငန်းအဖွဲ့/ပင်မကုမ္ပဏီ (SPV)ကို ကနဦးအနေဖြင့် ထိုင်းနိုင်ငံတွင် ဖွဲ့စည်းမည်ဖြစ်ပြီး နောင်တွင် မြန်မာ/ထိုင်းနှင့် အခြားနိုင်ငံများရှိ စတော့ရှယ်ယာဈေးကွက်တွင်စာရင်းသွင်း၍ ရှယ်ယာများ ရောင်းချသွားမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံ၌လည်း ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် လက်တွေ့လုပ်ဆောင်မည့် ကိုယ်ခွဲအထူးလုပ်ငန်းအဖွဲ့ (100 % Subsidlary SPV)ကို ဖွဲ့စည်းသွားမည်ဖြစ်သည်။ အလားတူ အထူးလုပ်ငန်းအဖွဲ့/ပင်မကုမ္ပဏီ (SPV) နှင့် သီးခြားကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ကြမည့် အထူးကုမ္ပဏီများ (Special Purpose Companies SPCs)အကြား လုပ်ငန်းဆောင်ရွက်ရန် လုပ်ကိုင်ခွင့်စာချုပ် (Sectoral Agreement)များ ချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ သက်ဆိုင်ရာ အဖွဲ့အစည်းများအကြား ဖွဲ့စည်းရမည့် အထူးလုပ်ငန်းအဖွဲ့/ပင်မကုမ္ပဏီ (Special Purpose Vehicle-SPV)ကို ထိုင်းနိုင်ငံတွင်ဖွဲ့စည်းနိုင်ရန်အတွက် အစုရှယ်ယာရှင်များစာချုပ် (Share-holders Agreement)၊ သင်းဖွဲ့စည်းမျဉ်း (Articles of Association for the Formation of SPV in Thailand)နှင့် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် အထူးလုပ်ငန်းအဖွဲ့/ပင်မကုမ္ပဏီ (SPV) တို့အကြား၌ ချုပ်ဆိုမည့် လုပ်ပိုင်ခွင့်သဘောတူစာချုပ် (Framework Agreement between the Management Committee of DSEZ and the SPV)တို့ကို နှစ်နိုင်ငံအဖွဲ့အစည်းများက ရှေးဦးစွာ လက်မှတ်ရေးထိုးရမည်ဖြစ်သည်။

ယခုအခါ အထက်ပါစာချုပ် (၃)ခု၏ မူကြမ်းများကို နှစ်နိုင်ငံ တာဝန်ရှိသူများက ရေးဆွဲပြီးကြပြီဖြစ်၍ နှစ်နိုင်ငံအဖွဲ့အစည်းများ လက်မှတ်ရေးထိုးနိုင်ရေးအတွက် အပြီးသတ်ညှိနှိုင်းဆွေးနွေးရန် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ မြန်မာ-ထိုင်းပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ ပူးတွဲဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် ခေါင်းဆောင်သောအဖွဲ့သည် ယနေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

▲ *ကျောဖုံးမှ*

၃။ နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းပါအချက်အလက်များမှာ မြန်မာနိုင်ငံအတွက် အနာဂတ်တွင် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ပေါက်လာရေးအတွက် အခြေခံကျပြီး လက်တွေ့ကျင့်သုံးရမည့် လမ်းညွှန်မှုဖြစ်သည်ကို တွေ့ရှိရပါသည်။

၄။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ရခိုင်ပြည်နယ်ပဋိပက္ခဖြစ်ပွားရာဒေသများသို့ သွားရောက်ခဲ့ပြီးနောက် သတင်းထုတ်ပြန်ချက်အမှတ် (၄/၂၀၁၂) ဖြင့် ထုတ်ပြန်ခဲ့ရာတွင် အကြမ်းဖက်ကျူးလွန်မှုများအပေါ် ဥပဒေနှင့်အညီ မှန်ကန်ထိရောက်စွာ အရေးယူဆောင်ရွက်ရေး၊ အကြမ်းဖက်ခံရသူများ၏ ရုပ်ပိုင်းဆိုင်ရာပြန်လည်ထူထောင်ရေးနှင့် စိတ်ပိုင်းဆိုင်ရာလုံခြုံမှုနှင့် အပြန်အလှန်ယုံကြည်မှု တည်ဆောက်ရေး၊ အသိပညာဗဟုသုတကြွယ်ဝစေရန် ကလေးသူငယ်များ အခြေခံပညာတတ်မြောက်မှုနှုန်း မြင့်မားရေးအတွက် အထူးအစီအစဉ်တစ်ရပ်အဖြစ် အမြန်ဆောင်ရွက်ပေးရေးနှင့် နယ်မြေရှိ ဒုက္ခသည်များအတွက် အခြေခံလိုအပ်ချက်များ တိုးမြှင့်ကူညီပေးရေးတို့ကို ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်ခဲ့ပါသည်။

၅။ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဗဟိုကော်မတီ၏ မူဝါဒများ၊ လုပ်ငန်းစဉ်များနှင့် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ လေ့လာအကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ဖွဲ့စည်းထားသည့် လုပ်ငန်းကော်မတီ (၇)ရပ်နှင့် သက်ဆိုင်ရာအစိုးရဌာနများက ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် ကော်မရှင်အနေဖြင့် အလေးအနက်တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ မေလ ၇ ရက်

စာချုပ်ပါစည်းကမ်းချက်များဖောက်ဖျက်၍ တံတားဖြတ်သန်းခ ကောက်ခံခွင့်ရုပ်သိမ်းခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းပန်-မိုင်းတုံလမ်းပေါ်ရှိ သံလွင်(တာဆန်း)တံတားဂိတ်အား လေလံမဲစနစ်ဖြင့် အောင်မြင်သူ ဦးတင်မျိုးသည် စာချုပ်ပါစည်းကမ်းချက်များ ဖောက်ဖျက်ကျူးလွန်ကြောင်း စိစစ်တွေ့ရှိရ၍ (၂၀၁၃-၂၀၁၄) ဘဏ္ဍာနှစ် လေလံလုပ်ကိုင်ခွင့်ကို ၂၀၁၃ ခုနှစ်၊ ဧပြီလ (၇) ရက်နေ့ (၂၄:၀၀) နာရီအချိန်မှစ၍ ရုပ်သိမ်းလိုက်သည်။

၂။ (၁၄-၃-၂၀၁၃) ရက်နေ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီးရုံးခန်း၌ ကျင်းပသော ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ လမ်း/တံတားအသုံးပြုခကောက်ခံရေး ဂိတ်စခန်း (၄)ခုကို လေလံကြီးကြပ်ရေးအဖွဲ့မှ မဲစနစ်ဖြင့်လေလံတင်ခဲ့ရာတွင် သံလွင်(တာဆန်း)တံတားဂိတ်အား (၆)ဦးသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဦးတင်မျိုး ချောက်မြို့နေသူသည် အမှတ်စဉ် (၁) ရရှိပြီး သံလွင်(တာဆန်း) တံတားဂိတ်ကို ကျပ် (၄)သိန်းဖြင့် မဲစနစ်လေလံအောင်မြင်ပြီး လုပ်ကိုင်ခွင့်ရရှိခဲ့သူဖြစ်ပါသည်။

၃။ အဆိုပါ ဦးတင်မျိုးသည် လုပ်ငန်းစတင်ဆောင်ရွက်သည့် (၅-၄-၂၀၁၃) ရက်နေ့တွင်ပင် စာချုပ်ပါ စည်းကမ်းအရ သံလွင်(တာဆန်း) တံတားဂိတ်တံတားအသုံးပြုခကို (၁၀)ဘီးယာဉ်(၁)စီးလျှင် (၃၀၀ိ/-) ကောက်ခံရမည့်အစား (၁)စီးလျှင် ၁၀၀၀၀ိ/-ထိ ကောက်ခံနေကြောင်း စိစစ်တွေ့ရှိရသဖြင့် (၂၀၁၃-၂၀၁၄) ဘဏ္ဍာနှစ်လေလံလုပ်ကိုင်ခွင့်ကို ပြန်လည်ရုပ်သိမ်းပြီး လေလံမဲစနစ်ဖြင့် ဒုတိယလေလံအောင်မြင်သူ ဦးဇော်ဇော်အောင် ၁၃/ကဟန(နိုင်)၀၁၆၇၃၀ ကွန်ဟိန်းမြို့သို့ (၈-၄-၂၀၁၃) ရက်နေ့ ၀၀:၀၀ နာရီအချိန်မှစ၍ သံလွင် (တာဆန်း) တံတားဂိတ် တံတားဖြတ်သန်းခ ကောက်ခံခွင့်လွှဲပြောင်းပေးအပ်လိုက်သည်။

၄။ လမ်း/တံတားဖြတ်သန်းခလုပ်ကိုင်ခွင့်ရသူများသည် စာချုပ်ပါကောက်ခံနှုန်းထားထက် ပိုမိုကောက်ခံ ပါက လုပ်ကိုင်ခွင့်ရုပ်သိမ်းမည်ဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန

မုံရွာမြို့၌ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများရှင်းလင်း

နေပြည်တော် မေ ၇

လေပြင်း တိုက်ခတ်မှုကြောင့် မုံရွာမြို့ ပြည်သူ့အားကစားကွင်း အဆောက်အအုံခေါင်မိုးများ ပျက်စီးမှုနှင့်ရတနာပုံရပ်ကွက် အမှတ် (၁၃) အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်ပျက်စီးမှု၊ သလ္လာရပ်ကွက် အမှတ်(၁၄) အခြေခံပညာ မူလတန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် အမိုးများပျက်စီးမှုတို့ကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများသည် မေ ၃ ရက် နံနက်ပိုင်းက သွားရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မေ ၄ ရက်တွင် မုံရွာမြို့ ကမ်းနားလမ်း၊ ဗိုလ်ချုပ်လမ်း၊ ပြည်ထောင်စုလမ်း၊ သာစည်လမ်းများ၌ သစ်ပင်များ၊ ဓာတ်တိုင်များ၊ ဆက်သွယ်ရေး တယ်လီဖုန်းတိုင်များ ပျက်စီးမှု၊ မြေနဲကျေးရွာ အမှတ်(၁၃၀) အခြေခံပညာမူလတန်းကျောင်း အမိုးများပျက်စီးသွားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းကော်မတီဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဆောင်ရွက်ပေးသည်။

အနောက်မြောက်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးဇော်မင်း ဦးစီးသော နယ်မြေခံတပ်မတော်သားများသည် မုံရွာမြို့လမ်းများပေါ်တွင် သစ်ပင်များ ကျိုးပဲ့၊ ပြိုလဲနေမှုတို့ကို လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ သံဃာတော်များနှင့် ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ပုဂ္ဂလိက မော်တော်ယာဉ်များ စနစ်တကျ ပြေးဆွဲရေးကော်မတီများ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မုံရွာမြို့ မြို့တော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၇

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၂၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါ အသင်းရုံး၌ ကျင်းပသည်။

အဆိုပါ နှစ်ပတ်လည်အစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်ခင်ဝင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမူန်၊ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာဖေသက်ခင်နှင့် ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယကများ၊ ဥက္ကဋ္ဌနှင့် အသင်းဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ "သားကောင်းမိခင်တူပျော်ရွှင်"၊ "မြန်မာ့စေတနာရှင်စွမ်းအားစု"နှင့် "မွန်မြတ်သောလုပ်အားဒါနရှင်" ဂုဏ်ပြုတေးများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များကသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကို ၁၉၉၁ခုနှစ်တွင် မိခင်နှင့် ကလေးများအခြေပြု၍ မိသားစုကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် စီးပွားရေး ပြည့်ဝစေရေးအတွက် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ (၂၃) နှစ်မြောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံလူဦးရေ၏၆၀ ရာခိုင်နှုန်းကျော်သည် မိခင်နှင့်ကလေးများဖြစ်သောကြောင့် မိခင်သေနှုန်း၊ မွေးကင်းစ၊ တစ်နှစ်အောက်နှင့် ငါးနှစ်အောက် ကလေးသေနှုန်းများသည် နိုင်ငံတော်၏ အရေးကြီးပြီး အခြေခံကျသော စီးပွားရေး၊ လူမှုရေးနှင့် ကျန်းမာရေး အညွှန်းကိန်းများ ဖြစ်သည့်အတွက် မိခင်နှင့်ကလေး ကျန်းမာရေးကိစ္စများကို အထူးဦးစားပေးကိစ္စရပ်များအနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အသင်းဝင်များအနေဖြင့် မိသားစုများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးနှင့်အတူ ထက်သန်သည့်ဆန္ဒများ၊ နိုးကြားတက်ကြွသည့် စိတ်ဓာတ်များဖြင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ကြသည့်အတွက် ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီစေရေး ကြိုးပမ်းမှုများတွင် ထိရောက်သော အင်အားတစ်ရပ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဆင့်ဆင့်မှ အသင်းဝင်များအနေဖြင့် အသင်း၏ အဓိကလုပ်ငန်းများဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းများတွင် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် အသိပညာ၊ အတတ်ပညာများကို မိမိတို့ကိုယ်တိုင်လေ့လာဆည်းပူးကျင့်သုံး၍ တစ်ဆင့်ပွားကာ မြို့ပြကျေးလက်ဒေသအနှံ့ရှိပြည်သူများ၏ ဘဝဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆတက်ထမ်းပိုးတိုးပြီး ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဂုဏ်ထူးဆောင်နာယကများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်အစည်းအဝေးသို့ တက်ရောက်လာကြသူများက အစည်းအဝေးခန်းမအတွင်း ခင်းကျင်းပြသထားသည့် အသင်းလှုပ်ရှားမှုဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အသင်းဂုဏ်ထူးဆောင်နာယကများသည် နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်လာကြသည့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နှစ်ပတ်လည်အစည်းအဝေးကိုကျင်းပရာ အသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်မွန်မွန်အောင်က အမှာစကားပြောကြားပြီး အသင်းအတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ၂၀၁၂ခုနှစ် လုပ်ငန်းအစီရင်ခံစာနှင့် လုပ်ငန်းပိုင်းဆိုင်ရာများကို လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များက နှစ်ချုပ်အစီရင်ခံစာကိုလည်းကောင်း အသီးသီးဖတ်ကြားတင်သွင်းကြကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

အလားတူ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းနှစ်ပတ်လည်အစည်းအဝေးကို မေ ၉ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မီးဘေးကာကွယ်စို့

❀ မီး…မီး…မီး…
လူတိုင်းအတွက် အရေးကြီး
အသုံးဝင်တဲ့ မီး။
လောင်ပြီဆိုက ဘေးရန်ကြီး
ကြောက်ဖို့ကောင်းတဲ့ မီး။

❀ မီးကိုရှိသေ သုံးစွဲနေ
မီးက ချစ်မိတ်ဆွေ၊
မရှိမသေ အသုံးလွဲ
ရန်သူဖြစ်မှာပဲ။

❀ မီးသုံးစွဲတာ လူတကာ
ဂရုစိုက်ရမှာ၊
စည်းကမ်းရှိစွာ သုံးစွဲက
လူမှုကိစ္စ အသုံးကျ။

❀ ပေါ့ပေါ့ဆဆ မေ့လျော့ကာ
မီးကြွင်းမီးကျန် ထားခဲ့တာ၊
မကြာခဏ မီးလောင်ရ
မီးဘေးဒုက္ခ ကြုံတွေ့ကြ။

❀ ဆင်းရဲခြင်းက ဝေးလိုလျှင်
မီးသုံးစွဲစဉ် သတိယှဉ်၊
မီးမလောင်ခင် ကြိုတင်လို့
တားဆီးကာကွယ်စို့။ ။

ရေနံ့သာမောင်ကျော်ညွန့်

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဆေးကုဆောင်သစ် လုပ်ငန်းခွင်ကြည့်ရှု

မန္တလေး မေ ၇

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်သည် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာ ဝင်းလှိုင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၅ ရက် နံနက် ၉ နာရီခွဲက မန္တလေးမြို့ အထွေထွေရောဂါကု ဆေးရုံဝင်းကြီးအတွင်း (၉) ထပ်ဆေးကုသဆောင်သစ်ကြီး တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်နှင့် ကင်ဆာရောဂါကုဌာနတွင် အသစ်ရောက်ရှိလာသည့် ဓာတ်ကင်စက်သစ်ကြီး တပ်ဆင်နေမှုများကို လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလေး အဆင့်မြင့်ဘောလုံးကွင်းနှင့်အားကစားရုံတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးဝင်းအတွင်း ဆေးကုသဆောင်သစ်ကြီး တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီးဒေါက်တာ ဦးဝင်း၊ အောင်ချမ်းအေး ဆောက်လုပ်ရေးကုမ္ပဏီနှင့် UKT ဆောက်လုပ်ရေးကုမ္ပဏီတို့မှ တာဝန်ရှိသူများက အထပ်ကိုးထပ် အမြင့်၊ ခုတင် (၄၀၀) ဆံ့ ဆေးကုသဆောင်သစ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြပြီး ဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်အချိန်ကာလအတွင်း ပြီးစီးအောင် တည်ဆောက်သွားရေး၊ အညစ်အကြေးများ စွန့်ပစ်ရေးဆိုင်ရာနှင့် ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ရေးကိစ္စရပ်များကို ဖြည့်စွက်မှာကြားခဲ့သည်။

မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး ကင်ဆာရောဂါကုဌာန တာဝန်ခံဆရာဝန်ကြီး ဒေါက်တာခင်ချိုဝင်းက အသစ်ရောက်ရှိလာသည့် Lineer Accelerator (နောက်ဆုံးပေါ်ဓာတ်ကင်စက်သစ်ကြီး) တပ်ဆင်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မူလရှိပြီးဖြစ်သည့် ဓာတ်ကင်စက်နှစ်လုံးအပြင် ယခုစက်သစ်ကြီးပါ တပ်ဆင်ပြီးစီးပါက ကင်ဆာရောဂါဝေဒနာရှင်များကို ပိုမို၍ကုသမှုများ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက်တစ်ဆင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေး အဆင့်မြင့်ဘောလုံးကွင်းနှင့် အားကစားရုံတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်ရှင်းလင်းဆောင်၌ မက်စ်မြန်မာဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်စီမံကိန်းအင်ဂျင်နီယာ ဦးထွန်းထွန်းဝင်းက ဘောလုံးကွင်းအတွင်း လုပ်ငန်းများပြီးစီးမှုအခြေအနေတို့ကို လုပ်ငန်းကဏ္ဍအလိုက်ပရိုဂျက်တာဖြင့် ပြသရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ **တင်မောင်(မန်းကိုယ်ပွား)**

မန္တလေးစည်ပင်ဝန်ထမ်းများအား စွမ်းဆောင်ရည်မြှင့်သင်တန်းဖွင့်

မန္တလေး မေ ၇

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးလုပ်ငန်းနှင့် ကွန်ပျူတာအဆင့်မြင့် မွမ်းမံသင်တန်းနှင့် အင်္ဂလိပ်စာစွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၆ ရက် နံနက် ၈ နာရီက မြို့တော်ခန်းမ၌ ကျင်းပသည်။ (အောက်ပုံ)

မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဦးအောင်မောင်းက သင်တန်းဖွင့်အမှာစကား၌ စည်ပင်သာယာရေးကော်မတီဝန်ထမ်းများနေဖြင့် ခေတ်စနစ်နှင့်အညီ အသိပညာ၊ ဗဟုသုတ၊ အတွေးအခေါ်များနှင့်အတူ ဝန်ထမ်းတစ်ဦးချင်း၏ ကိုယ်ရည်ကိုယ်သွေးထက်မြက်မြင့်မားစေရေးနှင့် စွမ်းဆောင်ရည်မြင့်မားစေရေးတို့အတွက် ယခုကဲ့သို့ သင်တန်းများဖွင့်လှစ်ပို့ချပေးရခြင်းဖြစ်ကြောင်း၊ ပြည်သူ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ မန္တလေးမြို့တော်အတွင်း နေထိုင်ကြသော မိဘပြည်သူများ၏ အကျိုးအတွက် အချိန်ပြည့်တာဝန်ရှိသကဲ့သို့ ဝန်ထမ်းဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များကို သိရှိနားလည်ပြီး တိကျစွာလိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သင်တန်းကာလအတွင်းပို့ချသည့် သက်ဆိုင်ရာဘာသာရပ်များအပေါ် စိတ်ပါဝင်စားစွာဖြင့် မိမိဘဝတိုးတက်ရေး၊ လုပ်ငန်းခွင်တိုးတက်ရေးအတွက် ကျွမ်းကျင်မှုရှိစေရန် ကြိုးစားသွားကြရမည်ဖြစ်ပြီး လုပ်ငန်းခွင်မှ အတွေ့အကြုံများနှင့် ပေါင်းစပ်၍ ပြည်သူ့အကျိုးပြုစည်ပင်သာယာလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ပါက ပြည်သူများက ယုံကြည်အားကိုးလေးစားလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ယခု ဖွင့်လှစ်သော ရုံးလုပ်ငန်းအဆင့်မြင့်မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၁၃) ကို သင်တန်းသား သင်တန်းသူ ၃၇ ဦး သင်တန်းကာလမှာ မေ ၆ ရက်မှ ဇွန် ၁၄ ရက်အထိလည်းကောင်း၊ ကွန်ပျူတာအဆင့်မြင့် မွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၁၃) ကို သင်တန်းသား သင်တန်းသူ ၂၀၊ သင်တန်းကာလမှာ မေ ၆ ရက်မှ ဇူလိုင် ၅ ရက်အထိလည်းကောင်း၊ အင်္ဂလိပ်စာ စွမ်းဆောင်ရည်မြှင့်သင်တန်းအမှတ်စဉ် (၂/၂၀၁၃)ကို သင်တန်းသား သင်တန်းသူ ၃၀၊ သင်တန်းကာလမှာ မေ ၆ ရက်မှ ဇူလိုင် ၃၁ ရက်အထိလည်းကောင်း သင်တန်းများ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းများသို့ စုစုပေါင်းသင်တန်းသား သင်တန်းသူ ၈၇ ဦးတက်ရောက်ကြမည်ဖြစ်ကြောင်း သိရှိရသည်။ **တင်မောင်(မန္တလေး)**

သွားလမ်းပြန်လမ်းဖြောင့်ဖြူးစေမည့် စစ်ကိုင်း-မြစ်ငယ် ဖြတ်လမ်းတိုးချဲ့ပြုပြင်

မြစ်ငယ် မေ ၇

ယခင် အစိုးရလက်ထက်က ဖောက်လုပ်ခဲ့ပြီး ဆယ်စုနှစ် နှစ်စုတိုင်အောင်ကြာခဲ့ပြီဖြစ်သော စစ်ကိုင်း -မြစ်ငယ်ဖြတ်လမ်းမကြီးကို ယခုအခါ အသစ်ထပ်မံတိုးချဲ့ဖောက်လုပ်နေပြီဖြစ်သည်။ စစ်ကိုင်း-မြစ်ငယ် ဖြတ်လမ်းသည် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်းတွင် တည်ရှိပြီး လမ်းကို အရှေ့နှင့်အနောက် ဖောက်လုပ်ထားခြင်းဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းတံတားကြီးနှင့် မန္တလေးတိုင်းဒေသကြီး မြစ်ငယ်တံတားဟောင်း၊ တံတားသစ်တို့ကို ကူးလူးဆက်သွယ်ပေးထားသော ဖြတ်လမ်းလည်းဖြစ်သည်။ စစ်ကိုင်း-မြစ်ငယ်ဖြတ်လမ်းသည် မိုင်အားဖြင့် ခြောက်မိုင်သာရှည်လျားသော်လည်း အလွန်အသုံးဝင်သောလမ်းဖြစ်ပေသည်။

ပြောပြ

ဤဖြတ်လမ်းမှနေ၍ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံနယ်စပ်မြို့တမူးမြို့နှင့် မြန်မာ-တရုတ်နယ်စပ်မူဆယ်မြို့များအား ဒေသအသီးသီးမှ ထွက်ကုန်သီးနှံများ၊ ထုတ်ကုန်ပစ္စည်းများကို ဆောလျင်စွာ တင်ပို့ရောင်းချနိုင်ပြီဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီဖြစ်၍ စစ်ကိုင်း-မြစ်ငယ်ဖြတ်လမ်းဘေး၊ ဝဲယာများမှ ကျေးရွာများဖြစ်သော ဆင်ရွာမြင်းမှူး၊ သူငယ်တော်၊ လက်ပံဇင်၊ ကမ္ဘဲ့၊ ရေကြည်ပေါက်၊ ဥယျာဉ်တော်အစရှိသည့် ကျေးရွာများမှလည်း ဒေသထွက်ကုန်များကို အချိန် ကုန်သက်သာစွာဖြင့် တင်ပို့ ရောင်းချနိုင်ပြီဖြစ်သည်။ စစ်ကိုင်း-မြစ်ငယ် ဖြတ်လမ်းဘေးကျေးရွာများမှ စိန်တစ်လုံးစိုက် သရက်ခြံတောင်သူများကလည်း "အခုလိုကားလမ်းကို ချဲ့ထွင်ပေးထားတော့ ကျွန်တော်တို့ သရက်စိုက်တောင်သူတွေအနေနဲ့ သရက်ရာသီကာလမှာ ကားကြီးတွေကအစ သရက်ခြံထဲအထိ ဝင်ထွက်နိုင်ပြီပေါ့" ဟု ဝမ်းသာစွာ ပြောပြသည်။

ဖောက်လုပ်

ထို့အပြင် ယခင်ကထက် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီဖြစ်၍ ဆင်ရွာမြင်းမှူးကျေးရွာတွင် တည်ထားသည့် မြန်မာနိုင်ငံ၏တစ်ခုတည်းသော ရွှေတိဂုံပုံစံတူ ကျောက်စိမ်းဘုရားကြီးကိုလည်း အလွယ်တကူ လာရောက်ဖူးမြော်နိုင်တော့မည်ဖြစ်သည်။ ယင်းဖြတ်လမ်းသည် ယခင်အချိန်က လမ်းအကျယ် ၁၆ ပေသာရှိခဲ့ရာမှ ယခုအခါ လမ်းပခုံးဝဲယာကွန်ကရစ်ခင်း လေးပေစီ ထပ်မံ၍ တိုးချဲ့ထားသဖြင့် ကား၊ ဆိုင်ကယ်များ အန္တရာယ်ကင်းစွာ မောင်းနှင်နိုင်ပြီ ဖြစ်သည်။ အဆိုပါ စစ်ကိုင်း-မြစ်ငယ် ဖြတ်လမ်းမကြီး တိုးချဲ့မှုကို သော်တာဝင်းကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မောင်မောင်စိုး(မြစ်ငယ်)**

ဒီပဲယင်း၌ သက်ကြီးရွယ်အိုများအား အပတ်စဉ်တိုင်း ဆေးဝါးအခမဲ့ကုသပေး

မုံရွာ မေ ၇

အသက်ရှည်ရှည်နေနိုင်ခြင်းသည် လူ့ဘဝအတွက် အနှိုင်းမဲ့သော ဆုလာဘ်ပင်ဖြစ်သည်။ သက်ကြီးရွယ်အိုများအနေဖြင့်လည်း မကျန်းမာသည့်အခါတွင် ပိုမိုနားလည်နိုင်ပေသည်။ အသက်ကြီးလာလျှင်လည်း ကြင်နာယုယမှုကို ခံယူလိုကြသဖြင့် ငယ်ရွယ်သူများ အနေဖြင့်လည်း ကြင်နာယုယစွာ ပြုစုစောင့်ရှောက်ရန် လိုအပ်ပေသည်။

ထိုသို့ သက်ကြီးရွယ်အိုအဘိုးအဘွားများ၏ ကျန်းမာရေးကို စောင့်ရှောက်နိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့တွင် အသက် ၆၀ နှင့်အထက် ရဟန်း၊ သံဃာ၊ အဘိုး၊ အဘွားများကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်းကာ အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးတွင် ကုသပေးလျက်ရှိရာ မေ ၃ ရက် နံနက် ၉ နာရီကလည်း ကုသပေးခဲ့သည်။

ထိုသို့ကုသပေးစဉ် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာအောင်ကျော်ဝင်းက သက်ကြီးရွယ်အိုများတွင် ဖြစ်ပွားတတ်သော သွေးတိုး၊ ဆီးချို၊နှလုံး၊ ပန်းနာရင်ကျပ်ရောဂါစသော အထွေထွေရောဂါများကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ကုသပေးလျက်ရှိပါကြောင်း ပြောကြားကာ အဆိုပါရောဂါများနှင့်ပတ်သက်ပြီး ရှောင်ရန်၊ ဆောင်ရန်များကို အသိပညာပေးဟောပြောကာ လိုအပ်သော ကျန်းမာရေးစစ်ဆေးမှုများကို ဆောင်ရွက်ကာ ကုသပေးခဲ့သည်။**(အောက်ပုံ)**

ဆေးဝါးကုသမှုနှင့်ပတ်သက်၍ အဘွား ဒေါ်ငွေငွေသောင်းက "ဘိုးဘွားများအနေနဲ့ အသက်ရှည်ရှည်နေနိုင်ပြီး ဆေးဝါးအခမဲ့ ကုသပေးလို့ သက်ကြီးရွယ်အိုတွေရဲ့ ကျန်းမာရေးအတွက် စိတ်အေးရပါတယ်" ဟု ရင်တွင်းစကားပြောကြားခဲ့သည်။

အဆိုပါ အခမဲ့ကုသပေးရာသို့ သက်ကြီး ရဟန်း၊ သံဃာ၊ အဘိုး၊ အဘွား ၉၀ တို့ လာရောက်ဆေးကုသမှုခံယူခဲ့ကြောင်း သိရသည်။ **(မြသ)**

ကောလင်းမြို့နယ်၌ မူးယစ်ဆေးဝါး သိမ်းဆည်းရမိ

ကောလင်း မေ ၇

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ချောင်းနားရဲစခန်းနယ်မြေ အနောက်ဘက် မိုင် ၃၀ ခန့်အကွာ ကြို့ပင်အုပ်စု ကြို့ပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းအနီး မူးမြစ်ကမ်းနံဘေးတွင် ဘိန်းရှူနေသည်ဟု တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ မေ ၅ ရက် နံနက် ၇ နာရီ ၅ မိနစ်ခန့်က ချောင်းနားရဲကင်း စခန်းမှူး ဒုရဲအုပ်သောင်းမြင့်နှင့် ပူးပေါင်းအဖွဲ့သည် အသိသက်သေနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ကြို့ပင်ကျေးရွာ ဘုန်းကြီးကျောင်းအနီး မူးမြစ်ကမ်းနံဘေး ညောင်ပင်အောက်၌ ဘိန်းရှူနေသောကျော်အေးကိုတွေ့ရှိရ၍ အသိသက်သေများရှေ့မှောက်တွင် ရှာဖွေရာ ဘိန်းဖြူဟုယူဆရသော အဖြူမှုန့်များ ထည့်ထားသည့် ပင်နီဆီလင်ပုလင်းတစ်လုံး အလေးချိန် ချိန်မရ၊ တန်ဖိုးငွေတွက်မရတစ်ပုလင်း၊ မီးလောင်ထားသော ပေ့ါရွက်တစ်ခု၊ ပေ့ါတန်အဖြစ် အသုံးပြုရန် ထောင်တန်တစ်ရွက်၊ မီးခြစ်တစ်လုံးတို့ကို ရှာဖွေသိမ်းဆည်းရမိသည်။

အရေးယူ

အဆိုပါအမှုနှင့်ပတ်သက်၍ ကောလင်းမြို့နယ်ရဲစခန်းက မယ(ပ) ၂၀/၂၀၁၃ မူးစိတ်ပုဒ်မ ၁၅/၁၆(ဂ)အရ ကျော်အေး (၄၃ နှစ်)အုတ်တိုက်ကုန်းရွာ အိုင်ကြီးကျေးရွာအုပ်စု ကောလင်းမြို့နယ်နေသူကို အရေးယူထားကြောင်း သတင်း ရရှိသည်။ **(ဝ၉၂)**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်နှင့် ဦးဝင်းကြည်တို့သည် မလေးရှားနိုင်ငံ၌ မေ ၅ ရက်က ကျင်းပသည့် (၁၃)ကြိမ်မြောက် အထွေထွေရွေးကောက်ပွဲသို့ သွားရောက်လေ့လာပြီး မေ ၆ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုနှင့်အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

စေတုတ္တရာမြို့နယ် ပွင့်တောက်ကျေးရွာ ပွင့်ရတနာ စာကြည့်တိုက်ဖွင့်

စေတုတ္တရာ မေ ၇

မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် မကျီးကျေးရွာအုပ်စု ပွင့်တောက်ကျေးရွာတွင် ပွင့်ရတနာစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို မေ ၅ ရက် နံနက် ၁၀ နာရီက အဆိုပါ စာကြည့်တိုက် အဆောက်အအုံရှေ့တွင် ကျင်းပသည်။ အခမ်းအနားတွင် ရှေးဦးစွာ မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခင်ဝင်းက ပြည်သူကိုဗဟိုပြုသော ပြည်သူ့ဝန်ဆောင်မှု စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့်စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေး အကြောင်းအရာများကို အကျယ်တဝင့်ရှင်းလင်းပြောကြားပြီး စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူသည်။

အဆိုပါစာကြည့်တိုက်သည် နိုင်ငံတော်မတည်ငွေကျပ် ၁၀ သိန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၉၅၂၆၀၀ ဖြင့် တည်ဆောက်ခဲ့သော အလျား၂၄ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ၁၂ ပေရှိ သွပ်မိုး၊ အုတ်ကာအဆောက်အအုံဖြစ်ကြောင်း သတင်းရရှိသည်။

တင်ထွန်းဦး

နေပြည်တော်ကောင်စီနယ်မြေအတွင်း မိုးသည်းထန်ပြီး မိုးသီးများကြွေကျ

နေပြည်တော် မေ ၇

နေပြည်တော်ကောင်စီနယ်မြေဝန်းကျင်၌ မေ ၆ ရက် ညနေ ၃ နာရီက မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး မိုးသီးများကြွေကျခဲ့ကြောင်း သတင်းရရှိသည်။

"ကျွန်တော်တို့ နေပြည်တော်ကိုရောက်တာ လေးနှစ်ရှိပါပြီ။ မိုးသီးကြွေကျတာ တစ်ခါမှမကြုံဖူးပါဘူး။ အခုတော့ မိုးသီးတွေတော်တော်များများ ကြွေကျတာ။ မိုးသီးကြွေတဲ့ မိုးရာသီဆိုရင် မိုးခေါင်တတ်တယ်ကြားဖူးလို့ မိုးခေါင်မှာတောင်စိုးရိမ်ရတယ်" ဟု နေပြည်တော် တပ်ကုန်း ခရေပင်လမ်းခွဲအနီး ဌာနဆိုင်ရာဝန်ထမ်းတစ်ဦးကပြောပြသည်။

မိုးသည်းထန်စွာရွာသွန်း၍ မိုးသီးများကြွေကျခဲ့ချိန်မှာ ညနေ ၃ နာရီမှ ၃ နာရီ မိနစ် ၂၀ အထိ အချိန်အားဖြင့် မိနစ် ၂၀ ခန့်သာ ကြာမြင့်ခဲ့သော်လည်း မိုးသီးကြွေကျမှုမှာ ဆီးဖြူသီးအရွယ်ခန့်အထိရှိကြောင်း လိုက်လံကောက်ယူကြည့်ရှုသူတစ်ဦးက ပြောကြားသည်။

"လွန်ခဲ့တဲ့နှစ်အနည်းငယ်တုန်းက တစ်ခါကြားမိတယ်။ ပျဉ်းမနားမှာ မိုးသီးကြွေတာ။ ဒါပေမယ့် လက်တွေ့မြင်ရတာတော့ ဒါပထမဆုံးပါပဲ။ ဘယ်လိုပဲဖြစ်ဖြစ် အပူလွန်ကဲနေရာကနေ မိုးရွာချပေးတဲ့အပြင် မိုးသီးတွေပါကြွေကျတော့ အေးတာပေါ့"ဟု မိုးသီးကောက်ယူသူတစ်ဦးကလည်း ဆိုသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ဖြေကြားချက်အရ နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် နေရာကွက်ကျားမိုးထစ်ချုန်းရွာသွန်းနိုင်ပြီး ရွာရန်ရာနှုန်းမှာ ၆၀ ခန့်ရှိကြောင်း သိရှိရသည်။

ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် မိုးရွာသွန်းမှုများနှင့် လေပြင်းတိုက်ခတ်မှု၊ မိုးသီးကြွေကျမှုများ ဆက်တိုက်ဖြစ်ပွားနေသော်လည်း ဒေသအများစုသည် နှစ်အနည်းငယ်အတွင်း မကြာခဏ မိုးသီးကြွေတတ်သည့်ဒေသများဖြစ်ပြီး ယခုကဲ့သို့ ဝန်ကြီးဌာနများအခြေစိုက်ရာ နေပြည်တော် ကောင်စီနယ်မြေအတွင်း မိုးသီးကြွေကျခြင်းမှာ ကြုံတောင့်ကြုံခဲကိစ္စဖြစ်ကြောင်း သိရသည်။

ခင်ရတနာ

တာချီလိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပေးအပ်ပွဲကို မေ ၃ ရက်က ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးနှင့် တာဝန်ရှိသူများက တာချီလိတ်ခရိုင်အတွင်းရှိ ကျေးရွာအုပ်စုရှစ်စုမှ တောင်သူ ၅၀၅ ဦးတို့အား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များနှင့် မြေစာရင်းပုံစံ ၁၀၅ တို့ကို ကျေးရွာအုပ်စုအလိုက် ကိုယ်စားလှယ်များထံ ပေးအပ်စဉ်။ (ဝ၆၀)

ရမည်းသင်း၌ လေပြင်းတိုက်မိုးရွာ

ရမည်းသင်း မေ ၇

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ အရှေ့ဘက် ၁၀ မိုင်ခန့်အကွာ အင်တိုင်းအုပ်စုနှင့် မြင်းနားအုပ်စုတို့တွင် မေ ၂ ရက် ညနေ ၅ နာရီခန့်က လေပြင်းများတိုက်ပြီး မိုးရွာသွန်းခဲ့သည်။

လေပြင်း တိုက်ခတ်မှုကြောင့် အင်တိုင်းရွာ တွဲဖက်အလကမှ သွပ်အချပ် ၂၀ နှင့် မြင်းနားအုပ်စု ပျဉ်ပြားရွာ မူလတန်းကျောင်း သွပ် ၁၄ ချပ် ခေါင်မိုးများလန်ကာ လေနောက်လွင့်ပါသွားခဲ့ကာလေတိုက်ပြီး မိနစ် ၃၀ ခန့် မိုးရွာသွန်းခဲ့သဖြင့် တောင်သူများ ဝမ်းသာကာ ၎င်းတို့၏ လယ်ယာလုပ်ငန်းခွင်များသို့ စတင်ဝင်ရောက်လုပ်ကိုင်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(ဝ၁၁)**

နေပြည်တော်ရဲတပ်ဖွဲ့ နယ်ထိန်း(အရာရှိ) မွမ်းမံသင်တန်းဖွင့်

နေပြည်တော် မေ ၇

နေပြည်တော်ရဲတပ်ဖွဲ့၏ နယ်ထိန်း(အရာရှိ) မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၁၃)ဖွင့်ပွဲကို မေ ၆ ရက်က နေပြည်တော် အမှတ် (၅)နယ်မြေရဲစခန်း သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်အောင်က အမှာစကားပြောကြားပြီး ယခုဖွင့်လှစ်သော နယ်ထိန်း(အရာရှိ) မွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၁၃) တွင် နေပြည်တော် ရဲတပ်ဖွဲ့မှူးရုံးလက်အောက်ရှိ မြို့နယ်ရှစ်မြို့နယ်မှ အရာရှိ ၂၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၆ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

မီး ဘေး ကျောင် မ လောင် ခင် တား

အရာတော်မြို့၌ သနပ်ခါးတင် ထော်လာဂျီယာဉ်တိမ်းမှောက်

မုံရွာ မေ ၇

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ် ဇရစ်ကျေးရွာတွင် မေ ၅ ရက် ည ၁၁ နာရီခွဲတွင် ထော်လာဂျီယာဉ်တိမ်းမှောက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အရာတော်မြို့နယ် ဘန့်ဘွေးကုန်းကျေးရွာနေ စိုးနွယ်မောင်းနှင်လာသော ထော်လာဂျီယာဉ်အမှတ် ၉၅/------သည် ရွှေဘိုမြို့ အောင်ချမ်းသာရပ်ကွက်နေ ဦးလုံးတုံး၏ သနပ်ခါးပင်များတင်ဆောင်၍ အရာတော်မြို့မှ ရွှေဘိုမြို့သို့ မောင်းနှင်ထွက်ခွာလာစဉ် အရာတော်မြို့နယ် ဇရစ်ကျေးရွာအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ ဘေးတိုက်တိမ်းမှောက်မှု ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။ **(ဝဲပုံ) (၆၁၁)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

အင်အားအနည်းငယ်ရှိငလျင်လှုပ်မှု တာချီလိတ်မြို့၌ဖြစ်ပွား

တာချီလိတ် မေ ၇

မေ ၇ ရက်နံနက် ၂ နာရီ ၄၇ မိနစ်ခန့်က တာချီလိတ်တစ်မြို့လုံး အိပ်မောကျနေချိန် အင်အားအတန်ငယ် ပြင်းထန်သော (ခန့်မှန်းရစ်ချ်တာစကေး ၄ ဒသမ ၈ ခန့်) မြေငလျင် တစ်ခုလှုပ်ခဲ့ရာ တစ်မြို့လုံးနီးပါး စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်ခဲ့ရသည်။ "ကျွန်တော်တို့မိသားစုအားလုံး အိပ်မောကျနေချိန်ပါ။ တိုက်တစ်ခုလုံး သွက်သွက်ခါအောင် ယိမ်းထိုးသွားတယ်ဗျ။ ကြာမြင့်ချိန်ကတော့ စက္ကန့်ပိုင်းလေးပါ။ အချိန်ဒီ့ထက်ပိုပြီး ကြာကြာလှုပ်မယ်ဆိုရင် စိုးရိမ်ရတဲ့ အခြေအနေပါ။ အိပ်ပျော်နေသူတွေ အားလုံးလန့်နိုးကုန်ပြီး တိုက်အောက်ထပ်ကို ဆင်းပြေးရတယ်။ နောက်ထပ်လှုပ်မှာစိုးလို့ တစ်နာရီလောက် စောင့်ကြည့်သေးတယ်။ ထပ်မလှုပ်တော့မှ အိမ်ထဲပြန်ဝင်ရဲတာလေ" ဟု ဝမ်ကောင်းရပ်ကွက်နေပြည်သူတစ်ဦးက စိုးရိမ်ထိတ်လန့်စွာဖြင့် ရင်ဖွင့်သည်။

"ပြီးခဲ့တဲ့ရက်ပိုင်းတွေက တရုတ်ပြည် စီချွမ်ပြည်နယ်မှာ အင်အားပြင်း မြေငလျင်လှုပ်ခတ်သွားတော့ အံ့သြမိတယ်။ စီချွမ်မှာ ငလျင်ကြီးလှုပ်ထားတာ သုံးနှစ်လောက်တောင်မရှိသေးပါဘူး။ ကျွန်တော်တို့သိထားတာကတော့ မြေငလျင်ကြီးတွေလှုပ်ပြီးရင် နှစ်သုံးလေးဆယ်ကြာမှ အဲ့ဒီဒေသတွေမှာ ပြန်လှုပ်တတ်တယ်လို့ သိထားရာက အခုသုံးနှစ်လောက်နဲ့ လှုပ်တာဆိုတော့ စိုးရိမ်သွားလို့ သတိထားစောင့်ကြည့်နေတာပါ။ ၂၀၁၁ ခုနှစ် မတ်လ ၂၄ ရက်ကလှုပ်သွားတဲ့ တာလေငလျင်မှာ အနိဋ္ဌာရုံတွေ မြင်ထားရတာက မေ့ပျောက်လို့မရသေးပါဘူး။ အခုက တာလေငလျင်လှုပ်ပြီးတာ နှစ်နှစ်ကျော်ကာလလေးပဲရှိသေးတာဆိုတော့ တော်တော်လေးတုန်လှုပ် ချောက်ချားသွားရပါတယ်"ဟု မီဒီယာလောကသားတစ်ဦးကလည်း သူ့ခံစားချက်ကို ပြောပြသည်။

ယခုမြေငလျင်လှုပ်ခတ်မှု ဖြစ်ပွားပြီး မိနစ်ပိုင်းအတွင်း မြန်မာ့အလင်းသတင်းအဖွဲ့က တာချီလိတ်မြို့နယ် အုပ်ချုပ်ရေးမှူးဦးရဲထူးထံ တယ်လီဖုန်းဖြင့်ဆက်သွယ်မေးမြန်းရာ ဟုတ်ပါတယ်။ အင်အားအတန်ပြင်းတယ်လို့ဆိုရမှာပါ။ ကျွန်တော်တို့ တာဝန်ရှိသူတွေအနေနဲ့ မြို့ပေါ်ရော ကျေးလက်ဒေသတွေပါ ဆက်သွယ်စုံစမ်းနေပါတယ်။ ထိခိုက်ပျက်စီးမှု တစ်စုံတစ်ရာ မရှိပါဘူး။ တကယ်လို့ထိခိုက်ပျက်စီးမှုတွေဖြစ်ပေါ်ခဲ့ရင်လည်း ချက်ချင်းအကူအညီပေးနိုင်အောင် သက်ဆိုင်ရာဌာနတွေက အသင့်စီမံပြီးဖြစ်ပါတယ်။ မြေငလျင်ဗဟိုချက်က မိုင်းဖြတ်မြို့အနီး ဗဟိုပြုတယ်လို့ သိရပါတယ်" ဟု ရှင်းလင်းပြောပြခဲ့သည်။

မောင်ယဉ်ကျေး(တာချီလိတ်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

ရန်ကုန် မေ ၇

ရွှေဈေး

အကယ်ဒမီအခေါက်ရွှေ	တစ်ကျပ်သား	၇၁၁၅၀၀
၁၅ပဲရည်(အောင်သမာဓိ)	တစ်ကျပ်သား	၆၆၈၂၀၀

(ရွှေလုပ်ငန်းရှင်အသင်း)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး

အမေရိကန်	တစ်ဒေါ်လာ	၈၉၀ ကျပ်
ဥရောပ	တစ်ယူရို	၁၁၅၉ ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၁၉ ကျပ်
ထိုင်း	တစ်ဘတ်	၂၈. ၅ ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆. ၁၁ ကျပ်
တရုတ်	တစ်ယွမ်	၁၃၇ ကျပ်

(သိမ်ဖြူငွေလဲကောင်တာ)

စက်သုံးဆီဈေးနှုန်းများ

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၇၀ ကျပ်

(Max စက်သုံးဆီအရောင်းဆိုင်)

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း

၁။	ငါးကြင်း	တစ်ပိဿာ	၂၀၀၀ - ၃၀၀၀ ကျပ်
၂။	ငါးသလောက်	တစ်ပိဿာ	၆၀၀၀ -၁၇၅၀၀ ကျပ်
၃။	ငါးရံ့	တစ်ပိဿာ	၃၂၀၀ - ၆၀၀၀ ကျပ်
၄။	ငါးဖယ်	တစ်ပိဿာ	၄၇၀၀ - ၈၀၀၀ ကျပ်
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	၄၀၀၀ - ၈၃၀၀ ကျပ်
၆။	ပုစွန်တုပ်	တစ်ပိဿာ	၆၈၀၀ -၂၄၀၀၀ ကျပ်
၇။	ကင်းမွန်	တစ်ပိဿာ	၄၀၀၀ - ၇၀၀၀ ကျပ်
၈။	ကြက်	တစ်ပိဿာ	၃၅၀၀ - ၉၀၀၀ ကျပ်
၉။	ဝက်	တစ်ပိဿာ	၃၅၀၀ - ၈၀၀၀ ကျပ်
၁၀။	အမဲ	တစ်ပိဿာ	၃၀၀၀ - ၆၀၀၀ ကျပ်
၁၁။	ဆိတ်	တစ်ပိဿာ	၉၀၀၀ -၁၅၀၀၀ ကျပ်
၁၂။	ဘဲ	တစ်ပိဿာ	၃၀၀၀ - ၇၅၀၀ ကျပ်

ခင်ရတနာ-စုစည်းသည်

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	နှမ်းဆန်	တစ်အိတ်	၁၆၂၀၀-၁၆၇၀၀
၂။	ပေါ်ကျွဲ	တစ်အိတ်	၁၉၅၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၂၀၀၀-၂၈၀၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၉၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၄၀၈
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၄၁၀-၄၃၅
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၀၀-၁၈၀၀
၈။	ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၁၅၅၀-၁၆၀၀
၉။	ဟဲဟိုးအာလူး	တစ်ပိဿာ	၄၇၀-၆၃၀
၁၀။	ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၁၇၀၀-၁၇၂၅
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၃၈၀၀-၄၅၀၀
၁၂။	သကြား	တစ်ပိဿာ	၈၅၀-၉၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်

မှောင်နေသည့်လမ်း ထိန်ထိန်လင်းပြီ

တောင်တွင်းကြီး မေ ၇

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ မောင်တိုင်(၂)ရပ်ကွက် အသောကလမ်းတွင် လျှပ်စစ်မီးမရှိသဖြင့် ညအခါ မှောင်မိုက်နေပြီး ယာဉ်တိုက်မှုများ၊အမှောင်ရိပ်ခိုသူများ စသည့် ဒုစရိုက်လုပ်ငန်းများ မကြာခဏဖြစ်ပွားလျက်ရှိသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဌေးငွေနှင့် ရပ်မိရပ်ဖများဦးဆောင်၍ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမင်းမင်းကျော်၊ အငယ်တန်းအင်ဂျင်နီယာ ဦးဝင်းထိန်နှင့် ဝန်ထမ်းများ၏ အကူအညီရယူ၍ အသောကလမ်းဘေးဝဲယာတစ်လျှောက် လျှပ်စစ်မီးချောင်း ၁၄ ချောင်းကို ဧပြီ ၆ ရက်က တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

ယခုအခါ လမ်းဘေးဝဲယာတစ်လျှောက် လျှပ်စစ်မီးအလင်းရောင်များ ထိန်ထိန်လင်းခဲ့ပြီဖြစ်သဖြင့် ရပ်ကွက်နေပြည်သူများ ယာဉ်အန္တရာယ်မှ ကင်းဝေးခြင်း၊ ညအခါ သွားရေးလာရေး အဆင်ပြေချောမွေ့ခြင်း၊ မှောင်ရိပ်ခိုမှုစသည့် ဒုစရိုက်လုပ်ငန်းများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရာရောက်ခြင်းတို့ကြောင့် ပြည်သူအများ ဝမ်းသာပီတိဖြစ်လျက် ရပ်မိရပ်ဖတစ်ဦး၏ ပြောပြချက်အရ သိရသည်။

နိုင်ဝင်း(တောင်တွင်းကြီး)

အမြို့မြို့ အနယ်နယ်ပျံ့သည့် သတင်းစာ
မြန်မာ့အလင်း တွင် ကြော်ငြာပါ။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ရုံးအဆောက်အအုံများ ဆောက်လုပ်ရေးအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ ရုံးအဆောက်အအုံများကို ရေသန့်နှင့်လျှပ်စစ်လုပ်ငန်းများ အပါအဝင် အဆောက်အအုံဗိသုကာပုံစံနှင့်အညီ ဆောက်လုပ်မည်ဖြစ်ပါ၍ ပြင်ပလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်-

(က) မြောင်မြို့နယ်ရုံး (၄၄ပေ × ၂၄ပေ၊ ၃၂ပေ×ပေ၂၀) တစ်ထပ်အုတ်ညှပ်
(ခ) ရွှေကျင်မြို့နယ်ရုံး (၄၄ပေ×၂၄ပေ၊ ၃၂ပေ×ပေ၂၀) တစ်ထပ်အုတ်ညှပ်
(ဂ) ငဖဲမြို့နယ်ရုံး (၄၄ပေ×၂၄ပေ၊ ၃၂ပေ×ပေ၂၀) တစ်ထပ်အုတ်ညှပ်

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊စည်းကမ်းချက်များ၊ ဗိသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၈-၅-၂၀၁၃ရက်မှ ၂၂-၅-၂၀၁၃ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ၁၆း၃၀ နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၃-၅-၂၀၁၃ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၆၆၊၀၆၇-၄၁၂၃၆၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများ ထုတ်ယူရန်လိပ်စာ
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၆၆၊၀၆၇-၄၁၂၃၆၉

တင်ဒါတင်သွင်းရန် လိပ်စာ
အဆောက်အအုံများဆောက်လုပ်ခြင်း၊
ရောင်းချခြင်း၊ ငှားရမ်းခြင်းလုပ်ငန်းကော်မတီ၊
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၂၇

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၆၈၈၈၊ အမျိုးအမည် Toyota Crown အမျိုးအစား S/L Majesta UZS 186 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ဆွေယု ၁၂/ရကန(နိုင်)၀၁၅၀၆၁ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

ကွာရှင်းပြတ်စဲခြင်း

ကျွန်မ ဒေါ်ဥမ္မာဆွေ ၈/ရနခ(နိုင်)၀၀၁၂၁၀ နှင့် ဦးအောင်လွင် ၇/သကန(နိုင်)၀၅၉၈၉၂ တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ၆-၅-၂၀၁၃ရက်တွင် ပန်းဘဲတန်းမြို့နယ်၊ မြို့နယ်တရားသူကြီးရှေ့မှောက်၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း။

ဒေါ်ဥမ္မာဆွေ
၈/ရနခ(နိုင်)၀၀၁၂၁၀

မွေးနေ့ဆုတောင်း
ဦးအောင်ဇော်မင်း
(ဦးစီးအရာရှိ/ပဲခူးခရိုင်ရုံး)

၈-၅-၂၀၁၃ရက်တွင် မာတာမိခင်မှ ဖွားသန့်စင်သည့် ငွေရတုပြည့်မြောက်သောနေ့မှသည် ၈-၄-၂၀၁၃ရက်၌ ထိမ်းမြားခဲ့ပြီးသော ချစ်ဇနီး မနေဇင်ယုနှင့်အတူ ပြည်သူ့အကျိုး၊ သာသနာ့အကျိုး ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ထာဝရ ဖေဖေနှင့်မေမေ
နေပြည်တော်

ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်လင်းထက်မိုး၏ နိုင်ငံကူးလက်မှတ်အမှတ်-၆၉၃၀၃ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၁-၅၀၄၅၆၃

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက်
ကုန်ကြမ်းစက္ကူများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် ကုန်ကြမ်းစက္ကူများကို အောက်ဖော်ပြပါအတိုင်း ဝယ်ယူလိုပါသည်-

(က) Woodfree Paper (70 gsm) Reel

(၁)	30"	2438 တန်
(၂)	28¼"	1315 တန်
(၃)	40"	439 တန်

(ခ) Art Card (210 gsm) Ream

(၁)	23"x33" (500 sht/Pkt)	5375 ထုပ်
(၂)	31"x43" (500 sht/Pkt)	2331 ထုပ်

၂။ အိတ်ဖွင့်တင်ဒါများကို ၁၃-၅-၂၀၁၃ ရက်မှ ၁၇-၅-၂၀၁၃ ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ရုံးအမှတ် (၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၀-၅-၂၀၁၃ရက် ၉း၃၀နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများ ထုတ်ယူရန်လိပ်စာ
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅
တင်ဒါတင်သွင်းရန်လိပ်စာ
ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၂၃၂၇

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စစ်ကိုင်းတိုင်းဒေသကြီးရှိ ကသာခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေနှင့်တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် လမ်းခင်းပစ္စည်းများကို(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ကျောက်အမျိုးအစား	အရေအတွက်
၁။	(က) ခွဲကျောက်မျိုးစုံ	၆၉၄၄ ကျင်း
	(ခ) ဂျင်းမြေ	၄၈၄ ကျင်း

တင်ဒါလျှောက်လွှာပိတ်ရက် - ၁၄-၅-၂၀၁၃ ရက်
တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - ညနေ ၅ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၆-၅-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါရွေးချယ်စိစစ်ရေးကော်မတီ
ဖုန်း-၀၇၅-၂၅၀၄၈

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂/ခ၊ ကံဘဲ့၊ မြေကွက်အမှတ် ၂၀/ည၊ ဧရိယာ ၀ဒသမ၁၅၂၈ဧ၊ မြေကွက်တည်နေရာ အမှတ် ၂၀/ည၊ မဉ္ဇူလမ်းသွယ်(၂)လမ်း၊ ၈ ရပ်ကွက်၊ ရန်ကင်းမြို့နယ် ဦးကျော်မြင့် အမည်ပေါက်မြေပိုင်မြေ လ/န ၃(ခ)မြေအား အမည်ပေါက် ဦးကျော်မြင့်၊ ၎င်း၏ဇနီး ဒေါ်ခင်စန်းချစ်၊ ၎င်းတို့၏သားသမီးအရင်းနှစ်ဦး(ဒေါ်ဝေမာမြင့်၊ ဦးမင်းဦးမြင့်)နှင့် ဒေါ်ဝေမာမြင့်၏ခင်ပွန်း ဦးမောင်မောင်သန်းတို့ ကွယ်လွန်ပြီး ဦးမင်းဦးမြင့်မှာ ဖခင် ဦးကျော်မြင့်ထက်စော၍ ကွယ်လွန်သဖြင့် အမည်ပေါက် ဦးကျော်မြင့်၏ မြေးအရင်းများဖြစ်သော (၁)မောင်ထက်အောင် ၁၂/ရကန(နိုင်)၀၆၉၀၉၀၊ (၂) မအိ ၁၂/ရကန(နိုင်)၀၇၄၇၁၀၊ (၃)မောင်ရှိန်း ၁၂/ကမတ(နိုင်)၀၅၅၆၉၄၊ (၄)မပွင့် ၁၂/ရကန(နိုင်)၀၇၄၇၁၁ [ကိုယ်စား စင်ကာပူနိုင်ငံ သံရုံးတွင် ၁၀-၄-၂၀၁၃ ရက်၌ ပြုလုပ်သော GP အရ မိခင်ဒေါ်ကြူကြူထွန်း ၁၂/ရကန(နိုင်)၀၁၄၄၀၂] တို့က ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ကျော်ဇေမိုး၏ နိုင်ငံကူးလက်မှတ် အမှတ်-၆၉၄၅၉ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၁-၅၀၄၅၆၃

ဖခင်အမည်မှန်

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ သရက်ကုန်းကျေးရွာနေ မောင်အေးမင်းစိုး၏ ဖခင်အမည်မှန်မှာ ဦးအေးလွင်(ခ)ဦးဖိုးပါ ၉/လဝန(နိုင်)၁၀၄၄၂၉ ဖြစ်ပါကြောင်း။

ဦးအေးလွင်(ခ)ဦးဖိုးပါ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

၁၅၀၀ တန်ဆင်းကတ်များ ဖြန့်ဖြူးပြီးနောက် ဟွာဝေးနှင့် ဆမ်ဆောင်းတို့အရောင်းတွင်ကျယ်

ရန်ကုန် မေ ၇

ငွေကျပ် ၁၅၀၀ တန် မိုဘိုင်းဖုန်းဆင်းကတ်များကို ဧပြီလအတွင်းက စတင်ဖြန့်ဖြူး ရောင်းချခဲ့ပြီးနောက် ရန်ကုန်မြို့ ဟန်းဆက်ဈေးကွက်တွင် ဆမ်ဆောင်းနှင့်ဟွာဝေးအမျိုးအစား ဟန်းဆက်များ ရောင်းအားတွင်ကျယ်လျက်ရှိကြောင်း သိရသည်။

ငွေကျပ် ၁၅၀၀ တန်ဖိုးနည်းဆင်းကတ်များရောင်းချပြီးနောက်ပိုင်း Huawei 8813 နှင့် Samsung Galaxy Amazing တို့ကို အများဆုံးဝယ်ယူကြကြောင်း၊ ပထမသုတ်ချပေးသည့် CDMA 800 မှာ အချို့ဟန်းဆက်များနှင့် အဆင်မပြေကြောင်း၊ အထူးသဖြင့် အမှတ်တံဆိပ်အမျိုးမျိုးဖြင့် ဈေးကွက်အတွင်း ရောင်းချနေသည့် တရုတ်နိုင်ငံလုပ်ဟန်းဆက်များမှာ သုံးစွဲ၍မကောင်းကြောင်းဖြင့် ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းရှိ အရောင်းဆိုင်တစ်ဆိုင်မှ ပြောကြားသည်။

တပ်ချ်စကရင်ဖြင့် ဈေးနှုန်းချိုသာသည့် ဖုန်းအဖြစ် Huawei 8500-S ကို သုံးစွဲကြပြီး ၎င်း၏ဈေးနှုန်းမှာ ငွေကျပ် ၅၀၀၀၀ ကျော်သာ ရှိကြောင်း၊ Keypad ကိုသာ သုံးစွဲလိုသူများက Samsung S-219 နှင့် S-159 တို့ကို သုံးစွဲကြကြောင်းဖြင့်လည်း ၎င်းကပြောသည်။

မြန်မာနိုင်ငံတွင် တယ်လီဖုန်းသိပ်သည်းဆကို ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း ၂၇ ရာခိုင်နှုန်းအထိ ရရှိအောင် လျာထားဆောင်ရွက်လျက်ရှိရာ တန်ဖိုးနည်းမိုဘိုင်းဖုန်း ဆင်းကတ်အရေအတွက် လစဉ် ၃၅၀၀၀၀ ဖြန့်ဝေရောင်းချပေးနေခြင်းကြောင့် မိုဘိုင်းဖုန်းဈေးကွက်မှာလည်း သွက်လက်လှုပ်ရှား လာလျက်ရှိသည်။ မိုဘိုင်းဖုန်းဟန်းဆက်ဈေးကွက် ကျယ်ပြန့်လာသည့်အလျောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ကျင့်မြို့အခြေစိုက် Huawei ကုမ္ပဏီက မြန်မာနိုင်ငံတွင် ပထမဆုံးအရောင်းပြခန်းတစ်ခုကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ရွှေပြည်အေးကွန်ဒိုတွင် မေ ၅ ရက်က ဖွင့်လှစ်ခဲ့သည်။ **(အောက်ပုံ)**

"Huawei က မြန်မာ့ဈေးကွက်ရဲ့ ၅၀ ရာခိုင်နှုန်းကျော်ကျော် ၆၀ ရာခိုင်နှုန်းလောက်ကို ပိုင်ဆိုင်ထားပါတယ်" ဟု ဈေးကွက်မန်နေဂျာ ဒေါ်ခင်ရတနာဝင်းက ပြောကြားသည်။ အရောင်းပြခန်းဖွင့်ပွဲနေ့တွင် ငွေကျပ် ၄၈၀၀၀၀ တန် Huawei Ascend D2 အမျိုးအစားနှင့် ငွေကျပ် ၃၉၉၀၀၀ တန် Huawei Ascend Mate အမျိုးအစားတို့ကို မိတ်ဆက်ရောင်းချခဲ့ရာ သတ်မှတ် ပမာဏထက်ကျော်လွန်ရောင်းချခဲ့ရသည့်အပြင် အမှာစာများကိုလည်း ထပ်မံလက်ခံရရှိခဲ့သည်ဟု ၎င်းက ပြောကြားသည်။

Huawei ဖုန်းများ ဈေးကွက်အတွင်း နေရာယူဝင်ရောက်လာသော်လည်း အခြားတန်ဖိုးမြင့်ဟန်းဆက်များရောင်းအားလျော့ကျသွားခြင်း မရှိကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ **ရဲခေါင်ညွန့်**

စာအုပ်စာပေ လူ့မိတ်ဆွေ

စလင်းမြို့နယ်ရှိ ရုပ်စုံပြတိုက်အတွင်းမှ ပျောက်ဆုံးသွားသော ရှေးဟောင်း ရုပ်တုအချို့၏ မှတ်တမ်းဓာတ်ပုံ။

စလင်းမြို့နယ်ရှိ ရုပ်စုံပြတိုက်အတွင်းမှ ရှေးဟောင်းရုပ်တုများ ပျောက်ဆုံး

နေပြည်တော် မေ ၇

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်ရှိ ရုပ်စုံပြတိုက်အတွင်းမှ ရှေးဟောင်းရုပ်တုရှစ်ရုပ်အား ယမန်နေ့ နံနက် ၄ နာရီခန့်က ခိုးယူခံခဲ့ရကြောင်း သိရှိရသည်။

စလင်းမြို့နယ် မြင်တင်အရှေ့ပိုင်းရပ် ကုသိနာရာမ ရှင်ပင်ရွှေပြည်အေးဘုရားကျောင်းဝန်းရှိ ရုပ်စုံပြတိုက်အတွင်းထားရှိသည့် ရှေးဟောင်းသစ်သားရုပ်တုများဖြစ်သော အမြင့် ငါးပေခန့်ရှိ တောင်ဝှေးကိုင် မတ်တတ်ရုပ်သူအိုရုပ်တစ်ရုပ်၊ လေးပေ ခြောက်လက်မခန့်ရှိ မတ်တတ်ရုပ် စစ်သူကြီး လက်အုပ်ချီပုံရုပ်တစ်ရုပ်၊ ခြေတွဲလောင်းချထိုင်လျက် ဘုရင် ရုပ်တစ်ရုပ်၊ သုံး ပေ ခြောက် လက်မခန့်ရှိ မတ်တတ်ရုပ်သူဌေးရုပ်တစ်ရုပ်၊ သူဌေးမရုပ်တစ်ရုပ်၊ ကြာကလပ်ကိုင် ထိုင်လျက် ဗြဟ္မာရုပ်တစ်ရုပ်၊ ဆံတော်ပယ်နေသည့်ရုပ်တစ်ရုပ်၊ ကလေးနို့တိုက်နေသည့်မဆာဝါရုပ် တစ်ရုပ်၊ စုစုပေါင်း အရုပ်ရှစ်ရုပ်မှာ ပြတိုက် သော့ကိုဖျက်၍ ခိုးယူခံရကြောင်း သိရှိရသည်။ ရှေးဟောင်းရုပ်တုများအား ပြန်လည်ရရှိရေးအတွက် စလင်းမြို့မရဲစခန်းက ဆက်စပ်နယ်မြေများရှိ ရဲစခန်းများနှင့်ပူးပေါင်း၍ ရှာဖွေဖော်ထုတ်လျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့်လည်း ရှေးဟောင်းပစ္စည်းများကို တန်ဖိုးထားလေးစားပြီး ရှာဖွေ၊ တူးဖော်တွေ့ရှိပါက သက်ဆိုင်ရာသို့ စနစ်တကျ အပ်နှံကြပါရန်နှင့် ရှေးဟောင်းပစ္စည်းများခိုးယူခြင်း၊ ရောင်းချနေခြင်းများတွေ့ရှိပါက တာဝန်ရှိသူများထံ သတင်းပို့ကြပါရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တာချီလိတ်မှ ဆံသဆရာ သေနတ်ဖြင့် ပစ်သတ်ခံရ



တာချီလိတ် မေ ၇

တာချီလိတ်မြို့ ဆန်ဆိုင်း(က) ရပ်ကွက် ၁၂ လမ်းတွင် ဆံသဆိုင် ဖွင့်လှစ်ထားသည့် စိုင်းလုံးရှိန်၏ ဆံသဆိုင်အတွင်း မေ ၆ ရက် ည ၇ နာရီခန့်က ဆံပင်လာရောက်ညှပ်သူတစ်ဦးအား ဆံပင်ညှပ်ပေးနေစဉ် အမည်မသိ လူတစ်ဦး ဆိုင်ကယ်ဖြင့်ရောက်ရှိလာပြီး ဆိုင်အတွင်း အေးဆေးစွာ ဝင်ရောက်လာခဲ့ရာ စိုင်းလုံးရှိန်ကလည်း ဆံပင်ညှပ်ရန် လာရောက်သည်အထင်ဖြင့် အမှတ်တမဲ့နေစဉ် ထိုသူက သေနတ်ဖြင့် ပစ်ခတ်လိုက်ရာ စိုင်းလုံးရှိန် (၃၁ နှစ်)၏ ဦးခေါင်းသို့ တစ်ချက်၊ ရင်ဘတ်သို့ နှစ်ချက်ထိကာ နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးသွားခဲ့သည်။ **(အပေါ်ယာပုံ)** သေနတ်သမားသည် ပစ်ခတ်ပြီးနောက် ဆိုင်ခန်း အတွင်းမှ အေးဆေးစွာပင်ပြန်လည်ထွက်ခွာသွားသည်ဟု ဆိုသည်။ ဆံပင်အညှပ်ခံသူမှာ တစ်စုံတစ်ရာ ထိခိုက်မှု မရှိကြောင်းနှင့် သက်ဆိုင်ရာ ရဲတပ်ဖွဲ့က တရားခံအား အမြန်ဆုံးဖမ်းဆီးရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝ၆ဝ)**

စစ်ကိုင်းတိုင်းဒေသကြီး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ ကံကုန်း၊ သြောင်ပင်ကြီး၊ တောင်ပလူကျေးရွာများရှိ အခြေခံပညာကျောင်းများ ဆောက်လုပ်မည်ဖြစ်၍ တည်ဆောက်လိုသည့် ကုမ္ပဏီများသည် အောက်ပါအချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါသည်။

(က) ဆားလင်းကြီးမြို့နယ်၊ ကံကုန်း၊ သြောင်ပင်ကြီး၊ တောင်ပလူကျေးရွာများတွင် အခြေခံပညာကျောင်းများ ဆောက်လုပ်မည်။

(ခ) ဆောက်လုပ်လိုသည့်ကုမ္ပဏီများသည် ကော်မတီကသတ်မှတ်ထားသော ဒီဇိုင်းပုံစံနှင့် ပါရှိရမည့် အခြေခံအဆောက်အအုံအတိုင်း တွက်ချက်၍ အသေးစိတ်ရေးဆွဲတင်ပြရန်။

(ဂ) တင်ဒါတင်သွင်းမည့် ကုမ္ပဏီအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်ရန်နှင့် Profile တင်ပြရမည်။

(ဃ) အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် ရယူ၍ အောက်ပါအစီအစဉ်အတိုင်း လျှောက်ထားရမည်။

(၁) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်** - ၁၇-၅-၂၀၁၃ရက်(သောကြာနေ့)

(၂) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်အချိန်** - ညနေ ၁၆း၀၀နာရီ

(၃) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ မုံရွာမြို့

(င) သတ်မှတ်ရက်/အချိန်ထက် ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်အချက်အလက်များနှင့်တင်ဒါစည်းကမ်းချက်များကို သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဖုန်း-၀၉-၆၇၀၁၅၅၁၊ ၀၇၁-၂၂၅၃၃သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့

ပျောက်ဆုံးခြင်း

မောင်စနေမောင် ၇/ပခန(နိုင်)၁၁၅၆၂၉ ပတ်စ်ပို့နံပါတ် M-၇၆၂၉၉၆ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ။ **ဖုန်း-၀၉-၃၁၂၄၃၁၈**

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀၁)၏ နှစ်ပတ်လည်အလှူငွေပေးအပ်ပွဲနှင့် မိတ်ဆုံစားပွဲဖိတ်ကြားခြင်း

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀၁)၏ နှစ်ပတ်လည်အလှူငွေပေးအပ်ပွဲနှင့် မိတ်ဆုံစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၁၄-၅-၂၀၁၃ ရက်(အင်္ဂါနေ့)

အလှူငွေပေးမည့်အချိန်/နေရာ - နံနက် ၁၀း၀၀ နာရီ၊ ဓိဝိတဒါနသံဃာ့ဆေးရုံကြီး၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ညစာစားပွဲကျင်းပမည့်အချိန်/နေရာ- ညနေ ၁၈း၀၀ နာရီ၊ ကုန်းမြင့်သာစားတော်ဆက်၊ ဧမိုင်၊ ရန်ကုန်မြို့။

အလှူငွေထည့်ဝင်မှုဆက်သွယ်ရန် - ဇော်ဝင်း ဖုန်း-၀၉-၄၂၅၃၁၄၀၈၁

ဝင်းမြင့် ဖုန်း-၀၉-၅၁၈၅၁၀၇ ရန်ကုန်။

သက်နိုင်ဦး ဖုန်း-၀၉-၈၃၀၁၈၅၆ နေပြည်တော်။

ဖခင်အမည်မှန်

မေဃဝတီကျောင်းလမ်း၊ ဟသ်ာတမြို့နေ မမိုးစန္ဒာယု ၁၄/ဟသတ(နိုင်) ၃၀၆၁၄၂ ၏ ဖခင်အမည်မှန်မှာ ဦးကျော်မိုး(ခ)ဦးကျော်ဆန်း(ခ)ဦးကျော်စိုး ၉/ဝတန(နိုင်)၀၀၃၇၇၁ ဖြစ်ပါကြောင်း။

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပြင်ဦးလွင်မြို့၊ အမှတ် ၉၅၈၊ ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်ခွဲနေ ဦးသန်းထွန်းအောင်-ဒေါ်ခင်နွဲ့ကြည်တို့၏သမီး မနန်းသက်မိုခမ်းသည် မိဘနှစ်ပါးအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ဆိုဆုံးမမှုကိုမနာခံပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးသန်းထွန်းအောင်-ဒေါ်ခင်နွဲ့ကြည်

နှစ်ဦးသဘောတူလင်မယားအဖြစ်မှကွာရှင်းပြတ်စဲခြင်း

မောင်ဖြိုးပြည့်စုံဝင့် ၁၂/ကမတ(နိုင်)၀၆၀၅၆၅ သည် ခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များ အကြိမ်ကြိမ်ကျူးလွန်ခဲ့၍ ၎င်း၏အထက်အရာရှိနှင့် သက်သေများရှေ့မှောက်၌ ၁-၅-၂၀၁၃ရက်တွင် ကျွန်မ မဇီဇဝါ ၉/ပဥလ(နိုင်)၀၁၉၂၅၅ နှင့် လင်မယားအဖြစ်မှ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။

(စုံစမ်းမေးမြန်းနိုင်ပါသည်။)

မဇီဇဝါ

မြန်မာနိုင်ငံဆေးကောင်စီ

ကြေညာချက်

၂၀၁၃ ခုနှစ်အတွင်း M.B.,B.S ဘွဲ့ရသူများ

ဆရာဝန်မှတ်ပုံတင်နှင့် ဆေးကုသခွင့်လိုင်စင်လျှောက်ထားရန်

လျှောက်လွှာခေါ်ယူခြင်း

မြန်မာနိုင်ငံရှိ ဆေးတက္ကသိုလ်များမှ ၂၀၁၃ ခုနှစ်အတွင်း M.B.,B.S ဘွဲ့ရသူများသည် ဆရာဝန်မှတ်ပုံတင်နှင့် ဆရာဝန်ဆေးကုသခွင့်လိုင်စင်လျှောက်ထားရန် လျှောက်လွှာများကို မြန်မာနိုင်ငံဆေးကောင်စီနှင့် ဆေးတက္ကသိုလ်များတွင် အခမဲ့ရယူ၍ လျှောက်ထားနိုင်ပါသည်။

၁။ လျှောက်လွှာစတင်ထုတ်ယူနိုင်သောရက် ၁၄-၅-၂၀၁၃ ရက်

၂။ လျှောက်လွှာရယူနိုင်သောနေရာများ

(၁) မြန်မာနိုင်ငံဆေးကောင်စီ

(၂) ဆေးတက္ကသိုလ်များ

၃။ လျှောက်လွှာနောက်ဆုံးတင်ရမည့်ရက် ၁၄-၆-၂၀၁၃ ရက်

၄။ လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းများ

(၁) ဘွဲ့လက်မှတ်မိတ္တူတစ်စုံ

(၂) အလုပ်သင်ဆရာဝန်ပြီးဆုံးကြောင်းထောက်ခံစာမိတ္တူ

(၃) ဆေးတက္ကသိုလ်မှထုတ်ပေးသော မွေးသက္ကရာဇ်မှန်ကန်ကြောင်း ထောက်ခံစာမိတ္တူ

(၄) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(၅) တစ်လက်မခွဲပတ်လည် ရောင်စုံလိုင်စင်ဓာတ်ပုံခြောက်ပုံ နောက်ခံအပြာရောင်။
အမျိုးသား-နိုင်ငံခြားဝတ်စုံ(သို့မဟုတ်)မြန်မာအမျိုးသားဝတ်စုံ (လည်ကတုံးရှပ်အင်္ကျီနှင့် တိုက်ပုံအပြည့်ဖြစ်ရမည်။)
အမျိုးသမီး-ဆံပင်စီး၊ အင်္ကျီရင်ဖုံး၊ လည်ပင်းမဟိုက်၊ အရောင်နုပြောင် ဖြစ်ရမည်။

(၆) ဆရာဝန်မှတ်ပုံတင်နှင့်ဆေးကုသခွင့်လိုင်စင်လျှောက်ထားကြေးငွေ နှစ်သောင်းငါးထောင်ကျပ်တိတိ(၂၅၀၀၀/-)ကို မိမိတို့ပေးသွင်းလိုသောဘဏ်မှ မြန်မာ့စီးပွားရေးဘဏ်၊ တာမွေမြို့နယ်၊ **SF 011591** သို့ ငွေလွှဲလွှာ **Bank Draft** ဖြင့် ပေးသွင်းထားပြီးဖြစ်ကြောင်း **ချလန်မူရင်း။** (ငွေလွှဲခကျသင့်ငွေကို လျှောက်ထားသူမှ ကျခံရမည်။)

၅။ အထက်ဖော်ပြပါ စာရွက်စာတမ်းများကို ပြည့်စုံစွာဖြည့်စွက်ပြီး မြန်မာနိုင်ငံဆေးကောင်စီရုံးအမှတ် ၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့လည်းကောင်း၊ မိမိအောင်မြင်ခဲ့သော ဆေးတက္ကသိုလ်မှတစ်ဆင့်သော်လည်းကောင်း **၁၄-၆-၂၀၁၃ ရက် ညနေ ၄း၀၀နာရီ နောက်ဆုံး**ထား၍ ပေးပို့ရမည်။

၆။ **မပြည့်စုံသောလျှောက်လွှာများ၊ ပိတ်ရက်နောက်မှရောက်သောလျှောက်လွှာများကို** ယခုအကြိမ်တွင် ဆရာဝန်မှတ်ပုံတင်နှင့် ဆေးကုသခွင့်လိုင်စင်ထုတ်ပေးမည်မဟုတ်ဘဲ နောက်ပိုင်းစိစစ်ပြီး ပြည့်စုံမှထုတ်ပေးမည်ဖြစ်ပါသည်။

၇။ ၁၄-၅-၂၀၁၃ ရက်မှ ၁၄-၆-၂၀၁၃ ရက်အတွင်း ပြည့်စုံစွာတင်ပြလျှောက်ထားသူများကိုသာ **အမည် ရှေ့စာလုံးအင်္ဂလိပ်အက္ခရာစဉ်အတိုင်း** ဆရာဝန်မှတ်ပုံတင်နှင့် ဆေးကုသခွင့်လိုင်စင်နံပါတ်များကို သတ်မှတ်မည်ဖြစ်ပါသည်။

၈။ မြန်မာနိုင်ငံဆေးကောင်စီမှ စိစစ်၍ ပြည့်စုံသောသူများ၏စာရင်းကို ထုတ်ပြန်ကြေညာပြီးသောအခါ သတ်မှတ်ထားသော နေ့ရက်များတွင် မူရင်းစာရွက်စာတမ်းများကို တင်ပြ၍ ဆရာဝန်မှတ်ပုံတင်နှင့် ဆေးကုသခွင့်လိုင်စင်ကို **မြန်မာနိုင်ငံဆေးကောင်စီရုံးတွင် လူကိုယ်တိုင်** လာရောက်ထုတ်ယူရပါမည်။ ၎င်းနေ့ရက်များကို ထပ်မံကြေညာပါမည်။

မြန်မာနိုင်ငံဆေးကောင်စီ

နိုင်ငံတကာအားကစားသတင်း

ဆန်းဒါးလန်းတို့ တန်းမဆင်းရရေး ရင်အေးနိုင်ပါ့မလား



မိုးမြင့်လင်းလက်

ပရီမီယာလိဂ်ပွဲစဉ် ၃၆ အဖြစ် ဆန်းဒါးလန်းနဲ့စတုတ်တို့ မေ ၆ ရက်က ယှဉ်ပြိုင်ကစားတဲ့အခါ နှစ်သင်းစလုံးအမှတ်ရရှိရေး ရုန်းကန်နေကြရတဲ့အသင်းတွေဖြစ်တာမို့ အကြိတ်အနယ်ဖြစ်ခဲ့ပြီး တစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာမို့ ဆန်းဒါးလန်းတို့ တန်းမဆင်းရရေး စိတ်မအေးနိုင်သေးတဲ့ အခြေအနေဖြစ်နေဆဲပါပဲ။

စတုတ်အသင်းဟာ ပွဲစတင်ကတည်းက အပေးအယူအချိတ်အဆက်မှန်မှန်နဲ့ ကစားခဲ့လို့ ပွဲအစ ၉ မိနစ်မှာပဲ ဝေါ်လ်တာကအဖွင့်ဂိုးစောစီးစွာ သွင်းယူနိုင်ခဲ့ပါတယ်။

ဆန်းဒါလန်းဟာ အိမ်ကွင်းမှာ အမှတ်ပြည့်ရရှိရေး ကြိုးစားခဲ့ပေမယ့် ပွဲချိန် ၃၄ မိနစ်မှာ ဂတ်နာကစားပုံကြမ်းတမ်းလို့ အနီကတ်ပြအထုတ်ခံခဲ့ရပြီး ၁၀ ဦးတည်းနှင့်ကစားခဲ့ရပါတယ်။

၁၀ ဦးတည်းနဲ့ ကစားရပေမယ့် ဆန်းဒါးလန်းတို့က ကစားကွက်ကိုထိန်းပြီး စတုတ်တိုက်စစ်ကို ဟန့်တားရင်း အခွင့်အရေးရတာနဲ့ ချေပဂိုးသွင်းယူနိုင်ရေးကြိုးစားခဲ့ပါတယ်။

ဒါပေမယ့် စတုတ်တိုက်စစ်မှူးတွေကလည်း အဆုံးသတ်မသေချာမှုကြောင့် ပထမပိုင်းပွဲချိန်အတွင်းမှာ ဂိုးမသွင်းနိုင်ခဲ့ပါဘူး။

စတုတ်တို့ကလည်း ၁၀ ဦးတည်းနဲ့ ကစားနေတဲ့ဆန်းဒါးလန်းကို ဖိအားပေးပြီး ဂိုးတွေထပ်မံသွင်းယူနိုင်ရေး ကြိုးစားခဲ့ပေမယ့် ဒုတိယပိုင်းပွဲချိန် ၆၃ မိနစ်မှာ အိုရှေးက ချေပဂိုးသွင်းယူနိုင်ခဲ့လို့ တစ်ဂိုးစီဖြစ်သွားခဲ့ပါတယ်။

နှစ်သင်းစလုံးအနိုင်ဂိုးတွေသွင်းယူဖို့ကြိုးစားခဲ့ပေမယ့် ပွဲချိန်ပြည့်တဲ့အထိ ရလဒ်မပြောင်းလဲနိုင်ခဲ့လို့ တစ်ဂိုးစီသရေပွဲဖြစ်ပြီး တစ်မှတ်စီခွဲဝေယူခဲ့ကြတာဖြစ်ပါတယ်။ ဆန်းဒါးလန်းအသင်းဟာ အခုပွဲသရေဖြစ်ခဲ့လို့ ၃၆ ပွဲကစားပြီးချိန်မှာ ၃၈ မှတ်ရရှိပြီး နေ့ဝှစ်၊ နယူးကာဆယ်တို့နဲ့လည်း ပွဲတူအမှတ်တူဖြစ်နေပါတယ်။

ဝီဂန်အသင်းက ၃၅ ပွဲကစားပြီးချိန်မှာ ၃၅ မှတ်ရရှိထားတာမို့ တန်းဆင်းဇုန်ထဲမှာရှိနေတာကြောင့် တစ်ပွဲအသာနဲ့ ၃၈ မှတ်ရရှိနေကြတဲ့ ဆန်းဒါးလန်း၊ နေ့ဝှစ်နဲ့နယူးကာဆယ်တို့ကတော့ တန်းမဆင်းရရေးစိုးရိမ်ပူပန်မှုတွေ ကိုယ်စီရှိနေတာ အမှန်ပါပဲ။ ဆန်းဒါးလန်းနည်းပြ ဒီကာနီရိုကတော့ မိမိတို့အသင်းဟာ လက်ကျန်နှစ်ပွဲမှာ သုံးမှတ်ရရင်ပဲ တန်းဆင်းစရာမလိုဘူးလို့တော့ ပြောကြားနေပါတယ်။ ဒါပေမယ့် ဆန်းဒါးလန်းအသင်းဟာ လက်ကျန်ပွဲစဉ်နှစ်ပွဲအဖြစ် မေ ၁၂ ရက်မှာ ဆောက်သမ်တန်နဲ့ ကစားရမှာဖြစ်ပြီး နောက်ဆုံးပွဲစဉ်အဖြစ် မေ ၁၉ ရက်မှာ စပါးအသင်းနဲ့ ကစားရမှာဖြစ်ပါတယ်။ ဒီပွဲစဉ်တွေမှာ ဆောက်သမ်တန်ကလည်း တန်းမဆင်းရရေး စိတ်အေးရဖို့ အမှတ်လိုအပ်နေတာမို့ ဆန်းဒါးလန်းကို ခြေကုန်ထုတ်ကစားမှာဖြစ်သလို စပါးတို့ကလည်း ချန်ပီယံလိဂ်အတွက် အမှတ်ယူဖို့ကြိုးစားမှာဖြစ်ပါတယ်။

လောလောဆယ်တော့ ဆွမ်ဆီးနဲ့ကစားမယ့် ဝီဂန်ရဲ့ပွဲရလဒ်က ဆန်းဒါးလန်း၊ နေ့ဝှစ်နဲ့ နယူးကာဆယ်တို့ကို ဝမ်းသာဝမ်းနည်း ဖြစ်စေမယ့် ခံစားမှုတွေပေးမှာတော့ အမှန်ပါပဲ။

ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

❖ အသက် ၂၁ နှစ် အရွယ်ရှိ ဆဲလ်တစ် ကွင်းလယ်ကစားသမား ဗစ်တာဝမ်ယာမာကို လီဗာပူးနှင့် ဆောက်သမ်တန်အသင်းတို့က စာချုပ်ချုပ်ဆိုနိုင်ရေး အပြိုင်ကြိုးစားလျက်ရှိသည်။

❖ အသက် ၃၀ နှစ်အရွယ်ရှိ ဝက်စ်ဟမ်းကွင်းလယ်ကစားသမား ဂျိုကိုးလ်က အငှားလာရောက်ကစားနေသော တိုက်စစ်မှူး ကာရိုးအား တစ်နှစ်ထပ်မံခေါ်ယူထားရန် အသင်းပိုင်ရှင်များအား တိုက်တွန်းလိုက်သည်။

❖ ဘေယာလေဗာကူဆင်အသင်းမှ တိုက်စစ်မှူး အင်ဒရီချာလီကို ချယ်လ်ဆီးက စာချုပ်ချုပ်ဆိုတော့မည်ဖြစ်သည်။

❖ ကျူပီအာသို့ ပြီးခဲ့သည့်ဩဂုတ်လက မာဆေးလ်မှ ပြောင်းရွှေ့လာသော အမ်ဘီရာသည် အသင်းဟောင်းသို့ ပြန်လည်ပြောင်းရွှေ့ကစားလိုကြောင်း ထုတ်ဖော်ပြောကြားသည်။

❖ လီဗာပူးအသင်းခေါင်းဆောင် ဂျရတ်သည် ပခုံးဒဏ်ရာခွဲစိတ်ကုသခံယူရန်ရှိနေကြောင်း သတင်းထုတ်ပြန်သည်။

❖ ခရစ္စတယ်ပဲလေ့အသင်းမှ မန်ယူသို့ ပြီးခဲ့သည့် ဇန်နဝါရီလက ပြောင်းရွှေ့လာသော တောင်ပံကစားသမားဇာဟာအား လာမည့်ဘောလုံးရာသီ၌ ခရစ္စတယ်ပဲလေ့စ်အသင်းသို့ အငှားပြန်ချရန်စီစဉ်နေသည်။

❖ အာဆင်နယ်တိုက်စစ်မှူး ဂီရော့ဒ်သည် အသင်းမှ ပြောင်းရွှေ့လိုကြောင်း ထုတ်ဖော်ပြောကြားသည်။

❖ ဂျူဗင်တပ်စ်အသင်းသည် လာမည့်ဘောလုံးရာသီ၌ ချန်ပီယံလိဂ်ဖလားရယူနိုင်ရေးအတွက် တိုက်စစ်မှူးဆွာရက်ဇ်၊ ရီးရဲမက်ဒရစ်မှ ဟီဂူအင်၊ ဘာစီလိုနာမှ ဆန်ချက်ဇ်တို့အား ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။

❖ ၃၃ နှစ် အရွယ်ရှိ ဘာစီလိုနာနောက်ခံကစားသမား အဘီဒယ်သည် လာမည့် ဇွန် ၃၀ ရက်၌ စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်ရာ စာချုပ်သစ် ထပ်မံမချုပ်ဆိုတော့မည်ဖြစ်ကြောင်း၊ ၎င်း၏အသည်းခွဲစိတ်ကုသမှု ခံယူထား၍ဖြစ်ကြောင်း ပြောကြားသည်။

အော်လာဂရီအား နည်းပြတာဝန်ဆက်ယူရန် တိုက်စစ်မှူး ဘာလော့တယ်လီ လိုလား

အေစီမီလန်တိုက်စစ်မှူး ဘာလော့တယ်လီက ၎င်း၏နည်းပြ အော်လာဂရီကို အေစီမီလန်အသင်းတွင် ဆက်လက်နည်းပြတာဝန်ယူပေးရန် အေစီမီလန်တာဝန်ရှိသူများအား တိုက်တွန်းလိုက်သည်။

အသက် ၄၅နှစ်ရှိ အော်လာဂရီအား ရိုးမားကခေါ်ယူရန် ကမ်းလှမ်းခဲ့ပြီးနောက် ဘာလော့တယ်လီက ပြောဆိုလိုက်ခြင်းဖြစ်သည်။ "ကျွန်တော့်အနေနဲ့ နည်းပြအော်လာဂရီကို အေစီမီလန်မှာပဲ ဆက်လက်ခေါ်ယူထားစေဖို့လိုပါတယ်" ဟု ဘာလော့တယ်လီက ပြောဆိုသည်။ မေ ၄ ရက်က အော်လာဂရီသည် ရိုးမားနှင့်သုံးနှစ်စာချုပ်ခဲ့သည်ဟု ကောလာဟလများ ထွက်ပေါ်ခဲ့သည်။

ဗြိတိသျှတင်းနစ်မယ် လော်ရာရော့ဆင် ကမ္ဘာ့အဆင့်လေးကို အနိုင်ကစား

ဗြိတိသျှနာမည်ကြီးတင်းနစ်မယ် လော်ရာရော့ဆင်သည် မက်ဒရစ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့နံပါတ်လေးအဆင့်ရှိ ရက်ဝမ်စကာကို အနိုင်ရပြီး တတိယအကျော့ပြိုင်ပွဲသို့ တက်ရောက်သွားသည်။

အသက် ၁၉ နှစ်အရွယ်ရှိ ရော့ဆင်သည် ပြီးခဲ့သည့်နှစ် ဝင်ဘယ်ဒန်ချန်ပီယံပြိုင်ပွဲဗိုလ်လုပွဲရောက် ရက်ဝမ်စကာကို ၆-၃၊ ၆-၁ဖြင့် နိုင်ခဲ့သည်။ ရော့ဆင်သည် ပြီးခဲ့သည့်ပေါ်တူဂီအိုးပင်းတွင်ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။ ယခုပွဲတွင် အနိုင်ရလိုက်၍ သူမ၏ကြေးစားတင်းနစ်မယ်ဘဝတွင် အောင်မြင်မှုအရှိဆုံးဖြစ်ကြောင်း သူမက ဂုဏ်ယူဝင့်ကြွားစွာ ပြောဆိုသည်။ ရော့ဆင်သည် ကမ္ဘာ့အဆင့် ၄၁ အဆင့်ရှိသူဖြစ်သည်။

ကောင်းမြတ်သူ စုစည်းသည်

ဝမ်းမြောက်ဂုဏ်ယူကြောင်း ဆုမွန်လွှာ

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလှသန်း အား ၃၀-၄-၂၀၁၃ရက်တွင် ချီးမြှင့်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏ **နိုင်ငံ့စွမ်းဆောင်ရည်ဆု (ရေထွက်ပစ္စည်း၊ မွေးမြူထုတ်လုပ်မှုအကောင်းဆုံးလုပ်ငန်းရှင်ဆု)** ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း နိုင်ငံ့အကျိုး၊ ဒေသအကျိုးကို ယခုထက်ပို၍ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့နှင့်အသင်းသားများ
ကင်းမွန်လှေလုပ်ငန်းရှင်များအသင်း၊ မြိတ်ခရိုင်၊ တနင်္သာရီတိုင်းဒေသကြီး

မင်္ဂလာနှစ်ပတ်လည်ဆုတောင်းလွှာ

ဆရာ ဦးခင်မောင်လေးနှင့် ဒေါ်ယုယုဝေတို့၏ ၈-၅-၂၀၁၃ရက်တွင်ကျရောက်သော နှစ်(၂၀)ပြည့် မင်္ဂလာရက်မြတ်မှသည် ရတုအဆက်ဆက်တိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် လောကီလောကုတ္တရာအကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သောသားများနှင့်တပည့်များ

မွေးနေ့ဆုတောင်း

ချစ်ဖေဖေ ဦးအုန်းဟန်၏ ၈-၅-၂၀၁၃ ရက်တွင် ကျရောက်သော နှစ်(၅၀)မြောက် ရွှေရတုမွေးနေ့မှသည်နောင်နှစ်ပေါင်း (၁၂၀)တိုင်ချစ်ရတဲ့ မိသားစုနှင့်အတူ ပျော်ရွှင်အောင်မြင် သာယာသောဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေ။

ချစ်ဇနီး -ဒေါ်စန်းစန်းဝေ

ချစ်သမီးကြီး- မနှင်းနွယ်ဦး BA(Eng) YUFL

ချစ်သမီးငယ်-မခိုင်စုဝေ First Year (Eng) East Yangon University

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ခွန်နေအောင် ၁၂/သဃက(နိုင်)၁၄၉၂၃၃ Passport အမှတ်A-၀၄၀၆၇၅သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၈၃၂၂၂၇၂**

ကျေးဇူးဆပ်ပါမည်

ဂေါ်လီအမည်ရှိ တယ်ရီယာမွေးပွအဖြူရောင် ၁နှစ် ၂လသားအရွယ်၊ နှာခေါင်းနက်နှင့် ခွေးထီးလေးတစ်ကောင်သည် ဧပြီ ၁၂ရက် ည ၁၀း၃၀နာရီတွင် တောင်ဥက္ကလာပ (၃)ရပ်ကွက် ငွေကြာယံ ဘုန်းကြီးကျောင်းအနီး၌ ပျောက်ဆုံးသွားပါသည်။ တွေ့ရှိက ဆက်သွယ်အကြောင်းကြားပေးပါရန်။ကျေးဇူးဆပ်ပါမည်။

ဆက်သွယ်ရန်လိပ်စာ
အမှတ် ၁၈၅၊ ၁၀လမ်း၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၀၀၅၈၀၀၊ ၀၉-၅၁၆၂၄၄၅၊ ၀၉-၅၁၆၄၂၅၆

မွေးနေ့ဆုတောင်း

သမီးလေး မယ်ဥက္ကာဆန်းလွင်၏ ၈-၅-၂၀၁၃ ရက်တွင်ကျရောက်သော (၈) နှစ်မြောက် မွေးနေ့မှစ၍ နောင်နှစ်ပေါင်းများစွာတိုင် စိတ်ချမ်းသာ ကိုယ်ကျန်းမာ၍ ထူးချွန်ထက်မြက်သော သမီးကောင်းရတနာလေးဖြစ်ပါစေလို့ ဆုမွန်ကောင်း တောင်းလျက်။

ချစ်ဖေဖေ - ဒုတိယဗိုလ်မှူးကြီးအောင်ဆန်းလွင်
ချစ်မေမေ - ဒေါ်မေသန္တာမြင့်
လေးလေး - ကျော်စည်သူ B.Med.Tech (MLT)LL.B(W.H.O) **ကျိုင်းတုံ**
ချစ်ဘိုးဘိုး - ဦးတိုးစိန် (ဒုညွှန်မှူး-ငြိမ်း၊ သမဦးစီးဌာန)
ဘွားဘွား - ဒေါ်သန်းမြင့်

ပြည်တွင်းသတင်း

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရေး ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

စစ်တွေ မေ ၇

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၃ ရက်က ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပခဲ့ရာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ဗဟိုကော်မတီအတွင်းရေးမှူး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လုပ်ငန်းကော်မတီဝင်များနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ ဆောက်လုပ်ရေးကုမ္ပဏီများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လက်ရှိဆောင်ရွက်နေမှုအခြေအနေ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ဒေသတွင်း ယာယီနေရာချထားရေးနှင့် ပြည်နယ်ထူထောင်ရေးလုပ်ငန်းစဉ်များထဲမှ ဒုက္ခသည်များအား မိုးမကျမီအမိုးအကာအောက်ရောက်ရှိရေးအတွက် လူနေအိမ်တန်းလျားများ ဆောက်လုပ်ပြီးစီးမှု အခြေအနေများနှင့် ဆောက်လုပ်ရေးကုမ္ပဏီများမှ တာဝန်ယူပြီး ထပ်မံဆောက်လုပ်မည့်အရေအတွက်နှင့် အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး ဗဟိုကော်မတီ အတွင်းရေးမှူးက ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ (၇)ခု ဖွဲ့စည်းထားရှိမှုအခြေအနေများ၊ လုပ်ငန်းတာဝန်များ စတင်ဆောင်ရွက်မည့် အစီအမံများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့ပြီး သက်ဆိုင်ရာဌာနများက မိမိတို့ သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ဆွေးနွေးတင်ပြခဲ့ကြသည်။

ကဿပမီဒီယာ

အခြေခံ ရှမ်းစာပေသင်တန်း သီပေါ၌ဖွင့်လှစ်

သီပေါ မေ ၇

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့၌ ရှမ်းစာပေနှင့်ယဉ်ကျေးမှုကော်မတီကကြီးမှူးဖွင့်လှစ်သော အခြေခံရှမ်းစာပေသင်တန်းကို မေ ၄ ရက်မှစ၍ ဇာတ်စုနယ်မြေနှင့် ရွှေကျောင်းနယ်မြေရှိ အခြေခံပညာကျောင်းများ၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ ဇာတ်စုရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း၌ သင်တန်းသား ၄၅၀၊ ရွှေကျောင်းရပ် အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း၌ သင်တန်းသား ၂၃၀ တို့တက်ရောက်သင်ကြားပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

စိုင်း(သီပေါ)

မြန်မာအမျိုးသမီးတို့၏ တန်ဖိုးထားမှုနှုန်းစံ ခေါင်းစဉ်ဖြင့် မြန်မာ့ယဉ်ကျေးမှုဆိုင်ရာဟောပြောပွဲ ပဲခူးမြို့၌ကျင်းပ

ပဲခူး မေ ၇

ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် အမျိုးသမီးရေးရာယဉ်ကျေးမှုဆိုင်ရာ ဟောပြောပွဲကို ပဲခူးမြို့ အထက(၁) သီရိပညာခန်းမ၌ မေ ၄ ရက် နံနက် ၉ နာရီက ကျင်းပရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်စမ်းစမ်းမြင့်က အမှာစကားပြောကြားပြီး ပဲခူးတက္ကသိုလ် မြန်မာစာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာ ဒေါ်ရီရီအုန်းသန်းက "မြန်မာအမျိုးသမီးတို့၏ တန်ဖိုးထားမှုနှုန်းစံ" ခေါင်းစဉ်ဖြင့် မြန်မာအမျိုးသမီးများ ရိုးရာမပျက် ခေတ်နှင့်လျော်ညီအောင် နေထိုင်ဝတ်ဆင်ကြပြီး ကိုယ်ပိုင်ယဉ်ကျေးမှုကို ထိန်းသိမ်းကာ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး ဂုဏ်သိက္ခာ အစဉ်မြင့်မားနိုင်ရေး အသိပညာပေး ဟောပြောသည်။ **(အပေါ်ပုံ)**

ဟောပြောပွဲသို့ ပဲခူးမြို့ရှိ အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး စိတ်ပါဝင်စားစွာဖြင့် မှတ်သားကြသည်ကို တွေ့ရှိရသဖြင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မြင့်မြင့်စိုးက ကျေးဇူးတင်စကား ပြောကြားပြီး ဆရာမ ဒေါက်တာ ဒေါ်ရီရီအုန်းသန်းအား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၃၁)

မီးသတိပြု ကာကွယ်မှု ပေါင်းစုဆောင်ရွက်ကြ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

တင်ဒါအမှတ်	အကြောင်းအရာ
၁၁/မမ/ဝန်ကြီးရုံး (2013-2014)	ရထားပို့ဆောင်ရေးဝန်ကြီးဌာန (ဝန်ကြီးရုံး)၊ ရုံးအမှတ်(၂၉) နေပြည်တော်တွင် Network Cable ဖြင့် Local Area Network တည်ဆောက်ရန်

တင်ဒါပိတ်မည့်နေ့/အချိန် -၂၇ . ၅ . ၂၀၁၃(တနင်္လာနေ့)(၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၆ . ၅ . ၂၀၁၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်း နှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း -294352, 291994.

TAXI ယာဉ်မောင်းချင်သူများဆက်သွယ်နိုင်ပါသည်။

ယာဉ်အမျိုးအစား - Probox Van, Belta Saloon

ဆက်သွယ်ရန်လိပ်စာ - " **ရွှေထားဝယ်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်** "
အမှတ်(၁၈/အေ1)၊ သာယာဝတီလမ်း၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ ။
ဖုန်း - ၀၁-၅၄၂၁၁၁၊ ၀၁-၄၀၀၈၀၅၊ ၀၁-၇၀၀၉၁၆
၀၉-၅၁၂၂၀၇၂၊ ၀၉-၇၃၀၀၅၈၂၁၊ ၀၉-၇၃၂၀၅၈၄၅

Taxi မောင်းလိုသူများ ဆက်သွယ်ပါ

Toyota Probox , CNG , 2007 Mdl မောင်းရန်၊ စပေါ်-ကျပ်သုံးသိန်း၊ နံနက် ၆ နာရီမှ ည ၈ နာရီအထိ၊ ကျပ် ၁၇၀၀၀၊ တောင်ဥက္ကလာ။

ဖုန်း-၀၉-၅၀၂၀၃၈၀၊ ၀၁-၅၆၁၉၇၀

အမည်မှန်

လားရှိုးမြို့၊ အထက(၆)၊ အဋ္ဌမတန်း (င)မှ မောင်ဝင်းနိုင်၏အမည်မှန်မှာ မောင်အိုက်မှတ်ဖြစ်ပြီး၊ မိဘအမည်မှန်မှာ ဦးအိုက်ထက်နှင့် ဒေါ်ယဲ့လွယ် ဖြစ်ပါသည်။

အမည်ပြောင်း

ဦးခွန်စံလွင်၏သမီး တောင်ကြီးမြို့၊ အထက (၄)၊ ဆဋ္ဌမတန်းမှ နန်းဖူးပွင့်မြတ်အား ယနေ့မှစ၍ နန်းဖူးပွင့်မြတ်စံဟု ပြောင်းလဲခေါ်ပါရန်။

နန်းဖူးပွင့်မြတ်စံ

စက်ရုံနှင့်လုပ်ငန်း ရောင်းရန်ရှိသည်

လက်ရှိလည်ပတ်နေသော အရက်ချက်စက်ရုံ၊ သကြားစက်ရုံနှင့် အရက်လုပ်ငန်းကို ရောင်းချရန်ရှိသည်။ (ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်၊ ပွဲစားမလို။)

ဆက်သွယ်ရန် ဖုန်း-၀၉-၅၂၁၂၈၅၈၊ ၀၈၁-၂၁၂၁၁၅၃

မုန်ဦး၊ အုတ်တံတိုင်း၊ ရေစက်ချအလှူတော်နှင့် သာသနဓဇဓမ္မာစရိယဘွဲ့ရ အရှင်သူရိယ ဂုဏ်ပြုပူဇော်ပွဲ တရားတော်နာ ဖိတ်ကြားလွှာ

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ အေးမြရွှေပြည်ကျောင်းတိုက်၊ မုခ်ဦး၊ အုတ်တံတိုင်းရေစက်ချနှင့် သာသနဓဇဓမ္မာစရိယဘွဲ့တံဆိပ်တော်ရ အရှင်သူရိယအား ဂုဏ်ပြုပူဇော်ပွဲတွင် အောက်ပါဆရာတော်ကြီးများမှ အောက်ဖော်ပြပါနေ့ရက်များ၌ နေ့စဉ် ည ၈နာရီမှ စတင်၍ တရားတော်များဟောကြားပေးမည်ဖြစ်ပါ၍ တရားတော်နာကြွရောက်ကြပါရန် မွန်မြတ်သောစိတ်ဓာတ်ဖြင့် ဖိတ်ကြားအပ်ပါသည်။

ဟောကြားမည့်ဆရာတော်များ

၁။ ၁၃-၅-၂၀၁၃ရက် - ဘဒ္ဒန္တသူရိယာဘိဝံသ
အနောက်ခင်မကန်တိုက်
မိုးတားကျောင်း၊ မန္တလေးမြို့။

၂။ ၁၄-၅-၂၀၁၃ရက် - ဘဒ္ဒန္တသုစိတ္တာဘိဝံသ
ပါမောက္ခချုပ်ဆရာတော်
အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်
ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။

၃။ ၁၅-၅-၂၀၁၃ရက် - ဘဒ္ဒန္တပညာနန္ဒ(သီတဂူကြယ်တစ်ပွင့်)
ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်၊ တမာတန်း၊
မန္တလေးမြို့။

ဓမ္မဒါန အမတဒါန ကုသိုလ်ရှင် ကျပ်သိန်းငါးဆယ်
ဦးဝင်းနိုင်-ဒေါ်စန်းစန်း (သုဓမ္မသီဂီ)
သမီးများ-မချစ်စု၊ မဖူးဖူး၊ မချောချော
Win & San Diamonds and Fine Jewel၊ ရန်ကုန်မြို့
(တရားနာပရိသတ်များအတွက် ကားကြို/ပို့ ဆောင်ရွက်ပေးပါမည်။)

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ ရေနံနှင့် ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးဌာနပိုင် MT ရွှေပြည်ရေယာဉ် ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၆-၅-၂၀၁၃ရက်မှ ၂၀-၅-၂၀၁၃ရက်အထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
(ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်-၇(က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၄။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်၊ အချိန်နှင့်နေရာ** - ၂၁-၅-၂၀၁၃ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီ၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် (၄၄)၊ နေပြည်တော်

တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန် - ၂၁-၅-၂၀၁၃ရက်၊ ၁၃:၀၀ နာရီ

၅။ အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၆၇-၄၁၁၃၄၉၊ ၀၆၇-၄၁၁၁၂၂၊ ၀၆၇-၄၁၁၁၉၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ နေပြည်တော်

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆(စီ)၊ မြေကွက်အမှတ် ၂၇အေ/၂-၃၊ မြေကွက်တည်နေရာအမှတ် (၁၁၁/စီ)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ် ဒေါ်ခင်မာကြည်(ခ)ဒေါ်တင်ကြည် အမည်ပေါက်မြေပိုင်မြေအား အမည်ပေါက် ဒေါ်ခင်မာကြည်(ခ)ဒေါ်တင်ကြည်နှင့် ခင်ပွန်း ဦးတင်မောင်ကွယ်လွန်သဖြင့် ဦးသန့်ဇင် ၁၂/ကမရ(နိုင်)၀၄၄၆၅၀ နှင့် ဒေါ်ဝါဝါ ၁၂/ကမရ(နိုင်)၀၀၃၀၁၉တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့်စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၄၅၁၊ မြေကွက်အမှတ် ၄၅၁၊ မြေကွက်တည်နေရာအမှတ် ၄၅၁၊ စက်မှုဇုန်(၂)၊ (၆၄)ရပ်ကွက်၊ သံလွင်လမ်း၊ တောင်ဒဂုံ၊ ဦးထွန်းညို CJ-၀၃၀၇၁၉၊ ဒေါ်ခင်အေး CJ-၀၂၆၅၄၄ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးထွန်းညို+၁ ကွယ်လွန်သဖြင့် ဒေါ်ချိုချို+၄ ၁၂/သကတ(နိုင်)၀၉၉၄၉၉က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ကတိသစ္စာပြုလွှာတင်ပြ၍ ဒေါ်ချိုချို+၄ ထံမှ SP No. ၁၇၂၅ / ၃၀-၁-၁၃ ဖြင့် ရရှိသူ ဦးစိန်လင်းမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၁၊ မြေကွက်အမှတ် ၁၅၈၊ မြေကွက်တည်နေရာ ၁၅၈၊ သမိန်ဗရမ်းလမ်း၊ (၃)ရပ်ကွက်၊ လှိုင်သာယာမြို့နယ် ဦးရှိန်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးရှိန်ကွယ်လွန်သဖြင့် သမီးဖြစ်သူ ဒေါ်ယဉ်ကြည် ၁၂/တကန(နိုင်) ၀၃၂၀၀၁ထံမှ G.P ၁၆၅၆/၁၃ / ၂၉-၁-၁၃ ဖြင့်ရရှိသူ ဦးလျှုအန်တန် ၁၃/လရန(နိုင်)၀၈၅၄၃၅က ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကုန်သည် /စက်မှုအသင်းချုပ်ရုံး၌ လစဉ်ဟောပြောပွဲကျင်းပ

ရန်ကုန် မေ ၇

မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က လစဉ်ကျင်းပလျက်ရှိသော ဘာသာရပ်ဆိုင်ရာ ပညာရှင်ဟောပြောပွဲကို ကုန်သည်/စက်မှုအသင်းချုပ် ပထမထပ်ခန်းမ၌ မေ ၄ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

ပြန်လည်ဆွေးနွေး

ဦးဘိုဘိုကျော်ငြိမ်းက Silicon Valley အတွေ့အကြုံ Venture Capitalism နှင့် စီးပွားရေးဟာကွက် ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဆွေးနွေးဖြေကြားခဲ့သည်။ **(ယာပုံ)** (၁၆၃)

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးအထိမ်းအမှတ် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲဆုချီးမြှင့်

ဖျာပုံ မေ ၇

ဖျာပုံမြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီနှင့် ဝေါလ်ဗွီးရှင်းမြန်မာ(ဖျာပုံ)တို့ ပူးပေါင်း၍ ကျင်းပသော ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး အထိမ်းအမှတ် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၂ ရက် နံနက် ၁၀ နာရီက ဖျာပုံခရိုင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဖျာပုံမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က အမှာစကားပြောကြားပြီး ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ဝေါလ်ဗွီးရှင်းမြန်မာ (ဖျာပုံ)မှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြသည်။ ယင်းနောက်ဆုရွေးချယ်ရေးအဖွဲ့၏ သုံးသပ်ချက်များကို ဦးမြင့်အောင်(စာရေးဆရာဖိုးအောင်လေး)က ရှင်းလင်းတင်ပြပြီး ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **သူဇာနွယ်**

မီးသတ်တပ်ဖွဲ့နေ့ ကျင်းပ

ကျိုင်းတုံ မေ ၇

(၆၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ စည်ပင်သာယာခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သန်းထွန်းဦး တက်ရောက်၍ (၆၇) နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့မိန့်ခွန်းကို ဖတ်ကြားသည်။

ထို့နောက် အလှူရှင်များက မြို့နယ်မီးသတ်တပ်ဖွဲ့သို့ အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ရာ ခရိုင်အုပ်ချုပ်ရေးမှူး စည်ပင်သာယာအမှုဆောင်အရာရှိနှင့် တွဲဖက်ပြည်နယ်မီးသတ်ဦးစီးမှူးတို့က လက်ခံယူခဲ့ကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းမှူးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များအား ကျိုင်းတုံမြို့နယ်မီးသတ်ဦးစီးမှူး ဦးအေးသန်းစိုး ဦးဆောင်ကြီးကြပ်မှုဖြင့် သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နိုင်မှုစွမ်းရည် သရုပ်ပြသခြင်းများကို လက်တွေ့သရုပ်ပြသခဲ့ကြသည်။ **နိုင်နိုင်အောင်ဝေ**

သောက်သုံးရေပြတ်လပ်မှု ဖြန့်ဝေလှူဒါန်း

မော်လမြိုင် မေ ၇

မော်လမြိုင်မြို့ နောင်ခရီကျေးရွာအုပ်စု အိမ်ခြေပေါင်း ၁၃၀၊ လူဦးရေ ၅၀၀ ခန့်နေထိုင်သည့် ခရွန်း(မြောက်)ရှိ သောက်သုံးရေများ ပြတ်လပ်မှုကြုံတွေ့နေရသဖြင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများက ရေသယ်ယာဉ်များဖြင့် ဧပြီ ၂၉ ရက်က သောက်သုံးရေ ဂါလန် ၁၄၀၀ ကို ဖြန့်ဝေလှူဒါန်းခဲ့သည်။ **တင်ထွဋ်**

ထော်လာဂျီယာဉ်အား ရှာဖွေစစ်ဆေးရာမှ အမဲခြောက်များ တွေ့ရှိ၍ သိမ်းဆည်း

ငါးသိုင်းချောင်း မေ ၇

ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့နယ်ခွဲ ရဲစခန်းမှ ဒုရဲအုပ်ထွဋ်ထွဋ်အောင်နှင့် ရဲတပ်ဖွဲ့ဝင်များသည် မြို့ပေါ်ရပ်ကွက်များအတွင်း လှည့်ကင်းတာဝန် ဆောင်ရွက်နေစဉ် မေ ၁ ရက် နံနက် ၁ နာရီ ၄၅ မိနစ်က ရှေ့ဆောင်ရပ်ကွက် ဘုရားလမ်း အိုင်သပြုဘက်မှ ဝင်းလွင်ဦး (၂၄ နှစ်) မောင်းနှင်လာသည့် ထော်လာဂျီပေါ်၌ ကျော်မိုးဟန် (၂၂ နှစ်)နှင့် စိုးသူထွန်း(၁၉ နှစ်) တို့လိုက်ပါလျက် မသင်္ကာဖွယ် ပီနံအိတ်အထုပ်များ သယ်ဆောင်လာကြောင်းတွေ့ရှိ၍ ငါးသိုင်းချောင်းရဲစခန်းသို့ ခေါ်ဆောင်လာပြီး သက်သေများနှင့်အတူစစ်ဆေးရာ အမဲသားခြောက် ပီနံအိတ်လေးထုပ် စုစုပေါင်း ပိဿာချိန် ၁၈၉ ပိဿာကို တွေ့ရှိသဖြင့် နယ်ထိန်းခေါင်းဆောင်က ရှာဖွေပုံစံပြုလုပ်သိမ်းဆည်းပြီး မြို့နယ်ကို ကျော်လွန်သယ်ဆောင်လာသည့် အမဲသားခြောက်များကို လက်ဝယ်တွေ့မှုအပေါ် ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များနှင့် ငါးသိုင်းချောင်းမြို့နယ်ခွဲ စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံဦးရဲထွန်းဦးက တရားလိုပြုလုပ်၍ ရေကြည်မြို့နယ်တရားရုံး၌ တရားစွဲဆိုထားကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** (၁၈၁)

“ဂုဏ်ယူဝမ်းမြောက်ခြင်း”

“ဆန်းသစ်သော စိုက်ပျိုးရေးမြှင့်တင်မှု အုပ်စုအများပိုင်ကုမ္ပဏီလီမိတက်” အဆင့်မြင့်လယ်ယာဖော်ထုတ်ရေးစီမံကိန်း၏ နာယကဖြစ်သော ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်ကေ(၁၀၀၀)လယ်သမားကြီး ဦးသိန်းမြင့်အားနိုင်ငံတော်သမ္မတ၏“နိုင်ငံ့စွမ်းဆောင်ရည်ဆု” (စိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံးတောင်သူလယ်သမားဆု) ကိုချီးမြှင့်ခြင်းခံရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံ့အကျိုးကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ပါစေကြောင်းဆုမွန်ကောင်းတောင်းအပ်ပါသည်။

AGRO INNVOATION GROUP

AGRO INNOVATION GROUP PUBLIC CO.,LTD.

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၈၊ မြေကွက်အမှတ် ၁၀/စ၊ မြေကွက်တည်နေရာအမှတ်၁၀/က၊ လွတ်လပ်ရေးလမ်း၊(ဂ)ရပ်ကွက်၊ သဃ်န်းကျွန်း ဒေါ်စန်းနု ၁၂/သဃက(နိုင်)၁၂၉၁၅၁ အမည်ပေါက် Bလ/န-၃၉မြေအား အမည်ပေါက်ဖခင်ဦးကြည်နှင့် (မိခင်)ဒေါ်စန်းနုတို့ကွယ်လွန်သဖြင့် ၁။ဦးတင့်ဝေ ၁၂/သဃက(နိုင်)၁၂၉၁၅၀၊ ၂။ဦးတင်ထွဋ် ၁၂/သဃက(နိုင်)၀၈၆၀၉၈၊ ၃။ဒေါ်နွဲ့နွဲ့ဝင်း ၁၂/သဃက(နိုင်)၁၂၉၁၄၈တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (င)၊ မြေကွက်အမှတ် ၃၉/က၊ မြေကွက်တည်နေရာအမှတ် (၃၉/က)၊ သန္တာ ၈ လမ်း၊ (င)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးဆန်းလင်း ၁၂/ ဥကမ(နိုင်)၁၀၀၃၉၇ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ဦးဆန်းလင်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၇၄၆၂/၃၁-၁၀-၂၀၁၂ဖြင့်ရရှိသူ ဒေါ်မြတ်မြတ်ခိုင်သွင်က ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်များတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လီယိုမက်အရေပြားရောဂါကု တိုင်းရင်းဆေးတိုက်မှ

ခရှင်းသေမင်ဖြူ

ဆေးပြုကျွန်ပြုချက်အမှတ် တအဆကေ(ဖာနယ်ဖင်း) ၀၀၃/၀၁၀၉

ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူ၊

နယ်မှ ဝေဒနာရှင်များ စာတိုက်မှ တဆင့်မှာယူနိုင်ပါသည်။

သွေးမသန့်ခြင်းကြောင့်ဖြစ်သော အရေပြားရောဂါများကို ကုသပေးသည်။

အမှတ် (၂၂၁)၊ (၃)ထပ်၊ ၃၂လမ်း၊(အထက်) ရန်ကုန်မြို့။

ဖုန်း ၀၁-၂၅၂၅၉၈၊ ၀၁-၂၄၃၈၅၁

ပြည်တွင်းသတင်း

မြို့နယ်အတွင်း ဆရာ့စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ဆောင်

ကျိုင်းတုံ မေ ၇

ပညာရေးဝန်ကြီးဌာနနှင့် ယူနီဆက်(ဖ်)တို့ ပူးပေါင်းဆောင်ရွက်သည့် မြို့နယ်ဆရာ ဆရာမများ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်း ဆွေးနွေးပွဲ အပိုင်း(၁) ဖွင့်ပွဲအခမ်းအနားကို မေ ၄ ရက် နံနက် ၈ နာရီက ကျိုင်းတုံမြို့နယ်အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ရုံးခွဲ(ကျိုင်းတုံ)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင့်နှင့် ခရိုင်ပညာရေးမှူး ဦးခင်ကျော်ဝင်းတို့က အမှာစကားပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်ဟန်စိန်က ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် ဆွေးနွေးပွဲဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

အဆိုပါဆွေးနွေးပွဲတွင် ရန်ကုန်မြို့ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စန္ဒာလွင်နှင့် ကျိုင်းတုံမြို့နယ်အတွင်းရှိ နည်းပြဆရာ ဆရာမ ၂၂ ဦးတို့က ဆွေးနွေးရှင်းလင်းပို့ချမှုများကို ပြုလုပ်မည်ဖြစ်ကာ အခြေခံပညာကျောင်းအသီးသီးမှ မူလတန်းပြဆရာ ဦးရေ ၃၀၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။**(အောက်ပုံ) နိုင်နိုင်အောင်ဝေ**

ညောင်လေးပင်၌ ဆင်းကတ်များ စတင်ရောင်းချ

ညောင်လေးပင် မေ ၇

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် ကျပ် ၁၅၀၀ တန် ဆင်းကတ်များကို ဧပြီ ၂၄ ရက်မှစတင်၍ လျှောက်ထားသူ ၂၀၀ အနက် မဲဖောက်စနစ်ဖြင့် ရွေးချယ်ရာ ၆၀ က ဆင်းကတ်ဝယ်ယူခွင့် ရရှိခဲ့သည်။

ယခု ညောင်လေးပင်မြို့နယ်တွင် ပထမအသုတ်အနေဖြင့် ပြည်သူများအတွက် ၁၇၀၇ လုံး၊ ဌာနဆိုင်ရာအတွက် ၇၅၃ လုံးခွဲဝေချထားကာ တစ်မြို့နယ်လုံးအနေဖြင့် ဆင်းကတ်စုစုပေါင်း ၂၄၆၀ ကတ်ကို ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **နေလင်း(ညောင်လေးပင်)**

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ လူတစ်ဦး ကြိုးဆွဲချသေဆုံး

ရန်ကုန် မေ ၇

မေ ၅ ရက် နံနက် ၁၁ နာရီက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၈၈) ရပ်ကွက် ရွှေကြိုးကြာလမ်း၌ လူတစ်ဦး ကြိုးဆွဲချသေဆုံးခဲ့ကြောင်း သိရသည်။

စစ်ဆေးရန်

အဆိုပါနေအိမ်သို့ ရဲတပ်ဖွဲ့စခန်းမှ ရဲအုပ်ထွန်းတင်၊ သက်သေရာအိမ်မှူး ဦးဝင်းဌေး၊ ဦးဝင်းနိုင်တို့နှင့်အတူ သွားရောက်စစ်ဆေးရာ အိမ်ရှင် ဦးတင်အောင် (၆၅ နှစ်) ခန္ဓာကိုယ်အောက်ပိုင်း လေဖြတ်ထားသူအား နေအိမ်ခြေရင်းရှိ အမြင့် ၄ ပေခွဲခန့်ရှိ အဝတ်လှန်းသည့် ဝါးတန်းတွင် ကြိုးဆွဲချသေဆုံးနေသည်ကို တွေ့ရှိရပြီး ပြင်ပဒဏ်ရာ တစ်စုံတစ်ရာမတွေ့ရှိရသဖြင့် သင်္ချိုင်းကျွန်းစံပြဆေးရုံကြီးသို့ ပို့ဆောင်ထားရာ အလောင်းကို လက်ခံထားပြီး သေမှုသေခင်းအား ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ် မဟုတ်စစ်ဆေးရန် အမှုဖွင့်ထားကြောင်း သတင်းရရှိသည်။ **ကျင်မောင်**

မှတ်တိုင်များ၌ ခရီးသည်နားခိုစရာများ ဆောက်လုပ်ပေးစေလို

ရန်ကုန် မေ ၇

ရန်ကုန် ကမ်းနားလမ်းမဟောင်းကြီး၏ သစ်တောလမ်းထိပ်မှစ၍ အရှေ့ဘက် ဆူးလေဘုရားလမ်းဝန်းကျင်အထိ ခရီးသည်တင်ကားမှတ်တိုင်များရှိရာတွင် ခရီးသည်များ စောင့်ဆိုင်းရန် လူသွားစင်္ကြံ (ပလက်ဖောင်း)မရှိသည့်အတွက် လမ်းဘေးရပ်ယာဉ်များအကြားမှ စောင့်ဆိုင်းစီးနေရကြောင်း၊ အထူးသဖြင့် ထော်လီကွေ့မှတ်တိုင် ကွေ့နေရာတွင် လမ်းဖြောင့်လိုက်သဖြင့် မူလလမ်းအကျယ်ထက် များစွာကျယ်လာရာ လမ်းလယ်ကျွန်းများ ပြုလုပ်ပေးခြင်း သို့မဟုတ် လမ်းတားကွန်ကရစ်တုံးများချပေးသင့်ကြောင်း၊ ခရီးသည်များအတွက် မှတ်တိုင်များတွင် နားခိုစရာ အဆောက်အအုံပြုလုပ်ပေးစေလိုကြောင်း အလုံမြို့နယ် စောရန်ပိုင်အနောက်ရပ်ကွက်အတွင်း နေထိုင်သူများက ဆိုသည်။

ယခုအခါ ကမ်းနားလမ်းဟောင်းနှင့် လမ်းသစ်ကြားတွင်လူသွားစင်္ကြံ (ပလက်ဖောင်း)များမရှိသဖြင့် ခရီးသွားများသည် ကားများရပ်ထားရာ နေရာများအကြားမှ လျှောက်သွားနေရကြောင်း၊ ယာဉ်ကြောပိတ်ဆို့မှု ဖြေလျှော့ရာတွင် လမ်းအသား အကျယ်ပေကိုတိုးချဲ့ရန်အဓိကထားလာသဖြင့် လူသွားစင်္ကြံများ (ပလက်ဖောင်းများ) ကျဉ်းမြောင်းလာခြင်း၊ ပျောက်သွားခြင်းများကို ရန်ကုန်မြို့နေလူများ ခံစားလာရကြောင်း၊ ကမ္ဘာအေးဘုရားလမ်း အထူးသဖြင့် ကုက္ကိုင်းမှတ်တိုင်နှင့် ဟာမစ်တစ်မှတ်တိုင်ကြား ရန်ကုန်မြို့ထဲအသွား ယာဉ်ကြောဘက်ရှိ ပလက်ဖောင်းများသည် ကျဉ်းမြောင်းသည့်အတွက် လူများ လမ်းမပေါ်မှ လျှောက်နေရသည်ဟု သိရသည်။

ယာဉ်ကြောပိတ်ဆို့မှု လျှော့ပါးရေးလုပ်ဆောင်ရာတွင် လူသွားလမ်းများအကျယ် လုံလောက်စွာရှိရေးကို လမ်းလျှောက်သွားလာသူများအတွက်ပါ ထည့်သွင်းစဉ်းစားပေးစေလိုကြောင်း၊ အချို့နေရာများတွင် ပလက်ဖောင်းပေါ် ပိတ်ဆို့ထားမှုများကြောင့် ကားလမ်းပေါ်လမ်းလျှောက်နေရသည်ဟု ရန်ကုန်မြို့တွင်းနေ လမ်းသွားလမ်းလာများက ဆိုသည်။ **ခင်ဆိုင်**

အကောင်းဆုံးလူသုံးကုန်များအား အထူးသက်သာသောဈေးနှုန်းများဖြင့်ပြသရောင်းချမည့်ကုန်စည်ပြပွဲကြီး
ကုန်စည်ပြပွဲကြီး(မော်လမြိုင်မြို့)
(23.5.13 မှ 27.5.13) ပြည်နယ်ခန်းမ၊မော်လမြိုင်မြို့။ ပြခန်းစုံစမ်းရန်–SMART GROUP.PH:01-656875,667473

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဃ/၃၃၆၄ Honda Insight ZE 2 Hatch Back ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်စိုး ၁၂/ရကန(နိုင်) ၀၄၃၇၇၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ခ/၁၇၁၄ Dagon Jeep DG O၊A Jeep ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးမြအောင် ၉/ပမန(နိုင်) ၁၆၅၁၄၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၄၈၊ မြေကွက်အမှတ်၁၄၉၊ မြေကွက်တည်နေရာအမှတ် ၁၄၉၊ (၁၄၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဒေါ်ခင်မမအောင်အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်ခင်မမအောင် ၁၂/တမန(နိုင်)၀၄၄၈၃၉ က မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်းအတွက် ကန့်ကွက်လိုပါက စာရွက်စာတမ်းများဖြင့် ၁၅ ရက်အတွင်း သက်ဆိုင်ရာရုံးတွင် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မှတ်ပုံတင်စာအုပ်မိတ္တူအား ထုတ်ပေးသွားမည်ဖြစ်ပါသည်။

စဉ်	ယာဉ်အမှတ်	အမျိုးအမည်	အမျိုးအစား	ပိုင်ရှင်အမည်	မှတ်ပုံတင်အမှတ်	နေရပ်လိပ်စာ	ရုံး
၁	၇ဃ/၄၉၀၅၄	ဟွန်ဒါ ၁၂၅	ဆိုင်ကယ်	ဦးရှောလမုန်	၂/လကန(နိုင်)၀၈၀၉၈၁	ပန်ကန်းရွာ၊ လှိုင်ကော်မြို့။	(လှိုင်ကော်)
၂	၁၁ဃ/၂၄၇၂၄	ဟွန်ဒါ	ဆိုင်ကယ်	ဦးအုန်းသွင်	၉/မရတ(နိုင်)၀၇၄၃၁၀	အပိုင်း(၈)၊ မဟာအောင်မြေမြို့နယ်။	(မန်း/တောင်)
၃	၅ဃ/၆၂၈၉၀	လော့ဂျား	ဆိုင်ကယ်	ဦးထွန်းထွန်း	၁၂/ဥကမ(နိုင်)၁၆၀၀၇၁	ကွက်(၅၀၁)၊ ချမ်းမြသာစည်မြို့နယ်။	(မန်း/တောင်)
၄	၁၁ဃ/၃၁၆၄၁	ဂျာလင်း ၉၀	ဆိုင်ကယ်	ဦးသိန်းမင်းဦး	၉/ခမစ(နိုင်)၀၁၆၃၆၃	ကွက်(၄၃၆)၊ ချမ်းမြသာစည်မြို့နယ်။	(မန်း/တောင်)
၅	၄ဃ/၄၀၅၄၃	ကန်ဘို	ဆိုင်ကယ်	ဦးကျော်မိုးဦး	၉/မရတ(နိုင်)၁၃၁၆၈၁	နတ်ကြီးစဉ်ကျေးရွာ၊ မတ္တရာမြို့နယ်။	(မန်း/တောင်)
၆	၁၉ဃ/၄၉၄၆၂	ဟွန်ဒါဝေ့စ်	ဆိုင်ကယ်	ဦးကြည်မင်းထွန်း	၁၄/ဟသတ(နိုင်)၂၀၇၁၇၇	ပန်းဘဲတန်းရပ်၊ ဟင်္သာတမြို့။	(ဟင်္သာတ)
၇	၁၆ဃ/၈၂၆၆၆	စမတ် ၁၁၀	ဆိုင်ကယ်	ဦးစိုးသူပိုင်	၈/မမန(နိုင်)၂၀၇၄၇၉	ဗိုလ်ချုပ်လမ်း၊ အင်္ဂပူမြို့။	(ဟင်္သာတ)
၈	၁၆ဃ/၇၅၁၅၇	လော့ဂျား ၁၁၀	ဆိုင်ကယ်	ဦးလှဟန်	၁၄/ဇလန(နိုင်)၀၀၀၅၃၀	ရင်းတိုက်ကုန်းရွာ၊ ဇလွန်မြို့။	(ဟင်္သာတ)
၉	၉ဌ/၂၁၄၀	ထော်လာဂျီ	လက်တွန်းထွန်စက်	ဦးလှဟန်	၁၄/ဇလန(နိုင်)၀၀၀၅၃၀	ရင်းတိုက်ကုန်းရွာ၊ ဇလွန်မြို့။	(ဟင်္သာတ)
၁၀	၉ဌ/၁၁၅၁၆	ထော်လာဂျီ	လက်တွန်းထွန်စက်	ဦးခင်ဇော်နိုင်	၁၄/ဇလန(နိုင်)၀၀၄၉၉၆	ညောင်ပင်ဈေးရပ်၊ ဇလွန်မြို့။	(ဟင်္သာတ)
၁၁	၁၅ဃ/၃၀၈၆၄	လော့ဂျား ၁၁၀	ဆိုင်ကယ်	ဦးဂျေတူးအောင်	၁၃/ကခန(နိုင်)၀၂၉၃၁၁	ရပ်ကွက်(၃)၊ နမ့်ဖက်ကာ၊ ကွတ်ခိုင်မြို့။	(မူဆယ်)
၁၂	၂၅ဃ/၁၉၀၃၃	ရှမ်ယန်း ၁၁၀	ဆိုင်ကယ်	ဦးမျိုးအောင်	၁၂/မဘန(နိုင်)၀၀၆၀၈၈	ဆက်သွယ်ရေးရုံးဝင်း၊ ကျောက်ထုမြို့။	(ပခုက္ကူ)
၁၃	၂၃ဃ/၃၁၃၉၈	ကန်ဘို ၁၂၅	ဆိုင်ကယ်	ဦးသက်နိုင်ဦး	၉/တတဥ(နိုင်)၁၁၅၄၇၅	သစ်တော်ဖျား၊ တံတားဦးမြို့။	(ကျောက်ဆည်)
၁၄	၃ဃ/၄၃၄၅၃	ဟွန်ဒါဒရင်း	ဆိုင်ကယ်	ဦးကျော်အေး	၆/သရခ(နိုင်)၀၂၀၆၃၅	သရက်နှစ်ခွရွာ၊ သရက်ချောင်းမြို့။	(ထားဝယ်)
၁၅	၉ဃ/၃၂၉၆	ဟွန်ဒါဒရင်း	ဆိုင်ကယ်	ဒေါ်ဇင်မာခိုင်	၆/ထဝန(နိုင်)၀၉၀၁၀၈	ကဒတ်ကြီးရွာ၊ လောင်းလုံမြို့။	(ထားဝယ်)
၁၆	၇က/၃၄၀၅	မစ်ဆူဘီရှီပါဂျဲရိုး	စတေးရှင်ဝက်ဂွန်	အာစိဏ္ဏာဘိဝံသ	မဖဟ(သ)၀၀၀၁၁၂	ဓားသိတရာမကျောင်းတိုက်၊ထားဝယ်မြို့။	(ထားဝယ်)
၁၇	၁၂ဃ/၉၉၂၀၁	ဒေရန်း ၁၂၅	ဆိုင်ကယ်	ဦးစိန်လွင်	၉/ခမစ(နိုင်)၀၀၉၄၂၉	စက်မှုဇုန်ရပ်၊ ပခုက္ကူမြို့။	(ပခုက္ကူ)
၁၈	၁၆ဃ/၄၉၃၂၆	ဟွန်ဒါဒရင်း	ဆိုင်ကယ်	ဦးကျော်ကျော်လွင်	၁၄/ဖပန(နိုင်)၀၈၉၇၉၄	(၉၂)၊ အောင်သစ္စာလမ်း၊ ဖျာပုံမြို့။	(မအူပင်)
၁၉	၂၃ဃ/၈၄၇၇၀	လော့ဂျား ၁၁၀	ဆိုင်ကယ်	ဒေါ်ဆန်းတင်	၉/ကဆန(နိုင်)၁၅၁၂၀၃	အရှေ့ငယ်တိုး၊ ကျောက်ဆည်မြို့။	(ကျောက်ဆည်)
၂၀	၂၃ဃ/၈၅၀၀၃	ဇောင်ရှမ်း ၁၁၀	ဆိုင်ကယ်	ဦးဆန်း	၉/ကဆန(နိုင်)၀၇၄၂၆၉	ကျောက်ဖျာရွာ၊ ကျောက်ဆည်မြို့။	(ကျောက်ဆည်)
၂၁	၃ဂ/၇၆၄၄	စူဇူကီးကယ်ရီ	ပစ်ကပ်	ဦးတင်အုန်း	၁၃/ရစန(နိုင်)၀၀၆၁၀၉	စီမံကိန်း(၁)၄တ္တတောင်ရပ်ကွက်၊ကျောက်ဆည်မြို့။	(ကျောက်ဆည်)
၂၂	၁၈ဃ/၈၂၂၅	ဗီကွန် ၁၁၀	ဆိုင်ကယ်	ဒေါ်ရွှေရည်ဝင်း	၉/မခန(နိုင်)၁၆၂၄၀၄	အမှတ်(၇)ရပ်ကွက်၊ မြင်းခြံမြို့။	(မြင်းခြံ)
၂၃	၅ဃ/၁၃၂၄၇	ဂျာလင်းစူပါကတ်	ဆိုင်ကယ်	ဒေါ်စန္ဒာဝင်း	၉/မခန(နိုင်)၁၆၂၇၇၄	အမှတ်(၄)ရပ်ကွက်၊ မြင်းခြံမြို့။	(မြင်းခြံ)
၂၄	၁ဃ/၇၃၅၃၃	ဟွန်ဒါစီ ၉၀	ဆိုင်ကယ်	ဒေါ်စန်းစန်းညွန့်	၉/မခန(နိုင်)၁၂၂၄၀၈	အမှတ် (၁၃)ရပ်ကွက်၊ မြင်းခြံမြို့။	(မြင်းခြံ)
၂၅	၁၉ဃ/၇၇၁၂၅	ဟွန်ဒါဒရင်း	ဆိုင်ကယ်	ဦးလေးဝင်း	၆/လလန(နိုင်)၀၉၆၇၃၁	မြင်းကြီးရွာ၊ လောင်းလုံမြို့။	(ထားဝယ်)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

(၆၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနား သီပေါ၌ ကျင်းပ

သီပေါ မေ ၇

(၆၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို မေ ၅ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် မီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် အသက်အရွယ်ကို ထောက်ထားခြင်းမပြုဘဲ အရန်မီးသတ်တပ်ဖွဲ့တွင် နှစ်ပေါင်း ၄၇ နှစ်ကျော်သည့် ယနေ့အထိ တာဝန်ကျေပွန်စွာဆောင်ရွက်လျက်ရှိသည့် ဒုတိယတပ်ရင်းမှူး ဦးအုန်းညွန့်အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က လည်းကောင်း၊ တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် သုံးနှစ်ဆက်တိုက် ပါဝင်ရွေးချယ်ခြင်းခံရသည့် ဒုတပ်ခွဲမှူး ဦးသီဟအောင်အား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေကလည်းကောင်း၊ မီးသတ်လုပ်ငန်းများအပြင် အခြားလူမှုရေးလုပ်ငန်းများတွင်လည်း အချိန်အခါမရွေးတက်ကြွစွာ ပါဝင်ကူညီဆောင်ရွက်သည့် အရန်မီးသတ်တပ်စုမှူး ဦးသိန်းစိုးနိုင်အား မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကြည်ထွန်းက လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် မြို့နယ်မီးသတ်တပ်ဖွဲ့အနေဖြင့် မီးလောင်မှုဖြစ်ပွားပါက အချိန်နှင့်တစ်ပြေးညီ သွားရောက်ငြိမ်းသတ်နိုင်ခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကိုလည်း စီမံချက်နှင့်အညီ ရပ်ကွက်/ကျေးရွာများတွင်ကွင်းဆင်းပြီး ပညာပေးဟောပြောမှုများအပြင် နိုင်ငံကျော်အဆိုတော်ကြီး ဦးထွန်းရွှေ၏ "မီးဘေးရှောင်မလောင်ခင်တား" မီးကြိုတင်ကာကွယ်ရေးတေးသီချင်းဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် တာဝန်ကျေပွန်စွာ ဆောင်ရွက်နိုင်ခဲ့သဖြင့် ယခုနှစ်တွင် မီးလောင်မှုလျော့နည်းကင်းရှင်းခဲ့ခြင်းတို့ကြောင့် သီပေါမီးသတ်တပ်ဖွဲ့အား အထူးဂုဏ်ပြုဆုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကြည်ထွန်း ထံပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

စိုင်း(သီပေါ)

သတ်မှတ်အခြင်အတွယ် မပြည့်သည့် စက်သုံးဆီဆိုင်များ ပဲခူး၌တစ်လပိတ်သိမ်း

ပဲခူး မေ ၇

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စက်သုံးဆီအရောင်းဆိုင် ၇၂ ဆိုင်အနက် ၂၂ ဆိုင်သည် သတ်မှတ်အခြင်အတွယ်မပြည့်ဘဲ ရောင်းချသဖြင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ယင်းဆိုင်များ၏ စက်သုံးဆီရောင်းချမှုကို မေ ၆ ရက်မှ ဇွန် ၅ ရက်အထိ တစ်လခန့် ယာယီပိတ်သိမ်းထားကြောင်းသိရသည်။

ပိတ်သိမ်းရသည့်ဆိုင်များမှာ ပဲခူးမြို့နယ်တွင် ၁၆ ဆိုင်နှင့် ဝေါမြို့နယ်တွင် ခြောက်ဆိုင်ဖြစ်ကြောင်းသိရပြီး မြန်မာတစ်နိုင်ငံလုံးတွင် စက်သုံးဆီအရောင်းဆိုင် ၇၀၀ ခန့်ရှိကြောင်းသိရှိရသည်။ **သန့်စင်**

စိတ်ကြွရူးသွပ်ဆေးပြားများ ပဲခူး၌ သိမ်းဆည်းရမိ

ပဲခူး မေ ၇

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရှင်စောပုရပ်ကွက်အတွင်း မေ ၄ ရက် ညနေ ၄ နာရီခွဲက ဆိုင်ကယ်အမှတ် ၃၃ယ/. . . မောင်းနှင်သူအားသတင်းအရ ရှာဖွေစစ်ဆေးရာ တင်ထွန်းနိုင် (၄၁ နှစ်) ပဲခူးမြို့နေသူထံမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ပြား၊ ဆေးပြားများထည့်သော အအေးစုပ်သည့် ပိုက်တစ်ချောင်းနှင့် တရုတ်နိုင်ငံလုပ် လော့ဂျား (အနက်ရောင်) ဆိုင်ကယ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့ပါသည်။

စစ်ဆေးချက်အရ တင်ထွန်းနိုင်သည် မူးယစ်ဆေးဝါးများကို ကြူကြူခိုင်(၄၅ နှစ်) ပဲခူးမြို့နေသူထံမှ ဝယ်ယူရရှိကြောင်း ပြောကြားသဖြင့် ကြူကြူခိုင်၏နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းနေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား အနံ့စွဲကပ်နေသော အနက်ရောင် ဝိုင်ယာတိပ်ပြားတစ်ခုနှင့် အပြာရောင် မိန်းမကိုင်ပိုက်ဆံအိတ်သေး တစ်အိတ်တို့ကို ရှာဖွေတွေ့ရှိခဲ့သဖြင့် တင်ထွန်းနိုင်နှင့် ကြူကြူခိုင်တို့အပေါ် ပဲခူးအမှတ်(၁) ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **(၁၃၈)**

ကျေးလက်ဒေသဖွံ့ဖြိုးရေး ခင်ဦးမြို့နယ်၌ ချေးငွေထုတ်ပေး

ခင်ဦး မေ ၇

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် သမဝါယမဝန်ကြီးဌာန၏ ဦးဆောင်မှု၊ သမဝါယမဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဖွဲ့စည်းထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ်ထဲမှ လုပ်ငန်းစဉ်တစ်ခုဖြစ်သော သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်သမဝါယမအသင်းများ မြန်မာပြည်အနှံ့အပြား အမြို့မြို့အနယ်နယ်၌ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုနည်းတူ စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်ကန်သစ်စံပြကျေးရွာ၌ ရွှေကံသာစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမ လီမိတက်၏ ငွေစုငွေချေးလုပ်ငန်းကို ဒုတိယအကြိမ်မြောက်အဖြစ် မေ ၅ ရက် မွန်းတည့် ၁၂ နာရီက အသင်းဥက္ကဋ္ဌ ဦးသန်းကြွယ်၏ နေအိမ်၌ ကျင်းပခဲ့ကြောင်း သိရသည်။ယင်းသမဝါယမလီမိတက်၏ ငွေစုငွေချေးလုပ်ငန်းကို သမဝါယမ (CB)ဘဏ်မှ အသင်းသား ၈၉ ဦးအတွက် ငွေကျပ် ၈၉ သိန်းတိတိ ထုတ်ချေးကြောင်း၊ အသင်းသားတစ်ဦးလျှင် အစုကြေးငွေကျပ် ၅၀၀၀ ထည့်ဝင်ရမည်ဖြစ်ကြောင်း၊ အတိုးနှုန်းမှာ သမဝါယမ (CB)ဘဏ်သို့ တစ်ကျပ်ခွဲ၊ မြို့နယ်သမဝါယမအသင်းသို့ ပြားလေးဆယ်၊ ကျေးရွာအသင်းသို့ ပြားခြောက်ဆယ်ဖြင့် အတိုးနှုန်းနှစ်ကျပ်ခွဲဖြစ်ပြီး ခြောက်လပြည့်လျှင် ပြန်ဆပ်ရမည်ဖြစ်ပြီး တစ်နှစ်လျှင် နှစ်ကြိမ်ထုတ်ချေးမည်ဖြစ်ကြောင်း၊ အသင်းဝင်လျှင် အိမ်ထောင်စု(ပုံစံ-၁၀) စာရင်းနှင့် လယ်ယာမြေပါးဧကလုပ်ပိုင်ခွင့် ရရှိမည်ဖြစ်ကြောင်း အသင်းသားများကလည်း ချေးငွေရရှိသည့်အတွက် ဝမ်းသာနေကြကြောင်း၊ နိုင်ငံတော် အစိုးရနှင့်ဝန်ကြီးဌာနကို ကျေးဇူးတင်နေကြကြောင်းသိရသည်။ **ရောင်နီတင်ဝင်း**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၉ကခ+၃၃ကခ) မြေကွက်အမှတ်(၃၆+၃၇)အား ဦးတင်မောင် အမည်ဖြင့်ပိုင်ဆိုင်မှု အထောက်အထားထုတ်ပေးရန်ဖြစ်သော်လည်း ဦးတင်မောင်ကွယ်လွန်သဖြင့် ကျန်သားသမီးများဖြစ်သော (၁)ဒေါ်စန်းတင် ၁၂/သဃက(နိုင်)၁၀၅၃၃၇၊ (၂)ဒေါ်မြင့်မြင့်စိန် (ကွယ်လွန်ကိုယ်စား) မောင်ကျော်စိုးနိုင်(သား) ၁၂/သဃက(နိုင်)၁၅၆၂၃၃၊ (၃)ဦးဇော်ဝင်း ၁၂/သဃက(နိုင်)၀၆၅၈၉၄၊ (၄)ဦးအောင်မြင့်စိုး ၁၂/သဃက(နိုင်)၀၆၅၁၀၇၊ (၅)ဦးဝင်းလှိုင် ၁၂/သဃက(နိုင်)၁၀၅၅၅၄၊ (၆)ဦးဝင်းကြိုင်(ကိုယ်စား) မမြင့်မြင့်ဌေး(ဇနီး) ၁၂/ဥကတ(နိုင်)၀၂၆၀၄၇တို့၏ အမည်ဖြင့် မြေငှားဂရန်ပြုလုပ်ပေးပါရန်လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မှုမရှိပါက ဒေါ်စန်းတင်+ ငါးဦး အမည်များဖြင့် မြေငှားဂရန်ပြုလုပ်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ နွယ်နီ ၇လမ်း၊ အမှတ် ၃၃၅ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(ဃ)၊ မြေကွက်အမှတ် ၃၃၅၊ မြေအကျယ် ပေ(၄၀×၆၀)၊ စတုရန်းပေ ၂၄၀၀ရှိ ဒေါ်ညွန့်တင်၊ ဒေါ်ဌေး အမည်ပေါက် နှစ် ၆၀ ဂရန်မြေမှ အရှေ့ဘက်ခြမ်းဖြစ်သော တရားဝင်မခွဲစိတ်ရသေးသည့် ပေ(၂၀×၆၀) မြေကွက်နှင့် မြေပေါ်ရှိအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ညွန့်တင်၊ ဒေါ်ဌေးတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဓနုဖြူဦးသန်းဆွေ
LL.B, H.G.P ADVOCATE
တရားလွှတ်တော်ရှေ့နေကြီး(စဉ်-၂၈၆၈)
အမှတ် ၁၆(ငါးလွှာ)၊ နတ်မောက်လမ်း(ကန်တော်ကြီးကန်ပတ်လမ်း)၊
တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၈၅၃၄၅၃၆၊ ၀၉-၄၂၅၂၇၇၅၂၄

ဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ(မက်စ်မြန်မာကုမ္ပဏီအုပ်စုဥက္ကဋ္ဌ) ဝဏ္ဏကျော်ထင်စည်သူ ဦးဇော်ဇော်သည် ၃၀-၄-၂၀၁၃ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတမှချီးမြှင့်သည့် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်အဖြစ် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်အား ချီးမြှင့်ခံရခြင်းအတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် အနာဂတ်တွင်လည်း နိုင်ငံနှင့်လူမျိုးအကျိုးကို ဆတက်ထမ်းပိုး ပိုမိုထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဒေါ်မေလှရီ (ကျောင်းအုပ်ဆရာမကြီး)
မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့
ဆရာ ဆရာမများနှင့် ရုံးဝန်ထမ်းများ
အထက(၂)ကမာရွတ်

ဗိုလ်သင်တန်းအမှတ်စဉ် ၆၄၊ သီဟတပ်ခွဲ သူငယ်ချင်းများအား ဖိတ်ကြားခြင်း

ချစ်သူငယ်ချင်းတို့-

ကျောင်းဆင်းသက်တမ်း(၃၀)၊ ပုလဲရတု အမှတ်တရအဖြစ် ဒီနှစ်မှာဆွမ်းကပ်လှူအမျှပေးဝေခြင်း၊ ဂေါက်ပြိုင်ပွဲနဲ့ ဆုချီးမြှင့်ပွဲကျင်းပခြင်း၊ မိသားစုညစာစားပွဲကျင်းပခြင်းတို့ပြုလုပ်ပါမယ်။ သူငယ်ချင်းများအားလုံး အောက်ပါအစီအစဉ်အတိုင်း မပျက်မကွက်ကြွရောက်ချီးမြှင့်ကြဖို့ လေးလေးစားစား ဖိတ်ကြားအပ်ပါတယ် -

ဆွမ်းကပ်လှူခြင်း - ၁၂-၅-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉:၃၀နာရီ အင်းယားကန်ဖျားကျောင်းတိုက် တက္ကသိုလ်ရိပ်သာလမ်း၊ ဗဟန်း

ဂေါက်ပြိုင်ပွဲ - ၁၁-၅-၂၀၁၃ ရက် (စနေနေ့) နံနက် ၆:၀၀နာရီ တပ်မတော်ဂေါက်ကွင်း(အောက်ကွင်း)

ညစာစားပွဲ - ၁၂-၅-၂၀၁၃ ရက် (တနင်္ဂနွေနေ့) ညနေ ၁၈:၀၀နာရီ ကုန်းမြင့်သာစားသောက်ဆိုင်၊ ၇ မိုင်ခွဲ

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၃၁ လမ်း၊ အမှတ် ၁၇၅ နေ ဦးဇော်ဝင်း-ဒေါ်ခင်မာလာတို့၏သားကြီး

မောင်သူရဇော်ဝင်း B.Sc(Physics)Dip in EC
Onward Marine Co., Ltd.

နှင့်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သပြေလမ်း၊ အမှတ် ၃၁ နေ ဦးခင်ဝင်း-ဒေါ်ရီရီမြင့်တို့၏သမီးကြီး

မဇင်မာဝင်း B.Sc(Chemistry)
D.B.S
Advanced Diagnostics Co., Ltd.

တို့သည် ၁-၅-၂၀၁၃ ရက်တွင် ရန်ကုန်မြို့ My Garden Restaurant ၌ နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သူရဇော်ဝင်း-မဇင်မာဝင်း

သန့်စင်ပြီး/အရောက်ပို့

01-512443 ပွဲတော်အုပ် 09-73017656

ရွှေဘိုပေါ်ဆန်းမွှေးကောင်းကောင်းလေးစားချင်ရင် ဖုန်းဆက်နော်...

လက်လီ/လက်ကား

အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့၊ သရောင်းကျေးရွာနေ ဦးအောင်လွင်၏ သမီး မသိင်္ဂီရွှေဇင်အား မသိင်္ဂီရွှေစင်မိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မသိင်္ဂီရွှေစင်မိုး**

လောကတွင် ခေတ်လူငယ်တို့သည် မိမိ၏ဘဝကြင်ဖော်အဖြစ် ရိုးသားမှုရှိသူကို အဓိကထား၍ ဦးစားပေးရွေးချယ်တတ်ကြကုန်၏။

အမှန်ဆိုသော် ရိုးသားခြင်းသည် ဒုတိယဦးစားပေးမျှသာဖြစ်ပါ၏။

မောင်ညီဦး(က·စ·လ)၏ ဒုတိယမြောက်

ရိုးသားခြင်းထက် မြတ်သောဂုဏ်

နှင့် အခြားဝတ္ထုတိုများ

(ဝတ္ထုတို - ၁၃ ပုဒ်၊ ရောင်းဈေး - ၁၂၀၀ ကျပ်)

"အရှေ့ဘက်ကောင်းကင်စာပေ"အမှတ်(၂၇၄)၊ လမ်း(၄၀)၊ ရန်ကုန်မြို့။ ဖုန်း-၀၉၄၄၇၀၄၇၆၁၆

အစ္စရေးနိုင်ငံခရီးသွားဝန်ကြီးဌာနနှင့် ဂျေရုရှလင်မြို့တော်ဝန်တို့၏အသိမှတ်ပြု ခရစ်ယာန်အဖွဲ့ခရီးများကို အကြိမ်ကြိမ်အောင်မြင်စွာ ပို့ဆောင်ပေးခဲ့သော Business Plus မှထပ်မံစီစဉ်ပို့ဆောင်မည့်

Holy Land Tour

(၁၁)ရက်၊ (၁၀)ညအိပ်ခရီး။ ဇွန်လ(၁၇) မှ (၂၇)ရက်အတွင်း

(အစ္စရေးခရီးသွားဝန်ကြီးဌာနနှင့်ဂျေရုရှလင်မြို့တော်ဝန်တို့မှ ချီးမြှင့်သော ဂုဏ်ထူးဆောင်၊ ဂုဏ်ပြုလက်မှတ်များရရှိမည်။) လူကြီးများအတွက်အထူးစီစဉ်ထားပြီး၊ ဘူဖီးအစားသောက်များနေ့စဉ်ပါဝင်သည်။ တစ်ဦးလျှင်(၂၉)သိန်း(၅)သောင်းကျပ်တိတိ။

Business Plus Travel and Tours Co., Ltd

အမှတ်(၁၄၁)၊ အခန်း(၉၀၃) ဗားဂရာကွန်ဒို၊ ဗားဂရာလမ်း၊ စမ်းချောင်း။

ဆက်သွယ်ရန် 09 731 94300 01 518147, 09 73003527

ကန့်ကွက်နိုင်ပါရန် ကြေညာအပ်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကာယ(ဂ)လမ်း(တောင်)၊ အမှတ်(၁၉၅/က)ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၅၃၂(စီ³)၊ မြေကွက်အမှတ် ၄/၅၀ အား အကျယ်အားဖြင့် ၀ ဒသမ ၂၄၂ ဧကအကျယ်ရှိ နှစ်၆၀ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မူလအမည်ပေါက်ပိုင်ရှင်ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ အပြီးအပိုင်ဝယ်ယူရန်အတွက် ၃-၅-၂၀၁၃ရက်၌ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ စရန်ငွေပေးနှစ်ဦးသဘောတူစာချုပ်တစ်ရပ်ကို ချုပ်ဆို၍ ငွေသားသက်သက်ဖြင့် ပေးချေထားပြီးဖြစ်ပါသည်။ ဤဂရန်မြေကွက် အရောင်းအဝယ်နှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာပြောဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ အကယ်၍ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဝယ်ယူသူ ဒေါ်စိုးမိုးအောင်
၁၂/သလန(နိုင်)၀၅၅၇၈၉

ဦးနေဝင်း
တရားလွှတ်တော်ရှေ့နေ
တိုက် ၅၊ အခန်း ၆၊ ၁၁ လမ်း၊
ဘုရင့်နောင်အိမ်ရာ၊ (၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့

သတင်း၊ ဆောင်းပါး

ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း ပူတာအိုတွင်ဖွင့်

ပူတာအို မေ ၇

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၄ ရက် နံနက် ၉ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်း၊ ဖိတ်ကြားထားသော ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းသားများ ၁၀၀ ခန့် တက်ရောက်ကြသည်။

ဤသင်တန်းကို တက်ရောက်လာတဲ့ပြည်သူက ရွေးချယ်ထားတဲ့ ခရိုင်/မြို့နယ်များမှ အတည်ပြုခန့်အပ်ခြင်းခံရတဲ့ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး သင်တန်းသားများအားလုံးကို ဝမ်းမြောက်စွာ ကြိုဆိုကြောင်း၊ ခန့်အပ်ပြီးနောက်ပိုင်း ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများကို နိုင်ငံတော်က ချီးမြှင့်တဲ့ ပြည်နယ်အစိုးရဘတ်ဂျက်နဲ့ လစာ၊ ရုံးအသုံးအဆောင်စရိတ် ချီးမြှင့်ငွေကိုလည်း ရရှိခံစားကိုင်တွယ်သုံးစွဲရမှာဖြစ်လို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများလည်း ဖြစ်လာပြီဖြစ်ကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရည်မှန်းချက်တာဝန်များဖြစ်သော တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူ့အကျိုးပြု လုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းသင်တန်း ဖွင့်ပွဲအခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်းကပြောကြားသည်။အဆိုပါသင်တန်းသို့ပူတာအိုမြို့နယ်အတွင်းရှိ ရပ်ကွက် ၁၀ရပ်ကွက်၊ကျေးရွာအုပ်စု ၁၄အုပ်စုမှ သင်တန်းသား ၄၀ တက်ရောက်ပြီး သင်တန်းကာလမှာ ဧပြီ ၂၄ရက်မှ ၂၆ရက်အထိ သင်တန်းပို့ချကြောင်း သိရသည်။ **ဖုန်ကန် (ပူတာအို)**

ဓမ္မာစရိယစာမေးပွဲများစတင်ဖြေဆိုပွဲ စစ်ကိုင်း၌ကျင်းပ

စစ်ကိုင်း မေ ၇

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၁၃ ခုနှစ် စစ်ကိုင်းမြို့ ဓမ္မာစရိယစာမေးပွဲကို မေ ၂ ရက် မွန်းတည့် ၁၂ နာရီက အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁)နှင့် အမှတ်(၃) တို့တွင် စတင်ဖြေဆိုကြသည်။ **(အပေါ်ပုံ)**

အဆိုပါစာမေးပွဲကို မေ ၂ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပါဠိပထမပြန်စာမေးပွဲများကို မေ ၈ ရက်မှ ၁၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ဓမ္မာစရိယစာမေးပွဲတွင် သံဃာ ၁၅၆၇ပါးစာရင်းရှိ၍ ဝင်ရောက်ဖြေဆိုသံဃာ ၁၁၉၈ပါးဖြစ်ပြီး သီလရှင် ၅၅၈ ပါး စာရင်းရှိ၍ ၄၀၇ပါး ဝင်ရောက်ဖြေဆိုသည်ကို သာသနာရေးဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ဓမ္မာစရိယစာမေးပွဲကို ဘဒ္ဒန္တပညာသီရိ ဒုတိယဥက္ကဋ္ဌ တိုင်းသံဃနာယကအဖွဲ့(သုဓမ္မာ)နှင့် ဩဝါဒဆရာတော်ကြီး ၁၀၇ပါး၊ ခရိုင်သာသနာရေးမှူးနှင့် တာဝန်ရှိသူများက ကြီးကြပ်လျက်ရှိကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

မော်ကျွန်း အာရောဂျံနှစ်ပတ်လည်ကျင်းပ သက်စွန့်ကြိုးပမ်းဆောင်ရွက်သူများဆုချီးမြှင့်

မော်လမြိုင်ကျွန်း မေ ၇

မော်လမြိုင်ကျွန်းမြို့ အာရောဂျံလူမှုကူညီရေးအသင်း၏ တစ်နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားကို မေ ၁ ရက် နံနက်၈နာရီက မော်လမြိုင်ကျွန်းမြို့ ၁၄လမ်းထိပ် ပုညဝိသုဒ္ဓိဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် အသင်းနှစ်ပတ်လည်အစီရင်ခံစာကို အသင်းအမှုဆောင် ဦးခင်မောင်သိန်းက ဖတ်ကြားတင်ပြပြီး မော်လမြိုင်ကျွန်းမြို့မ(၄)ရပ်ကွက် (၁၀)လမ်းထိပ် မီးလောင်မှုနှင့် ဆိုင်ကယ်မီးလောင်မှုတို့တွင် စွန့်စွန့်စားစားမီးငြိမ်းသတ်ကြသော ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ သက်စွန့်ကြိုးပမ်းမီးငြိမ်းသတ်သူများနှင့် လူနာပို့ဆောင် ကူညီပေးကြသူ စုစုပေါင်း ၂၆ ဦးတို့အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနောင်နှင့် အာရောဂျံ လူမှုကူညီရေးအသင်း အမှုဆောင်များက ဂုဏ်ပြုဆုလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ အာရောဂျံ လူမှုကူညီရေးအသင်းမှ ၂၀၁၂ ခုနှစ် ဧပြီ ၆ ရက်မှ ၂၀၁၃ ခုနှစ် ဧပြီ ၇ ရက်အထိ လူနာပေါင်း ၁၅၃၀ တို့အား အခမဲ့ လူနာတင်ယာဉ်ဖြင့်မော်လမြိုင်ကျွန်း ခုတင် ၁၀၀ ဆေးရုံသို့ အခမဲ့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **(ဝ၆၅)**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဖိတ်ကြားခြင်း

မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်

ယနေ့ မြန်မာစာပေ အခြေအနေ အရပ်ရပ်အပေါ် ဝေဖန် သုံးသပ်ချက်နှင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် နည်းလမ်း အကြံပြုချက်များကို စာတမ်းရှင် ငါးဦးတို့က ဖတ်ကြား တင်သွင်းပြီး၊ တက်ရောက်လာသော စာပေပညာရှင်၊ ဝါသနာရှင်တို့က ဆွေးနွေးကြမည်ဖြစ်ပါ၍၊ စိတ်ဝင်စားသူတိုင်း ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေရာ ။ ။ အမျိုးသားကဇာတ်ရုံ၊ မြို့မကျောင်းလမ်း၊ ရန်ကုန်မြို့။
နေ့ရက် ။ ။ ၁၁ မေ ၂၀၁၃ (စနေနေ့)
အချိန် ။ ။ နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ
စာတမ်းရှင်များ ။ ။ မောင်ခင်မင် (ဓနုဖြူ)၊ ဖေမြင့်၊ ဂျူး၊ မောင်ဇေယျာ၊ ဦးထွန်းဦး (ထွန်းဦးစာပေ၊ မန္တလေး)၊ သင့်နော် (ဥတ္တရလွင်ပြင်၊ မန္တလေး)။

[အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရေးကော်မတီ၊ ဖုန်း-၀၉၇၃၂၀၂၄၁၁၊ ၀၉၄၂၁၀၇၁၃၄၇]

သုခကာမီရေနံချောင်းသီလရှင်စာသင်တိုက်
နွေရာသီဓမ္မာစရိယပညာဒါနသင်တန်း(သီလရှင်သီးသန့်)
ဦးပညာသိရီဘိဝံသ(ပရိယတ္တိသာသနဟိတဓမ္မာစရိယ၊ သာသနဓဇဓမ္မာစရိယ)
မန္တလေးမြို့ မစိုးရိမ်တိုက်သစ် အရှင်မြတ်မှ ဦးစီး၍

ဦးဇော်သိုက်ထွန်း(ဦးဇဝနာလင်္ကာရာဘိဝံသ)သာမဏေကျော်၊ ပထမကျော်၊ သာသနဓဇဓမ္မာစရိယ၊ သာသနဇောတိပါလဓမ္မာစရိယ၊ သဒ္ဓမ္မပါလဓမ္မာစရိယ၊ အဘိဝံသ ဝဋံသကာ(မြင်းခြံ)မှ ပူးတွဲပံ့ပိုးပေးသော ဓမ္မာစရိယစာဝါ ကျမ်းရင်းသုံးကျမ်းကို ၄၅ ရက်တိုင်တိုင် အခြေခံမှစတင်၍ ပြီးပြည့်စုံစွာ နည်းရသည်အထိ ပို့ချပေးပါမည်။

ပို့ချမည့်နေ့ရက် - ၁၃၇၅ ခုနှစ် ကဆုန်လဆန်း ၉ ရက်မှ နယုန်လပြည့်ကျော် ၇ရက်အထိ၊ ၁၈-၅-၂၀၁၃ရက်မှ ၃၀-၆-၂၀၁၃ ရက်အထိ (၄၅)ရက်
စာဝါချိန် - နေ့စဉ်စာဝါ(၄)ကြိမ်
ဆက်သွယ်ရန် - သုခကာမီရေနံချောင်းသီလရှင်စာသင်တိုက်၊ ဒုဋ္ဌဝတီလမ်း၊ သစ်ဆိမ့်ကုန်းရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန် (သဃ်န်းကျွန်းကြီးမှတ်တိုင်၊ အမှတ်(၃)လမ်းမကြီး)။

ဖုန်း-၀၉-၅၀၃၅၁၄၄၊ ၀၉-၄၂၀၇၃၄၆၁၅၊ ၀၉-၄၂၀၇၃၄၆၁၄၊ ၀၉-၄၂၀၇၃၄၆၁၂ (နယ်မှသီလရှင်များ သီတင်းသုံးရန် နေရာထိုင်ခင်းစီစဉ်ပေးပါမည်။ အရုဏ်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ်ပါမည်။ လေ ၁၄ ရက် နောက်ဆုံးထား၍ သတင်းပို့နိုင်ပါသည်။)
(တစ်ရက်လျှင်အရုဏ်ဆွမ်း(ကျပ်ငါးသောင်း)၊နေ့ဆွမ်း(ကျပ်တစ်သိန်း)၊ဖျော်ရည်(ကျပ်သုံးသောင်း)နှုန်းဖြင့် အထက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။)

အများသိစေရန်ကြေညာချက်

အမှတ် ၃၅၀/၃၅၄၊ တိုက်အမှတ် ၁၊ အခန်း ၅၊ ဒုတိယထပ်(ညာ)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဒေါ်ချိုချို ၁၂/ဗတထ(နိုင်)၀၂၃၅၄၂၏ လွှဲအပ်ချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃ ကံဘဲ့၊ မြေကွက် အမှတ် ၇/၂ ၊ မြေဧရိယာအကျယ် ၀ ဒသမ ၀၄၂၈ဧကရှိ နှစ် ၆၀မြေငှားဂရန်မြေကွက်သည် ဒေါ်ချိုချို၏ခင်ပွန်း ဦးခင်ဦးအမည်ပေါက်မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်သည် ဦးခင်ဦးအမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ဖြစ်သဖြင့် ၁၉၉၂ ခုနှစ် စက်တင်ဘာ ၁၆ ရက်စွဲဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ချမှတ်ပေးထားသော မြေငှားဂရန်စာချုပ်သည် ယခုတိုင် ဦးခင်ဦးအမည်ပေါက်ပြီး ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသော မြေကွက်ဖြစ်ပါသည်။

အဆိုပါဦးခင်ဦးအမည်ပေါက်မြေကွက်ပေါ်၌ ယခုလက်ရှိနေထိုင်ကြသူများမှာ ဦးခင်ဦး၏ သဘောတူခွင့်ပြုချက်ဖြင့် ထားရှိသော ညီတော်စပ်သူမိသားစုများ နေထိုင်လျက်ရှိပါသည်။

ဦးခင်ဦး၏ဇနီး ဒေါ်ချိုချိုမှာ သားသမီးများ၏ ပညာရေးအရ မကြာခဏ နိုင်ငံရပ်ခြားသို့ သွားရောက်နေထိုင်ရသူဖြစ်ပါသဖြင့် အထက်အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးခင်ဦး၏တရားဝင်ဇနီး ဒေါ်ချိုချိုမသိရှိဘဲ၊ သဘောတူခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းစွန့်လွှတ်ခြင်းစသော တစ်နည်းနည်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းများမပြုလုပ်ကြရန် လေးနက်စွာတားမြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သန္တာခိုင် LL.B, D.L.P, WIPO(Switzerland)
အထက်တန်းရှေ့နေ
ဖုန်း-၀၉-၄၂၀၀၅၈၆၇၊ ရုံး-၀၁-၂၄၀၀၁၈

ဦးကျော်ဒင် LL.B
တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၅၄၀၂၇၇၄

အမှတ် ၈၃၊ အခန်း ၁၆/B၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

Grand Guardian Insurance Public Co., Ltd.

ပထမအကြိမ်မြောက် အစုရှင်များ၏ အထွေထွေနှစ်ချုပ် အစည်းအဝေးနှင့် ဥပဒေပြဋ္ဌာန်း အစည်းအဝေး(Statutory Meeting)

ဖိတ်ကြားခြင်း

Grand Guardian Insurance Public Co.,Ltd.၏ ပထမအကြိမ်မြောက် အစုရှင်များ၏ အထွေထွေနှစ်ချုပ်အစည်းအဝေးနှင့် ဥပဒေပြဋ္ဌာန်းအစည်းအဝေး(Statutory Meeting)ကို အောက်ပါအတိုင်းကျင်းပမည်ဖြစ်ပါသဖြင့် အစည်းအဝေးသို့ တက်ရောက်ပေးနိုင်ပါရန်အတွက် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ အစုရှင်များအား သီးခြားဖိတ်စာ ပေးပို့ပါမည်။

အစည်းအဝေးကျင်းပမည့်နေ့ရက် - **၂၀၁၃ခုနှစ် ဇွန် ၁ ရက် (စနေနေ့)**
အစည်းအဝေးကျင်းပမည့်အချိန် - **မွန်းလွဲ ၂ နာရီ**
အစည်းအဝေးကျင်းပမည့်နေရာ - **ပင်လုံ အစည်းအဝေးခန်းမ၊ ပထမထပ်၊ အလုံတာဝါ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။**

မှတ်ချက်။ ။ အစုရှင်များ လွှဲပြောင်းခြင်းကို မေ ၂၅ ရက်မှ ဇွန် ၂ရက်အထိ ခေတ္တပိတ်ထားမည်ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့
Grand Guardian Insurance Public Co., Ltd.

သင့်ကြောင့် မီးမလောင်ပါစေနှင့်

သတင်း၊ ကြော်ငြာ

မြန်မာနိုင်ငံ၏တစ်ခုတည်းသော တက္ကသိုလ်ပုံစံ (International University Campus)

MCC.i Yatanarpon Special Campus
(ရတနာပုံနည်းပညာမြို့သစ်၊ ပြင်ဦးလွင်)

Pre-University Orientation Course တွင်စတင် တက်ရောက်နိုင်ပါပြီ။
နိုင်ငံခြားတက္ကသိုလ်ဘွဲ့များအတွက်အကြိုသင်တန်း

- B.Sc (Hons) Business IT
  Awarded by: (University of Greenwich)
- B.S.E Awarded by: (Asian Institute of Technology)
- B.B.A Awarded by: (Siam University)
- B.Tech - Computer Game Multimedia
  Awarded by: (Rangsit University)

* အနယ်နယ်အရပ်ရပ်မှ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုပြီးသူ ကျောင်းသား/ကျောင်းသူများအတွက် ဘွဲ့ကြိုသင်တန်းကို ရတနာပုံ နည်းပညာမြို့သစ်တွင် တက်ရောက်နိုင်ပါပြီ။
Enroll Now : MCC.i (Yatanarpon Campus) Tel : 02-5178132, 5178112, 5178113, 5178114, 09-43104988, 09-43104966, 09-5067165

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်တင်ဝင်းအောင် ၁၂/ရကန(နိုင်)၀၅၆၁၆၉၏ Passport-၃၁၂၈၃၂ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၃၁၁၈၅၃၀**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၈ယ/၂၇၆၀၃ Suzuki Smash M/C ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ညိုဝင်း ၁၁/စတန(နိုင်)၀၉၅၃၈၈က (ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကညန ပြည်နယ်ရုံး၊ စစ်တွေသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန (ပြည်နယ်ရုံး)၊ စစ်တွေ

အသက်သည်သွေး

ကျောင်းသား/သူများ စိတ်ခတ်၊ စည်းကမ်း၊ ပညာ ထူးချွန်ကောင်းမွန်ရန် မိဘ၊ အုပ်ထိန်းသူများ အစဉ်ယုံကြည်အားထားရာဖြစ်သော

ဆရာ ဒေါက်တာ ညွန့်လင်း Ph.D.,M.Sc.,P.G.D.,Adv.Dip. Teaching (London)

(ယခင် - ဆရာဦးညွန့်လင်း အင်္ဂလိပ်စာ-ရွှေဘုံသာလမ်း)

"ကိုယ်ပိုင် ပညာသင်ကျောင်း၊ အဆင့်မြင့်စာသင်ဝိုင်း နှင့် ဘော်ဒါ"

ငွေရောင် အင်္ဂလိပ်စာ (မူလတန်းမှ တက္ကသိုလ်ဝင်တန်းအထိ) **(ယခုနှစ်အတွက်နောက်ဆုံးအသုတ်)**
(သဒ္ဒါ၊ ဖတ်စာအုပ်၊ စာစီစာကုံး၊ ပေးစာပြန်စာ၊ ရေး၊ ဖတ်၊ ပြော၊ နားထောင်) (၃၀ ရက်၊ ဧပြီလ ၂၀၁၃ ခုနှစ်စတင်မည်။)

နှစ်လုံးပေါက် ဘာသာစုံ
(ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ)
Study Guide အပါအဝင်
၃၀ရက်၊ ဧပြီလ၊ ၂၀၁၃ စတင်မည်။

၃၇၆၊ ကမ်းနားလမ်းနှင့် ၂၁-လမ်းထောင့်၊ လသာ၊ ရန်ကုန်မြို့ **ခုံအရေအတွက် သတ်မှတ်ထား၍ အမြန်စာရင်းသွင်းပါ။**

ဖုန်း-၀၉-၇၃၀ ၃၉၀၅၀၊ ၀၉-၄၃၁ ၂၉၉၀၀၊ ၀၁-၂၃၀၁၀၉၅ **ကျောင်းကား၊ ဘော်ဒါဆောင် ရှိပါသည်။**

တေဇ(၅)ကျောင်းဆင်းအရာရှိများ၏ နှစ်ပတ်လည်နေ့ အထိမ်းအမှတ် မိသားစုတွေ့ဆုံပွဲ

တေဇ(၅)ကျောင်းဆင်းအရာရှိများ၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် မိသားစုတွေ့ဆုံပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားရန် ရှိပါသည်။

(က) **အရဏ်ဆွမ်းဆက်ကပ်လှူဒါန်းပွဲ။** ။ ကျဆုံး/ ကွယ်လွန်သွားသော သူငယ်ချင်းများအား ရည်စူး၍ မရမ်းကုန်းမြို့နယ်၊ တံတားလေးလမ်းဆုံ၊ မီးသတ်ဦးစီးဌာန(ရုံးချုပ်)ရှေ့ရှိ စံပြသာသနာပြုကျောင်းတိုက်တွင် မေ ၁၁ရက်(စနေနေ့) နံနက် ၅း၃၀ နာရီတွင် ဆွမ်းဆက်ကပ် လှူဒါန်းပါမည်။

(ခ) **ညစာစားပွဲနှင့်မိသားစုတွေ့ဆုံပွဲ။** ။ပြည်လမ်းရှိ IBC ခန်းမတွင် မေ ၁၁ရက် (စနေနေ့) ညနေ ၅ နာရီမှ ၈နာရီအထိ မိသားစုညစာစားပွဲနှင့် ပျော်ပွဲရွှင်ပွဲ ကျင်းပပါမည်။

တေဇ(၅) ကျောင်းဆင်းအရာရှိများနှင့် မိသားစုများ စုံညီစွာ တက်ရောက်အားပေးကြပါရန်နှင့် အောက်ပါသူငယ်ချင်းများထံ ဆက်သွယ်ပေးကြပါရန်-

မျိုးမင်း	ဖုန်း-၀၉-၅၀၃၁၂၀၇
တင်ဝမ်း	ဖုန်း-၀၉-၅၃၀၀၇၂၉
တင်ကိုကို	ဖုန်း-၀၉-၅၁၈၃၅၄၃
နေလင်းအောင်	ဖုန်း-၀၉-၅၀၁၂၇၉၂

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ကုန်းဘောင် ၁၆ လမ်း၊ အမှတ်(၇၀၁)ဟုခေါ်တွင်သောအဆောက်အအုံနှင့် ယင်းအဆောက်အအုံတည်ရှိရာ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၇၀၁)၊ မြေအကျယ်အဝန်း စတုရန်းပေ ၂၄၀၀ ရှိသော နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍

ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အအုံတို့နှင့် ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက် ဒေါ်အေးသင် [၁၂/ဥကတ (နိုင်)၀၅၅၀၆၆၊ S/OKA-၀၁၀၇၇၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင်ရွှေ (စဉ်-၂၆၄၅) **ဒေါ်ဥမ္မာဆွေ (စဉ်-၄၆၀၁)**
တရားလွှတ်တော်ရှေ့နေများ
တိုက်အမှတ်၉/၁၁၊ အခန်းအမှတ် ၃၀၁၊ လေးလွှာ၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအတွင်းရှိ ခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းများမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် လမ်းများဆောင်ရွက်ရန် လိုအပ်သည့် ကတ္တရာများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအစား	အရေအတွက်
(က)	ကတ္တရာ (၈၀/၁၀၀)	၇၀၀ တန်

တင်ဒါလျှောက်လွှာပိတ်ရက် - ၂၀-၅-၂၀၁၃ရက်
တင်ဒါလျှောက်လွှာဖွင့်မည့်ရက် - ၂၁-၅-၂၀၁၃ရက်

၂။ တင်ဒါလျှောက်လွှာပုံစံများကို ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံးတွင် ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

ကတ္တရာတင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၅၇-၂၄၉၁၈၊ ၂၁၃၁၈

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ အမှတ် ၈၄ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၃၆/f၊ မြေကွက်အမှတ် (၁၀၀A/၂B+ ၁၀၀A/၂C)၂၄၊ မြေဧရိယာ ၀ ဒသမ ၂၀၀ ဧကရှိ နှစ် ၆၀ဂရန်မြေကွက်၏ တရားဝင်မခွဲမစိတ်ရသေးသည့် မြေဧရိယာ ၀ ဒသမ ၁၂၇ဧကခန့်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်လင်းနှင့် ဒေါ်မီမီစိန်တို့ထံမှ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးခင်မောင်လွင်နှင့် ဦးခင်ဇော်တို့နှစ်ဦးမှ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးအပ်ထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ LL.B **ဒေါ်လှလှခိုင် LL.B**
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၇၃) **တရားလွှတ်တော်ရှေ့နေ(စဉ်-၅၄၁၀)**
အမှတ်၉/၁၁၊အခန်းအမှတ် ၂၀၁A၊ ဒုတိယထပ်၊ ၃၆လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် (၃၄)၊ လူနေရပ်ကွက်အမှတ်(-)၊ မြေကွက်အမှတ် (၅၃၉)၊ မြေကွက်လိပ်စာအမှတ်(၅၃၉)၊ သရဖီ(၅)လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၂ပေ× ၆၀ပေ) အကျယ်အဝန်းရှိ ဦးချစ်ရင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဝါဝါလှိုင် (၉/မရမ(နိုင်) ၀၇၉၁၅၆) ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၁၅-၅-၂၀၁၃)ရက်နေ့မတိုင်မီလာရောက် ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, Dip.CA, WIPO LL.B, D.B.L, D.I.L, D.M.L, WIPO
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)
Hein Htet San Law Firm
အမှတ် (၁၀၅၊၁၀၇) ၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ (ဦးချစ်မောင်အိမ်ရာရှေ့)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉၅၅၀၆၁၄၆ ၊ ၀၉၄၅၀၀၁၇၁၃၆

အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်း မောင်အောင်ကျော်ကျော်နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့(၁)ရပ်ကွက်၊ ၃လမ်း၊ အမှတ် ၇၄၇နေ ဦးစိန်လွင် ၁၂/မရက (နိုင်)၁၁၀၀၇၂၊ ဒေါ်မြင့်မြင့်သန်း ၁၂/မရက(နိုင်)၀၈၅၈၄၉ တို့၏သား မောင်အောင်ကျော်ကျော် ၁၂/မရက(နိုင်)၁၂၅၆၈၃ သည် မိဘများ၏ ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ နေအိမ်ပေါ်မှ ၂၃-၄-၂၀၁၃ ရက်တွင် ဆင်းသွားသည့်အတွက် ယင်းနေ့ရက်မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်း မောင်အောင်ကျော်ကျော်နှင့် အများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးစိန်လွင်နှင့် ဒေါ်မြင့်မြင့်သန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဖြူသင်းသွယ် **ဦးတင်အေး(ရေတာရှည်)(စဉ်-၅၇၈၈)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၄၈၁) **တရားလွှတ်တော်ရှေ့နေ**
LL.B, D.B.L,D.M.L,D.L.P.WIPO **H.G.P, LL.B, D.B.L**
(Switzerland)
ရုံး-အမှတ် ၅၀(ပထမထပ်)၊ အခန်းအမှတ် ဘီ-၆၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၈၇၃၄၀၊ ၀၉-၅၄၀၉၇၇၃

အမှတ် ၁၃၊ မြေညီထပ်၊ ကျိုက်လတ်လမ်း၊ လင်းလွန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ တိုက်ခန်းရောင်းချသူ ဒေါ်မြင့်မြင့်မူနှင့် ခင်ပွန်းဦးကြူမြင့်နှင့် ဆက်နွယ်သူများအပေါ် လက်ရှိပိုင်ရှင်၏

သဘောထားကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်ထားဦး ၁၂/စခန(နိုင်)၀၃၄၄၁၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေသည် စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ကျိုက်လတ်လမ်း၊ အမှတ် ၁၃၊ မြေညီထပ် တိုက်ခန်းကို မြေပိုင်ရှင်ဖြစ်သည့်အပြင် ကိုယ်တိုင်ဆောက်လုပ်လက်ရှိထားရောင်းချခွင့်ရှိသည်ဟု ဝန်ခံပြောဆိုကြသူ ဒေါ်မြင့်မြင့်မူ ၁၂/ကမရ(နိုင်)၀၅၆၆၃၀နှင့် ခင်ပွန်းဦးကြူမြင့် ၁၂/ကမရ(နိုင်)၀၅၆၆၂၉တို့ထံမှ တန်ဖိုးငွေအပြေအကျေပေးချေဝယ်ယူကာ ရောင်းသူများက ပေးအပ်သဖြင့် တိုက်ခန်းကို တရားဝင်လက်ရောက်ရယူခဲ့ပါသည်။ စီမံခန့်ခွဲပိုင်ခွင့်အရ ကျွန်ုပ်တို့၏မိတ်ဆွေက အငှားချထားခြင်းပြုခဲ့ရာ ငှားရမ်းသူမိသားစုသည် သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ တရားဝင်ဧည့်စာရင်းတိုင်ကြားနေထိုင်ခဲ့ရာတွင် မည်သည့်အခါကမျှ တိုက်ခန်းလက်ရောက်ရယူထားခြင်းမရှိသူများက ဒေါ်မြင့်မြင့်မူနှင့် ငွေအပေးအယူရှိသည်ဟု အကြောင်းပြကာ တောင်းဆိုခြင်း၊ စွပ်စွဲခြင်းများပြုလုပ်လာသည်ဟု သိရှိရပါသည်။ ဤကြေညာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း တိုက်ခန်းရောင်းချသူဒေါ်မြင့်မြင့်မူနှင့် ခင်ပွန်းဦးကြူမြင့်တို့သည် မိမိတို့လက်ရောက်ပေးအပ်ရောင်းချခဲ့သော အထက်ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်၍ လာရောက်ဖြေရှင်းရန်နှင့် ကျွန်ုပ်တို့၏မိတ်ဆွေဒေါ်ခင်ထားဦး၏ တရားသဖြင့်ဝယ်ထားသော တိုက်ခန်းလက်ရှိဖြစ်မှုကို ဆန့်ကျင်သူများအား တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဟု အသိပေးရှင်းလင်းကြေညာအပ်ပါသည်။

ဒေါ်ခင်ထားဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြင့်သောင်း	ဒေါ်ကျော့ကျော့ဝေ	ဒေါ်မိုးမိုးခိုင်	ဒေါ်နီနီရည်ဝေ
စဉ်-၄၀၄၄	စဉ်-၇၈၉၂	စဉ်-၈၇၂၃	စဉ်-၃၅၈၀၁

တရားလွှတ်တော်ရှေ့နေများ **အထက်တန်းရှေ့နေ**
အမှတ် ၂၀၃၊ သုံးလွှာ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အများသိစေရန်ကြေညာချက်

မော်လမြိုင်မြို့၊ ဈေးချိုရပ်ကွက်၊ အကွက်အမှတ်(၉၃)၊ ဦးပိုင်အမှတ်(၁၀/က)၊ ပေ ၄၀ × ပေ၆၀ အကျယ်ရှိ ဘိုးဘွားပိုင် မြေကွက်ကိုဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ပိုင်းပေးချေထားပါသည်။ ၎င်းအိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါရှိပြီးသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ဒေါ်နန်းကျော့ကလျာ
၀၉ ၄၅၀၀၂၇၃၁၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၁)ရပ်ကွက်၊ ပဲခူးလမ်း၊ အမှတ် (၁၄၆/ခ) ဟုခေါ်တွင်သော အလျားပေ ၂၀×အနံပေ ၆၀(ဦးလှရီ မြေချပါမစ်အမည်ပေါက်)မြေကွက်အား ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်တူးတူးမာ ၉/မထလ(နိုင်)၀၁၄ ၂၈၂ဆိုသူက တရားဝင်ဝယ်ယူ လက်ရောက်ရရှိပိုင်ဆိုင်နေထိုင်လျက်ရှိပါသည်။ ယခုအခါ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး အမည်ပေါက်ပြောင်းလဲမည်ဖြစ်ပါ၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသည့်အထောက်အထားစာရွက်စာတမ်းများဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ အရေးဆိုကန့်ကွက်လာခြင်းအား လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်တူးတူးမာ၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ယဉ်မျိုးလှိုင်(အထက်တန်းရှေ့နေ) **ဦးကြည်စိုး(တရားလွှတ်တော်ရှေ့နေ)**
ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးကြီး၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၄၂၁၀၃၇၉၈၀

အများသိစေရန်

ကျွန်မ ဒေါ်အိအိခိုင်၏သား ဖိုးသား (ခ) မောင်မြတ်မင်းသူသည် မိဘ၏ဆိုဆုံးမမှုကို မနာခံပါသဖြင့် နောက်နောင်သူနှင့်ပတ်သက်သည့် ကိစ္စအဝဝကို စုံစမ်းမေးမြန်းခြင်းသည်းခံပါ။ **ဒေါ်အိအိခိုင်**

စာအုပ်စာပေ လူ့မိတ်ဆွေ

GL အဆင့်မြင့်ခရီးသွားလုပ်ငန်း

ညောင်ရွှေသာ (နေ့ချင်းပြန်)	(အပတ်စဉ်တနင်္ဂနွေ)		
နေပြည်တော် (နေ့ချင်းပြန်)	May	24	(35000)
ကျိုက်ထီးရိုး (နေ့ချင်းပြန်)	May	23	(35000)
ထားဝယ်၊ရှင်ကိုးရှင်၊မောင်းမကန်	May	23	(200000)
မြဝတီ၊မဲဆောက်၊ဖဝေါ	May	23	(200000)
တောင်ကြီး၊အင်းလေး၊လွိုင်ကော်	May	23	(180000)
ပုဂံ၊ပုပ္ပါး၊ပခုက္ကူ	May	23	(100000)
မော်လမြိုင်၊ကျိုက္ခမီ၊စက်စဲ၊ဘားအံ	May	23	(100000)

09 73040050,09 73040051,09 73040052,09 5136466
09 8636466,09 73136466 အမှတ်(၁၅၃)၊လမ်းမတော်လမ်း၊ရန်ကုန်မြို့

အသက်ကြီးလျှင်ဆင်ခြင်းပါ
ဦးကျော်မြင့်(နဂါးမင်း)၏
ဆင်တုံးမနွယ် အမှတ်တံဆိပ်
အားတိုးဆေးကိုမှီဝဲပါ
(တိုင်းရင်းဆေးဝါးယာယီမှတ်ပုံတင်အမှတ် ၀၂၁၁ Y ၀၀၈၉၇၂
ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၄ / ၂၀၀၉ ၊ တဆထလ (၁၇၃၆)
ပင်ရင်း- အမှတ်(၃)၊ ပန်းခြံလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊

တစ်ဦးတည်းဖြစ်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ၁×၂ ကျောင်းလမ်းနေ မခက်မွန်ခိုင်၏ဖခင် ဦးထွန်းဦး(ခ) ဦးသိန်းငွေ ၁၄/ကလန(နိုင်)၁၀၄၈၄၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရှုခင်းသာရပ်ကွက်၊ ရှုခင်းသာအိမ်ရာ၊ တိုက်-B9၊ အခန်းအမှတ် ၁၀၄၊ ပထမထပ်အား တရားဝင်ပိုင်ဆိုင်သူ ဦးသန်းကျော်စိုး ၁၂/ပဇတ(နိုင်)၀၃၀၀၄၄ နှင့် ဒေါ်အေးသူဇာအောင် ၁၂/သကတ(နိုင်)၁၂၆၇၉၁ထံမှ ကျွန်မ ဒေါ်နွေးနွေးသီတာ ၉/ပမန(နိုင်)၀၈၃၉၆၆က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသည့်စာရွက်စာတမ်း၊ အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နွေးနွေးသီတာ ၉/ပမန(နိုင်)၀၈၃၉၆၆
တိုက် ၂၊ အခန်း ၂၀၂၊ ဒဂုံလွင်လမ်း၊ မေတ္တာညွန့်၊ တာမွေမြို့နယ်၊ ဖုန်း-၀၉-၄၂၅၃၃၁၅၀၁၊ ၀၉-၇၃၁၀၅၇၃၇

အမွေပြတ်စွန့်လွှတ်ခြင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၂ နေ ကျွန်မ ဒေါ်စန္ဒာထွန်း၏သား မောင်ခန့်ကိုကို (ခ)လုကာ ၁၂/ဒဂမ(နိုင်)၀၃၄၉၂၂သည် မိမိသဘောအတိုင်းပြုမူသွားပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၄င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမှ ဖြေရှင်းပေးမည်မဟုတ်ပါ။ **မိခင်-ဒေါ်စန္ဒာထွန်း ၁၂/ဥကမ(နိုင်)၁၀၃၁၅၀**

ရန်ကုန်-ပဲခူးလမ်းမကြီးဘေးမြေကွက်ကျယ်ရောင်းရန်

ရန်ကုန်-ပဲခူးလမ်းမကြီးပေါ် ပဲခူးမြို့ Toll Gate အနီး လ/န (၃၉) ရှိပြီး မြေကွက်ကျယ် (၆) ဧက နီးပါးရောင်းမည်။
ရုံးချိန်အတွင်းဆက်သွယ်ပါရန်- ၀၉-၅၀၂၂၅၂၅၊ ၀၉-၅၁၁၄၃၃၈

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၈၊ မြေကွက်အမှတ် ၁၀၅၃၊ မြေကွက်တည်နေရာအမှတ် ၁၀၅၃၊ ၃၈ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် ဒေါ်တင်စိန် PPN-၀၆၅၆၄၁ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်တင်စိန်ထံမှ အထူးကိုယ်စားလှယ်လွှဲစာ-၂၃၈၈၅/၁၁(၂-၁၂-၁၁) ရရှိသူ ဦးသန်းအေး ၉/မကန(နိုင်)၀၅၈၈၀၅က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာ ၄၀၃ (၂၀-၃-၁၃)ကိုတင်ပြ၍ အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပညာရေးဝန်ကြီးဌာန
အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
National Management College (NMC)
FINANCIAL SERVICES နှင့် BUSINESS MANAGEMNT
အမှတ်စဉ် (၃) သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် နှင့် STI Education တို့ ပူးပေါင်း၍ အောက်ဖော်ပြပါ သင်တန်းအမှတ်စဉ် (၃)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။
(က) Certificate in Financial Services (CFS)
(ခ) Certificate in Business Management (CBM)

၁။ တက္ကသိုလ်ဝင်တန်း ဖြေဆို၊ အောင်မြင် ပြီးသူများနှင့် တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိထားသူများလျှောက်ထားနိုင်ပါသည်။ တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ပြီးသူများနှင့် ဘဏ်များ၊ ကုမ္ပဏီများမှဝန်ထမ်းများ သီးခြားအတန်းခွဲများတွင် တက်ရောက်ရပါမည်။

၂။ Certificate သင်တန်းအောင်မြင်ပြီးသူများသည် Diploma, Advanced Diploma သင်တန်းများမှ တစ်ဆင့် The Open University of Hong Kong နှင့် ချိတ်ဆက်ထားသော Bachelor of Business Administration/ Finance and Banking (BBA) ဘွဲ့သင်တန်းသို့ ဆက်လက်တက်ရောက်နိုင်ပါမည်။ BBA ဘွဲ့ရရှိရန် သင်တန်းကာလ စုစုပေါင်း (၃)နှစ် (၆)လ ကြာမြင့်ပါမည်။

၃။ Business Management သည် စီးပွားရေးစီမံခန့်ခွဲမှု၏ အခြေခံဘာသာရပ်များဖြစ်သည့် စီမံခန့်ခွဲမှု၊ ပြောဆိုဆက်သွယ်မှု၊ လူ့စွမ်းအားအရင်းအမြစ်ခန့်ခွဲမှု၊ ဈေးကွက်ထိုးဖောက်ခြင်း၊ စာရင်းကိုင်ပညာနှင့် IT ပညာတို့ကို သင်ကြားရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက မန်နေဂျာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စီမံခန့်ခွဲမှုဆိုင်ရာ အရာရှိများအဖြစ် အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ပါသည်။

၄။ Financial Services သည် စီးပွားရေးအဖွဲ့အစည်းများနှင့်ဘဏ်များ၏အခြေခံသဘောတရားများ၊ဘဏ်များနှင့်ငွေကြေးအရင်းအနှီးဈေးကွက်တည်ဆောက်ပုံတို့ကို သင်ကြားရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါကဘဏ်များနှင့် ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ၏မန်နေဂျာ၊ ငွေကြေးဆိုင်ရာ စီမံရေးဆွဲရေးအရာရှိများနှင့်စတော့ဈေးကွက်တည်ဆောက်သူအရာရှိများ၊ စတော့ရောင်းဝယ်သူအရာရှိများအဖြစ် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ပါသည်။

၅။ သင်တန်းကာလ(၆)လဖြစ်ပြီး၊ ၂၀၁၃ ခုနှစ် မေလ ၁၈ ရက်နေ့တွင် စတင်ဖွင့်လှစ်ပါမည်။

၆။ ပညာအရည်အချင်းအထောက်အထား (မူရင်းနှင့် မိတ္တူ)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်းနှင့် မိတ္တူ)၊ လိုင်စင်ဓာတ်ပုံ (၃)ပုံတင်ပြရမည်။

(လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။)

အသေးစိတ်သိရှိလိုပါက- အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊(STI Education)
ကုန်သည်လမ်း (၅၃-၅၄ လမ်းကြား)၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးအနီး၊ ဗိုလ်တထောင်
ဖုန်း - ၀၉၄၂၀၁၈၃၁၅၅၊ ၃၇၇၉၈၈၊ ၀၉၄၂၀၁၃၁၇၃၀၊ ၅၀၇၀၄၈၊ ၀၉၄၂၀၂၅၄၈၇၂

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်တည်နေရာ အမှတ် ၆၄၂/(က)၊ မေယုလမ်း၊ ဒဂုံမြို့သစ်(အရှေ့)မြို့နယ်၊ ဧရိယာပေ (၂၀ × ၆၀)ပေ အကျယ်ရှိ ဦးလှမြင့် ၁၂/သကတ(နိုင်)၀၀၇၉၂၀ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အား တရားဝင်ရောင်းချခွင့်ရှိသူ ဦးသက်နိုင်ထွန်း၇/ပခန(နိုင်)၃၄၈၄၅၂ထံမှ ကျွန်ုပ် ဦးညွန့်ဇော် (၇/မလန(နိုင်)၀၀၀၆၄၂)က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို မြေကွက်ပိုင်ဆိုင်သည့် အထောက်အထား မူရင်းများယူဆောင်၍ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးညွန့်ဇော် (၇/မလန(နိုင်)၀၀၀၆၄၂)
ဖုန်း - ၀၉ ၄၉၂၂၈၇၁၈

ကန့်ကွက်နိုင်ပါကြောင်း

